သမားလက်စွဲ

စဝါ

# ဆေးအဘိဓါန်

## အဖွင့်ကျမ်း

မူပိုင်ရှင်–မောင်ချစ်တင်

ဟံသာဝတီ ပိဋကတ်ပုံနှိပ်တိုက်
၁၁၃၊ ၂၄–လမ်း၊ ရန်ကုန်မြို့

# နိဒါန်း

သာယာဝတီ ခရိုင် ဒုတ်ဖိုမြို့ ဒက္ခိဏာဒေသာ တောင်မျက်နှာ၏ တမိုင်ခွဲအကွာ မကျည်းပင်ရွာ သိရိမဟာ မင်္ဂလာ ကျောင်းတိုက်၌ ယခုထိလေးလီ အညီ ရှင်ပြီး သိတင်းသုံးလျက်ရှိသော (ကျေးဇူးရှင် ဆရာတော် ဦးပညာ) ၏ တပည့် ဖြစ်သော **ခရှင်သုဘာစရသည်** ပညာလိုက်စား အမျိုးကောင်းသားသမီး ဖြစ်ကုန်သော ရဟန်း ရှင် လူတို့အား ရသာဓာတ်၏ အကျိုးသွား ဖြစ်ဂုဏ်ကို အလွယ် တကူ ကြည့်ရှုနိုင်စေခြင်း အကျိုးငှါ သမားလက်စွဲခေါ် **ဆေးအဘိဓာန် အဖွင့်ကျမ်းကို** ရေးသားစီရင် လိုက်ပေကြောင်း။

ဤကဲ့သို့ ရေးသားစီရင်ခြင်း၏ အကြောင်းရင်းမှု ငါး,သား, ပုဇွန် စသည် ဆားနှင့်တကွ အသီး, အပွင့်, အရွက်, အမြစ်, အခေါက်, အမျိုးမျိုး ရသာဓာတ်တို့၏ အကျိုးသွား ဂုဏ်ဖြစ်တို့သည် ရဟန်း ရှင် လူ အပေါင်းတို့အား ကျန်းမာ ချမ်းသာ အသက်ရှည်ခြင်း အကြောင်း ဖြစ်သော အာယုဝေဒဟု ဆိုအပ်သော ဆေးအမျိုး မည်၏။ ထိုကျန်းမာ ချမ်းသာ၍ အသက်ရှည်ရခြင်း၏ အဖြစ်သည် ရသာဓာတ်ဆေးကြောင့်ဟု သိရာ၏။ ထိုအာယုဝေဒကို လောက၌ သတ္တဝါတို့ မဖြစ်မီ သဟမ္ပတိ ဗြဟ္မာသည် မိမိ ဉာဏ်ဖြင့် ဂါထာတသိန်း အပိုင်းတထောင်တို့ဖြင့် တန်ဆာဆင်အပ်သည် ဖြစ်၍ ဟောကြားအပ်၏။ ထို့နောက် သတ္တဝါ၏ အသက်တိုခြင်း, ဉာဏ် ပညာ နည်းခြင်း, တိုက်မြင်၍ များသော အားဖြင့် အင်္ဂါ ရှစ်ပါးတို့ကို ဝေဘန်အပ်၏။ ထိုအင်္ဂါရှစ်ပါးဟူသည်ကား ၁-သလ္လအင်္ဂါ, ၂-သာလကျအင်္ဂါ, ၃-ကာယတိကိစ္ဆာအင်္ဂါ, ၄-ဘူတဝိဇ္ဇာ, ၅-ကောမာရဘစ္စ အင်္ဂါ, ၆-အဂဒတန္တ အင်္ဂါ, ၇-ရသာယန အင်္ဂါ,

# နိဒါန်း

၈-ဝါဇိကရဏအတွက် အင်္ဂါ ရှစ်ပါးတည်း။ ထိုအာယုဗေဒ ကို ရှေ့ဦးစွာ သဟမ္ပတိ ဗြဟ္မာ ကြီးသည် ဒက္ခပဇာပတိ နတ်မင်းကို သင်ပေး၏။ ဒက္ခ ပဇာပတိ နတ် မင်း သည် နေမင်းသား ဖြစ်သော အသွိန် နတ် မင်း ကိုရင်း အသွိန နတ် မင်းသည် သိကြားမင်း ကိုရင်း အစဉ် အတိုင်း သင် ပေးကုန်၏၊ ထို့နောက် အသိဉာဏ် ခြောက်ပါးနှင့် ပြည့်စုံကုန် သော ရှင်အတြေယ ရသေ့, ရှင်ဘာရဒွါဇရသေ့, ရှင်ခါရ ရသေ့, ရှင်ဓနွန္တရီ ရသေ့တို့သည် အထူးထူးသော ရောဂါ တည်းဟူသော ထိုင်းတံပိုးရှိသော သံသရာတည်း ဟူသော မဟာသမုဒ္ဒရာ၌ နစ်မွန်း နှိပ်စက်အပ်ကုန်သော ဒုက္ခိတသတ္တဝါ တို့ကို သနားသဖြင့် နတ်ပြည်သို့ သက်၍ သိကြား မင်းထံမှ အင်္ဂါ ရှစ်ပါးနှင့် ပြည့်စုံသော အာယုဗေဒကို သင်လာ၍ ရှင်အဂ္ဂိဝေါရ ရသေ့, ရှင်ဘေလရသေ့, ရှင်စတုကဏ္ဏရသေ့, ရှင်ပရသရရသေ့, ရှင်ခိရပါဏိရသေ့, ရှင်ဟာရိတ ရသေ့, ရှင်ဝေဿာမိတ္တ ရသေ့, ရှင်သုသုတရသေ့တို့ကို သင်ပေးကုန် ၏။ ထိုအင်္ဂါ ရှစ်ပါးနှင့် ပြည့်စုံသော အာယုဗေဒ မည်သော အသက် ရှည်ခြင်းကို လိုလား တောင့်တ ကုန်သော သူတို့သည် စားအပ်သည်၏ အဖြစ်ကြောင့် ရသာယန မည်၏။ ထိုရသာယန သည် အားကြီးသော လေ, သလိပ်,သည်းခြေတို့ကို နှုတ်နိုင်, ပယ်နိုင်, ကောက်ပုံနိုင်ပေ၏။ ထိုအကြောင်းရင်း မူလဖြစ်သော ဆေး, အစား ရသဓာတ်တို့၏ ဂုဏ်,ဒြဗ် အကျိုးသွား တို့ကို ရဟန်း, ရှင်, လူ, အပေါင်းတို့သည် သိသင့် သိထိုက်ပေကြောင်း။ ထို့ကြောင့် ဤ**ဆေးအဘိဓာန် အဖွင့်ကျမ်း**ကို မကျဉ်း မကျယ် ပေါ် ပြရေးသား လိုက်ရပေသတည်း။

---

# မာတိကာ


| အက္ခရာစဉ် | အကြောင်းအရာ | | | စာမျက်နှာနံပါတ် |
|---|---|---|---|---|
| က | အက္ခရာစဉ် ဆေးမျိုးများ | .... | .... | ၁ |
| ခ | .... | .... | .... | ၁၇ |
| ဂ | .... | .... | .... | ၂၃ |
| င | .... | .... | ... | ၂၅ |
| စ | .... | .... | .... | ၃၁ |
| ဆ | .... | .... | .... | ၃၅ |
| ဇ | .... | .... | .... | ၄၀ |
| ည | .... | .... | .... | ၄၂ |
| တ | .... | .... | .... | ၄၂ |
| ထ | .... | .... | .... | ၄၅ |
| ဒ | .... | .... | .... | ၄၇ |
| ဓ | .... | .... | .... | ၄၉ |
| န | .... | .... | .... | ၄၉ |
| ပ | .... | .... | .... | ၅၂ |
| ဖ | .... | .... | .... | ၅၉ |
| ဗ | .... | .... | .... | ၆၀ |
| ဘ | .... | .... | .... | ၆၁ |
| မ | .... | .... | .... | ။ |
| ယ | .... | .... | .... | ၆၈ |
| ရ | ... | .... | .... | ၆၉ |
| လ | .... | .... | .... | ၇၅ |
| ဝ | .... | .... | .... | ၇၈ |
| သ | .... | .... | .... | ၇၉ |

# မာတိကာ


| အက္ခရာစဉ် | အကြောင်းအရာ | စာမျက်နှာနံပါတ် |
| --- | --- | --- |
| ဟ | အက္ခရာစဉ်ဆေးမြိုးများ .... .... | ၇၄ |
| အ | .... .... .... | ။ |
| ဣ | .... ... .... | ၇၉ |
| ဥ | .... .... .... | ။ |
| ဦ | .... .... .... | ၈၁ |
| ဩ | .... .... .... | ။ |

## နောက်ဆက်တွဲ

| | |
| --- | --- |
| ပထဝီဓာတ်ကြိုက် သွေးတက်အစာ .... | ၈၁ |
| အာပေါ ဓာတ်ကြိုက်အစာ .... .... | ၈၂ |
| ဝါယော ဓာတ်ကြိုက်အစာ .... .... | ၈၃ |
| တေဇော ဓာတ်ကြိုက်အစာ .... .... | ။ |
| အာပေါ သည်းခြေကြိုက်အစာ .... .... | ။ |
| အပုပ်အာဟာရ ဓာတ်ကြိုက်အစာ .... | ၈၄ |
| အာကာသ ဓာတ်ကြိုက်အစာ .... .... | ။ |
| ဓာတ်မီးလွန်အစာ .... .... | ။ |
| ဓာတ်လွန်လက္ခဏာနှင့် ဖြေရန်အစာ .... | ၈၅ |
| ဓာတ်ပုပ် လက္ခဏာနှင့် ပေးရန်ဓာတ်စာများ | ၈၆ |



သမားလက်စွဲ

ခေါ်

# ဆေးအဘိဓာန်အဖွင့်ကျမ်း

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

(က)

ကကြသဖျော။ သလိပ်လေတို့နှင့် သင့်၏။ သွားသော ဝမ်းကို ရပ်စေ၏။ ကုပ်ဟီးနာ၊ ချောင်းဆိုးနာ၊ ကြို့ထိုးနာ၊ အဖျားနာကို နိုင်၏။

ကုလားဆောင်းမေဂါ။ သွေး သည်းခြေနာ၊ အဖျားနာ အော့နာ၊ ဝမ်းကျနာ တို့ကိုရင်း၊ နှလုံးကိုရင်း၊ ငြိမ်းစေတတ်၏၊ အသံကောင်းစေ၏။

ကွက္ကုရော။ အပူအချမ်းကို ပယ်၏။

ကပိဗို။ သည်း ခြေကို နိုင်၏၊ ခံတွင်းနာ၊ ချောင်းဆိုး ကုပ်ဟီးနာ၊ အဖျားကို နိုင်၏။

ကပ်မ။ သည်းခြေကို ငြိမ်စေ၏။

**ကာလောသီး။** လေသလိပ် သွေးကိုဎင်း၊ နူနာကိုဎင်း နိုင်၏။ ဝမ်းမကြီး၍ စမြင်းခံသော အနာ၊ အရူပူကြောင့်ဖြစ်သော ကြိုလှိုသော အနာ၊ အထက်သို့ ရိုက်တက်၍ အော့အံနာကို နိုင်၏။

**ကာလဝေးရွက်။** လေ သလိပ် သွေးတို့ကိုဎင်း၊ ချောင်းဆိုးကုပ်ဟိုးနာကိုဎင်း၊ ဝမ်းကျကိုဎင်း နိုင်၏။

**ကာရမက်။** အပူကိုဎင်း၊ သလိပ်ကိုဎင်း၊ ဝမ်းကျကိုဎင်း၊ နိုင်၏။ လေနာကိုလည်း နိုင်၏။

**ကာတိုး။** သွေးပုပ်ဎင်း၊ သွေးသည်ခြေ၊ လေအပုပ်မှစ၍ အေးသော် ပူသော်ဎင်း၊ အမွှာဝါတလေနှင့် တကွအဓိဂမာန အနာ၊ အိပ်မပျော်သောအနာ၊ အလွန်ပူသောအနာ၊ သွေးသည်းခြေပျက်၍ ဟစ်အော်မြည်တမ်း၊ ကယောင်ကယမ်း ပြုသော အနာ၊ အဘိညာဉ် သန္နိပါတ်အနာ၊ သူငယ်နာ တို့ကိုနိုင်၏။ ချွေးထွက်ထန်သည်ကိုဎင်း၊ အနံ့မကောင်းသည်ကိုဎင်း၊ သွေးသည်းခြေ သလိပ်ကိုဎင်း၊ နှလုံးသွေး ပျက်သည်ကိုဎင်း၊ မိန်းမောသည်ကိုဎင်း၊ ရူက ပျောက်စေ၏။

**ကြံသွေး။** နှလုံးသွေးပျက်သည်ကိုဎင်း, နှလုံး တုန်လှုပ်နာ, အိပ်၍ မပျော်သည်ကိုဎင်း နိုင်၏။ ဆေးများနှင့်သောက်ရ၏။ သည်းခြေပျက်၍ ထိတ်လန့်ရူးသွပ်သော အနာ, စိတ္တဇရုပ် အနာ, ခံတွင်းသွေးထွက်နာ, အော့အံနာ, အလွန်ပူသော အနာ, အဘိညာဉ် သန္နိပါတ်နာတို့ကို နိုင်၏။

**ကန့်ချုပ်နီ။** ပူလည်းပူစေတတ်၏။ သွေး၏ကြောခြင်း အစာ၏ကြောခြင်းကိုပြု၍ လေသလိပ်ကို နိုင်၏။ ဝမ်းမီးတောက်ခြင်းကို ပြု၏။

ကန့်ချုပ်ဖြူ။ လေကို ကြေစေ၏။ သွေးကိုငြိမ်းစေ၏။ ဓာတ်မီးတောက်ခြင်း၊ အစာကြေခြင်း၊ အသက်ရှည်ခြင်း၊ ပညာပွါးခြင်း၊ မြေဘုတ်ပြိတ္တာကို နိုင်ခြင်း၊ အဆင်း၏ ပြည့်စုံခြင်း၊ အားကို ဖြစ်စေခြင်း များကို ပြုရာ၏။

ကြောင်လျှာမြစ်။ ဝမ်း၏ ရပ်ခြင်းကိုဎင်း၊ ဝမ်းမီးတောက်ခြင်းကိုဎင်း၊ ဖြစ်စေ၏။ ဝမ်းကို ပျော့စေ၏။

ကန့်။ တပိုင်းပူ တပိုင်းအေး ရှိသောအနာ၊ ဝမ်းလားသောအနာ၊ အော့အံသော အနာ၊ သွေးပုပ်-လေပုပ်အနာ၊ တက်၍ မြည်းခွေးသောအနာတို့ကို နိုင်၏။

ကန့်ဝိုက်။ မျက်စိနာကိုနိုင်၏။

ကျောက်ချဉ်။ အစာကြေခြင်း၊ အလုံးစုံသော ဆေးတို့ ရောမှု သည်းခြေနည်းခြင်းကို ဖြစ်စေ၏။ သွေး သည်းခြေ သလိပ်တို့သည် အလွန် ပူသော်ဎင်း၊ အရှသိမ် အရှမဲ့ ရှိသော ပြည်နာကိုဎင်း၊ သလိပ်ခြောက်သော်ဎင်း၊ အစာမကြေသော်ဎင်း၊ ဒေါသ သုံးပါးကြောင့် ဖြစ်သော သလိပ်ကိုဎင်း၊ ရင်၌ဖြစ်သော ပြည်နာကိုဎင်း၊ ကုပ်ဟီး ချောင်းဆိုးနာကိုဎင်း၊ ကိုယ်လက် ကိုက်ခဲသော အနာကိုဎင်း၊ အသွေးအသား ခြောက်ကပ်သော အနာကိုဎင်း၊ ငန်းနာကိုဎင်း၊ နူနာကိုဎင်း၊ မျက်စေ့နာကိုဎင်း၊ ခဲခက်သော အနာ မြင်းသရိုက်နာတို့ကို နိုင်၏။

ကြို့သီးစိမ်း။ ချဉ်၏၊ သည်းခြေနှင့် လေကို ပျက်စေတတ်၏၊ ကြေခဲ ကျက်ခဲ၏၊ ဆီးဝမ်းကို ချုပ်စေတတ်၏။

ကြို့သီးမှည့်။ ချို၏၊ ချဉ်၏၊ သလိပ်နာ-လေနာကို နိုင်၏၊ ဝမ်းမီးတောက်လောင်စေတတ်၏၊ ဝမ်းကို ခိုင်စေတတ်၏၊ နှလုံးကို မြိန်စေတတ်၏။

**ကဲ့သြကောသီး။** သလိပ်ကို စဉ်းငယ်ပွါးစေ၏၊ ချိုသော ရသား၊ ချဉ်သော ရသာ စဉ်းငယ်ရှိ၏၊ လူကို ဝစေတတ်၏၊ လေသည်းခြေနာကို ပယ်ခြင်း၊ သိမ်မွေ့ခြင်း၊ ကြေခဲခြင်း၊ ခံတွင်းကို ကြည်လင် စေခြင်းကို ပြုတတ်၏။

**ကမ္ဗလာသီး။** ချို၏၊ သိမ်မွေ့၏၊ အဆင်းကို ကြည်လင်စေတတ်၏၊ အားကို ပွါးစေ၏၊ ဝမ်းမီးကို တောက်စေ၏၊ ခရုရှပ်နာ သုက်ခန်းခြောက်သော အနာကို နိုင်စေ၏၊

**ကနစိုးသီး။** ချဉ်သောရသာ ဖန်သော ရသာရှိ၏၊ စဉ်းငယ်ချဉ်၏၊ ကြေလွယ် ကျက်လွယ်၏၊ ဝမ်းကိုသက်စေ၏။ လေသလိပ်ကို ပျက်စေတတ်၏၊ သည်းခြေနာကို နိုင်၏။

**ကြိမ်သီး။** လေနာကို ပယ်တတ်၏၊ ချဉ်သော ရသာရှိသည် ဖြစ်၍ သည်းခြေကို ပျက်စေတတ်၏၊ အားဗလကိုလည်း ကုန်ခန်းစေတတ်၏။

**ကြက်တက်သီးမှည့်။** ကြေခဲ ကြက်ခဲ၏၊ သလိပ်နာ သည်းခြေနာကို နိုင်၏။

**ကြက်တက်သီးစိမ်း။** သည်းခြေနာကိုနိုင်၏၊ ချို၏၊ ဆိမ့်၏၊ စဉ်းငယ်ဖန်၏၊ သတ္တုဂုဏ်နှင့် ပြည့်စုံ၏။

**ကုက္ကိုသီး။** သည်ခြေနာကိုနိုင်၏၊ ချို၏၊ ဆိမ့်၏၊ စဉ်းငယ်ဖန်၏၊ သတ္တုဂုဏ်နှင့် ပြည့်စုံ၏။

## ကြရသီး၇–မျိုး အကျိုးသွားဂုဏ်ကို ပြခြင်း

**ဒိဝဋ္ဌိမည်သောကြရသီး။** အဆင်း အားဖြင့် ဖွှေအဆင်းနှင့်တူ၏။ အဆီအစေးကို ထုတ်၍ သော်ဗင်း, ဆိန်နှင့် ချက်သော်ဗင်း, စီရင် သုံးဆောင်သည် ရှိသော် အနာ ရောဂါ ခပ်သိမ်းကိုပျောက်ပယ်စေတတ်၏၊

**ယာပဟိဏီမည်သော ကြံ့ရုသီး။** အဆင်း အားဖြင့် ကြောင်၏၊ လုံးလုံးလျောင်းလျောင်း သဏ္ဍာန်ရှိ၏၊ ခပ်သိမ်းသော အမှုမျိုးတို့၌ ပြီးစီးစေတတ်၏၊ ပေါက်သော အမာနာခပ်သိမ်းကို ပျောက်စေတတ်၏။

**ဒ်ဓယမည်သော ကြံ့ရုသီး။** အဆင်းအားဖြင့် ဘူးသီးကဲ့သို့ လုံးသောသဏ္ဍာန်ရှိ၏၊ ခပ်သိမ်းသောအမှုမျိုးတို့၌၎င်း, ပေါက်သော အမာနာ ထိခိုက်ရှနသော ဒဏ်ရာတို့ကို၎င်း, ပျောက်စေတတ်၏။

(မှတ်ချက်) ထိုကြံ့ရုသီးသည် ပိဋ္ဌမည်သောတောင်၌သာ ရှိသည်။

**အဘယမည်သော ကြံ့ရုသီး။** စဉ့်ါနဂိုရ်ပြည်မှဖြစ်၏၊ အမြောင့်ငါးမြောင့်ရှိ၏။ မျက်စိနာကို လွန်စွာပျောက်ပယ်စေတတ်၏။ ဆိန့်ချက်၍ စိမ်းသောအရာ၌ လွန်စွာသင့်မြတ်လှ၏။

**အမရိတာမည်သော ကြံ့ရုသီး။** ထူးမြတ်သော အရသာ နှင့်တကွ ပြည့်စုံ၏၊ ဝမ်းကို လျှောသက်စေခြင်း၌ သိမ်မွေ့သော သတ္တိတန်ခိုးရှိ၏။

**ပုတနာမည်သော ကြံ့ရုသီး။** အသားပါး၍ အစေ့ကြီး၏၊ ကိုယ်ကို လိမ်းခြင်းတို့၌ လွန်သော တန်ခိုးရှိ၏။

(မှတ်ချက်) သိန္ဓုမည်သောနိုင်ငံ၌ ဖြစ်၏။ ရှိ၏။

**ကာသုမည်သော ကြံ့ရုသီး။**

(တနည်း) **စေဘကီ မည်သော ကြံ့ရုသီး။** အမြောင့် အားဖြင့် သုံးမြောင့်ရှိသည်ဖြစ်၍ ဂန္ဓာရုံ၌၎င်း, ထုံမွှမ်းသော အရာ၌၎င်း, လွန်စွာ သင့်မြတ်လှ၏။

(မှတ်ချက်) ထိုကြံ့ရုသီးသည် ဟိမဝန္တာတောင်၌သာ ရှိ၏။

ပရမေသွာရ * နတ်မင်းဘုံသော သုံးဆောင်ထိုက်ကုန်သော ပကာတိစိမ်းစိုသော အရောင်အဆင်းရှိကုန်သော သတ္တိရှိ၏။ ခပ်သိမ်းသော အနာရောဂါတို့ကို ပယ်စွမ်းနိုင်သော သတ္တိရှိကုန်သည်ဖြစ်၍ ‘ဟရိတကီ’ ဟူသော အမည်ဖြစ်၏။ (ဟရိတကီ ကြံ့ရုပေါ)။ ။

ဤကြဇသီးခုနစ်မျိုးတို့သည်။ ချို-ချဉ်-ခါး-ဖန်-စပ်သော ရသာငါးပါး ရှိ၏၊ အသက်ကို ရှည်စေတတ်၏။ မျက်စိနာနှင့်သင့်၏၊ အသံကို ကောင်းစေတတ်၏။ လိင်နာ- ယားနာ-နူနာ ပေါက်သော အမာနာတို့ကိုလည်းနိုင်၏။ ဝမ်းမီးကိုလည်း တောက်စေတတ်၏။ ဒေါသသုံးပါးကိုလည်းနိုင်၏။ အဆီအစေးမရှိ ဉာဏ်ပညာကို ပွါးစေတတ်၏။ သီးဝမ်းကိုသက်စေတတ်၏၊ ကုပ်ပိုးနာ-ဖျားနာ၊ ပိုးနာ၊ ဖျဉ်းနာ၊ အောင့်အံနာ၊ သုက်ကုန်သောအနာ၊ မုတ္တကိတ်နာ၊ မုတ္တကတ်နာတို့ကို နိုင်၏။ ဤကာဌ စဉ်းငယ်ငန်သောအရသာရှိ၏ဟုဆို၏။ ထိုကြဇသီးသည် 'ဥပမာ'-သားကို မိခင်က ကျွေးမွေးပေးသကဲ့သို့ လူတို့အား လွန်စွာ ကျွေးမွေးပေးကုန်၏၊ မိခင်သော်မှလည်း တရံ တခါ သားတို့အား အမျက်ဒေါသဖြစ်၍ ပန္နာ တစုံတခု ပြုမိသေး၏။ ထိုကြဇသီးက လူတို့အား အခါခပ်သိမ်း ရောဂါအန္တရာယ်ငြိတွယ်မှု မရှိ၊ ပကတိကောင်းသော အကျိုးကိုသာလျှင် ပြုစုထောက်ပံ့တတ်သော အကျိုးဂုဏ်သတ္တိရှိ၏။

**ကျောက်စက်။** အလွန်ပူသောအနာ နှုလုံး အသည်း အဆုပ် သရက်ရွက် သွေ့ချောက်သောအနာ၊ ကိုက်ခဲသောနာ၊ အကြောကိုရှောက်သော အနာ၊ မြင်းသရိုက်အနာ၊ အသားအရေ ကိုယ်လက် ခြောက်ကပ်ကြုံလှီသွေ့ခြောက်သော အနာတို့ကို နိုင်၏။

**ကျောက်ခက်။** ရိုးတွင်း ခြင်ဆီ-အကြော တို့၌ စွဲသော အနာ၊ အဆုပ် နှုလုံး သရက်ရွက်တို့၌ စွဲသောအနာ၊ မုတ္တကိတ်နာ၊ နူနာတို့ကို နိုင်၏။

**ကျောက် မွှင့်။** အသားစပ်ကြား- အရိုး စပ်ကြားတွင် စွဲသော အနာ၊ အကြောနှင့် အသားစပ်ကြားတွင် စွဲသော အနာ၊ ခြေကတက်၍ အရိုးကြား- အသားကြား- အကြောကြားကို တက်၍သွားသောအနာ၊ တကိုယ်လုံး ထုံကျင်-ကိုက်ခဲသောအနာ၊ အလွန်ပူသော အနာ၊ မုတ္တကိတ်ဒုလာ (ရိနာလည်းခေါ်၏) နူနာ၊ ခပ်သိမ်းသော အဆိပ်နာ အမျိုးမျိုးတို့ကို နိုင်၏။

**ကျောက်မှို။** ခေတ်လေးပါး ပျက်သော အနာ၊ အရိုး ကိုက်ခဲသော အနာ၊ အပုပ်သုံးပါး ကိုဂုဏ်း၊ မျှင်နှင့်ထုံကျင်

သောအနာ, တော-ပူထုံ ရှိသော အနာ, အသား အသွေး ခြောက်သော အနာ, တကိုယ်လုံး အနှံ့တည်သော ပြည်နာ, မုတ္တကိတ်ရူလာသရော ရိနာတို့ကိုင်း, အရိုးကစွဲ၍ဖြစ်သော အနာ, နူနာတို့ကိုနိုင်၏၊ အမြစ်ရှိသော အနာတို့ကိုစားစေ၏။

**ကျောက်မရုံသီးမှည့်။** စိတ်နှလုံးကို နှစ်သက်စေ၏။ နှလုံးကို ငြိမ်စေ၏။ အသားလည်း ပွါးများ စေတတ်၏။ သတိ နှလုံးပူကိုလည်း ဖြေစေတတ်၏၊ ရှူးသွပ်သော အနာ လေသလိပ်-သည်းခြေနာကို နိုင်၏။ ချူ၏။ ဖျော်၏။ ကြေလွယ်၏၊ ဆီးငမ်း ရှင်စေ တတ်၏။ သွေးနှင့်သင့်၏။အားကိုဖြစ်စေ၏။ ။အပေါ်ခွံသည် အစာမကြေ လေနှင့် တကွသော ပိုးနာကိုနိုင်၏၊

**ကျောက်မရုံသီးစိမ်း။** ဖျော်၏၊သည်းခြေကို ငြိမ်ဝပ် စေတတ်၏။

**ကြံပ်ခိုး။** အလွန်ပူသောအနာကိုင်း, သွေးကြိတ်-လေကြိတ်ကိုင်း, သည်းခြေ-သလိပ် မညီမျှသောအနာ,ထိုးကျင်- လိုက်လှဲ တတ်သော အနာ, နှလုံး-အသည်း သရက်ရွက် ကြီးသော အနာ၊ ခပ်သိမ်းသော မီးယပ်သွေးမျိုးအနာ, ပူ-ချမ်း နှစ်ပါးရောသော အနာ,ရေငတ်သောအနာ, မချမ်းသာသောအနာ အဘိညာဏ် သန္နိပါတ်တို့ကိုနိုင်၏။

**ကြံခပဒုမ္မာပွင့်။** သွေး-သည်းခြေနှင့် ယှဉ်၍ ရှူးသွပ် ထိပ်လန့်သောအနာ၊ရင်- လည်ချောင်းအလွန်ပူ၍ ဆို့-မြှိချောင်းဆိုးသော အနာ၊ တေဇော အကြောင်းကြောင့်-လက်ပစ်-ခြေပစ်ရှိခြင်း၊ပိုက်မြည်းမူးဝေသောအနာ, ရေငတ်သော အနာတို့ကိုနိုင်၏။

**ကြံခဖြူဝန္နံ။** ဝမ်းလားသောအနာ, အထက်သို့ဆန်တက်၍ရင်၌ပျို့သောအနာ, သွေး-သည်းခြေ မညီသောအနာ ပူ၍ ကိုယ်လက်ကြိုလို့ သွေ့ခြောက်သော အနာ,

လျှက်တိုက်သောအနာ၊ သည်းခြေ, လေသလိပ် အစရှိသော အဖျားတို့ကိုနိုင်၏။

**ကြာနီဝန္တံ။** အလွန်ကြွံလုံး မွှေလျော့သောအနာ၊ အိပ်မပျော် ခြင်း၊သွေး-သည်းခြေမညီခြင်း၊ အဘိညာဉ်သွေး ပေါက်၍ ဖြစ်သော သန္နိပါတ်နာ၊ နှေ-ညဉ့်မပြတ် ချုပ်ချုပ်-ချွေးချွေးပူသော အနာတို့ကိုနိုင်၏။

**ကြာညိုဝန္တံ။** သလိပ်အားကြီးသော အနာ, ဝမ်းလားသောအနာ,လေတိုက်ခိုက်၍ နှလုံးဆို့တောင့်သောအနာ, လက်ပစ် ခြေပစ်ရှိသောအနာ, ခပ်ညှိမ်းသောအ အဖျားမျိုးတို့ကို နိုင်၏။

**ကြာပုဏ္ဍရိက်ပွင့်ဝန္တံ။** အပူပြင်းစွာ ဖျားသောအနာ,အိပ်တိုင်း နေတိုင်း မချမ်းသောအနာ, မိတ်မာန်ပြန့်လွင့်၍ ဖြစ်သောအနာ, နှလုံးအသည်း အလွန်ပူသော အနာ, မူးဝေသောအနာ,သွေးအံသော အနာတို့ကို နိုင်၏။

**ကြာတံဆိပ်ပွင့်ဝန္တံ။** လိုက်တက်သောအနာ, အလွန်ပူသော အနာ, သွေးအံသောအနာ, သည်းခြေကိုလေလှုပ် တိုက်သောအနာ,အာပေါ်ခတ်တွေ့ခြောက်သော အနာ, ညှိုးငယ်သောအနာ, သလိပ်သွေးဝင်သော အနာတို့ကိုနိုင်၏။

(မှတ်ချက်) ထိုကြာတို့တွင်ကြာဒုမ္မာကိုပယ်၍၊ ကျန်ငါးပါးကိုကြာမျိုးငါးပ ဟု ရှေးဆရာတို့စီရင်ကြကုန်၏ သို့ရာတွင် ကုန်း၌ပေါက်သော ပန်းပင်ဘမျိုးသ နေဘက်သို့လှည့်ပွင့်သဖြင့် ၎င်းပန်းကို နေကြာဟုဆို၏၊

**နေကြာပန်းဝန္တံ။** အလွန်ဒဏ်၍ ဖျားသောအနာ, အလွန်ပူ၍ဖျာ သောအနာ,တချွေးချွေးပူ၍ ဖျားသောအနာ, ဝ ကြောတင်းခြင်း၊ ရင်ပြည့်ခြင်း၊ လက်ပစ်ခြေပ ရှိသောအနာ, သည်းခြေသို့ လေဝင်သောအန သလိပ် စုဝေး ထွေးရော သော အန

ချောင်းဆိုး ကြို့ထိုးသောအနာ, ရှိက်သန်းမှုးဝေ
ပင်ပန်းသော အနာတို့ကိုနိုင်၏။

**ကျီးအာသီး။** ချိုသောအရသာရှိ၏၊ ဖျော၏၊ ဝမ်းကိုရောင်စေ၏။ သွေးသည်းခြေကိုနိုင်၏၊ နှုတ်ကို မြိန်စေတတ်၏၊ လူကို ဝပြိုးစေတတ်၏။

**ကျီးအာရွက်။** အော့အံနာ, နူနာ, ဆမာနာ, သလိပ်နာ, သည်းခြေနာကိုနိုင်၏။

**ကြေးရွက်။** အပူကိုနိုင်၏၊ ဝမ်းရပ်ခြင်းကို ပြု၏။

**ကြေးသီး။** သွေးနှင့်သင့်၏၊ အဆိပ်ကိုနိုင်၏၊အတွင်းပူသော အနာ, ရင်၌ ချွဲသလိပ်ပြည့်သော အနာ, လေဖျား သလိပ်ဖျား, သည်းခြေဖျားနာ, အစာအဆိပ် ဖြစ်သော အနာ, ဆေး၌ဖြစ်သော အဆိပ်နာ, အလုံးစုံတို့ကို ငြိမ်းစေ၏။

**ကြေးပွင့်။** ဖျောသောသည်းခြေကိုရင်း၊ ပူသော သည်းခြေကို ရင်း၊ ဆားလောင်သော သည်းခြေကိုရင်း၊ မဖွံ့ဖိုး တတ်သော သည်းခြေစသော သည်းခြေနာများ ကို ငြိမ်းစေ၏။

**ကြောင်လျှာသီး။** ချို၏၊ ဖန်၏၊ ခါး၏၊ နှုတ်ကို မြိန်စေတတ်၏။ ကြေလွယ် ကျက်လွယ်၏။ လေကို ပျက်စေတတ် ၏။ နူနာ, ပိုးနာ, နားအူနာ, ဝမ်းမီးနုံ့သော အနာ နှင့်သင့်၏။

**ကရဝေးသီး။** သွေးသည်းခြေ၊ လေသလိပ်တို့ အဓိက ဖြစ်သော တေဇောဓာတ် လေးပါးတို့ကြောင့် ဖြစ်သော အနာ, ထိုးကျင် လှိုက် လှဲသော အနာ, တကိုယ်လုံး ကိုက်ခဲသောအနာ, ဝမ်းမီးမဖြောင့် သောအနာ, အသားအရေ သွေ့ခြောက်သော အနာ, ရှေ့တက်ခြင်း ပုရှတက်ခြင်း အစရှိသော အဖျားအမျိုးမျိုး၊ ဝမ်းလားခြင်း၊ ဝမ်းကိုက်ခြင်း

အနာ, မူးဝေသောအနာ, ကိုယ်မချမ်းသာသော အနာ, နာဂဗိသ ငန်းနာ, သန္နိပါတ် ငန်းနာ, ဗရင်ဂျီနာ, စဥ္စုဂုတ္တာခေါ်-နူနာ, ထိုက်တက် အောင့်သော အနာတို့ကို နိုင်၏။

**ကြက်မောက်ခေါင်သီး။** သွေး သည်းခြေကြောင့် ဖြစ်သော အနာ, အားနည်းသောအနာ, အစာမကျေခြင်း ဓာတ်မဖြောင့်ခြင်း၊ အသားပွားခြင်းများကို နိုင်၏။

**ကြောင်ပန်းသီး။** အလွန် ဝမ်းလားသော အနာ, ဝမ်းချုပ်သောအနာ, အစာမကျေသောအနာ, လေသည်းခြေအားကြီးသောအနာ, အတွင်း အလွန်ပူသော အနာများကို နိုင်၏။

**ကြောင်ပန်းရွက်။** အဆိပ်သင့်နာ, နူနာ, ခရုပ်နာ, ပိုးနာ, လေနာ, သလိပ်နာများကို နိုင်၏။ ကြေလွယ် ကျက်လွယ်၏၊ ကိုယ်ဖေါ ကိုယ်ရောင်နာကို နိုင်၏။

**ကြောင်ပန်းပွင့်။** လေသလိပ်နာ, အလွန်ပူ၍ လေအားကြီးသောအနာ, ဇွဲပ်မပျော်သော အနာ, နှလုံးဆို့တောင့်သောအနာ, အလွန် လက်ပစ် ခြေပစ်ရှိသောအနာများကို နိုင်၏။

**ကြံ့သည်းခြေ။** အလွန်ပူ၍ ဖျားသောအနာ, ရူးသွပ်သော အဓိမာနအနာ, သွေး လေ သည်းခြေ အားကြီးသော အနာ, ဓာတ်လေးပါး မညီညွတ်သော အနာ, ကြုံသောအနာ, အစာမကြေသော အနာ, နှလုံးသည်းခြေ မညိမ်သော အနာ, ချိနဲ့သော အနာများကို နိုင်၏။

**ကျားသည်းခြေ။** အလွန် ကြမ်းကြုတ်သော အနာ, အဖြင်းဖင်းသော အနာ, ကိုယ်တခြမ်း မေးရွတ်ခမ်း၊ သေစေတတ်သော အနာ, မြေရှင့် ယှဉ်သော အနာ, နှလုံးနောက်ကြိသော အနာများကို နိုင်၏။

**ကျွဲသည်းခြေ။** ခေတ်လေးပါးပျက်သောအနာ၊ အင်္ဂါချို့တဲ့သော အနာ၊ နားမကြားသော အနာများကို နိုင်၏။

**ကုလားနက်သွေး။** အလွန် ပူသောအနာ၊ သွေးအံသော အနာ၊ နှလုံးဆို့အောင့်သောအနာ၊ အိပ်မပျော်သောအနာ၊ ကရောင်ကရန်းဆို မြည်တမ်းသောအနာ၊ နှလုံး ပူလောင်သော အနာ၊ သွေး သည်းခြေ လေနှင့် ယှဉ်၍ ရူးသောအနာ၊ မဟာသန္နိပါတ်ရောက်သော အနာများကို နိုင်၏။

**ကြောင်နံ့သား။** အလွန်ပူသောအနာ၊ သွေးပျက်သောအနာ၊ နေ၍ မချမ်းသာသော အနာ၊ ဝက်ရူးနာမှ စ၍ ခပ် သိမ်းသော အရူးနာ အမျိုးမျိုး၊ မျက်စိနာ၊ နှလုံး ဆို့အောင့်သောအနာ၊ နာဂဝိသစသောအဘိညာဉ် သန္နိပါတ်နာ၊ ဧတို့-ပူတို့ ရှိသောအနာ၊ တပိုင်းပူ တပိုင်းဧး ရှိသော အနာ၊ တခွေးခွေး အခါကာလ ပတ်လုံး ရောက်သောအနာ၊ သူငယ်နာ များကို နိုင်၏။

**ကန္နကမာ။** အလွန်ပူသော အနာ၊ နှလုံး ဆာလောင်သော အနာ၊ ဝမ်းလားခြင်း အော့အန်ခြင်း စသော အနာ၊ မုတ္တကိတ်ဒုလာသရေနာ၊ အရိုး အသား အဘိညာဉ်-သန္နိပါတ် အကြော အရေတို့၌စွဲသော အနာများကို နိုင်၏။

**ကြွေ။** သွေးလေ တို့သည် တက်တုံ သက်တုံ ပြုသော အနာ မုတ္တကိတ် ဒုလာ သရေနာ၊ ကျင်ချုပ်သော အနာ၊ မီးယပ် တွင်းတွင် ဖြစ်သော အနာ၊ မျက်စေ့နာခြင်း တိမ်စွဲခြင်း စရှိသော အနာ များကိုနိုင်၏။

**ကျားစွယ်။** အဆိပ်ဟဲသို့ အလျင် အမြန် တက်သော အနာ၊ အမ္ဗဝါတလေနှင့် တကွသော အဓိမာနလေနာ၊

ဗျဿဝါတလေနာ, ဝက်ရူးနာ, ကျောက်ဝက်သက်
အဆိပ်နာ များကို နိုင်၏။

**ကျားရိုး။** ခပ်သိမ်းသော အဆိပ် အမျိုးမျိုး, ဖုံ့ကပ်တက်သော အနာ, ဝက်ရူးနာ, ဗျဿ ဝါတ လေနာ, ကျောက် ဝက်သက်နာ, မြေဘီလူးဖမ်းစားသော အနာများကို နိုင်၏။

**ကဲ့မြှချီး။** အတွင်း၌ရှိသောကြပ်နာ, မျက်စိနာ, အတွင်းသက်တန့်နာ, ဒယ်နာ-ငမ်းမလားသောအနာ, ဝမ်းကိုက်သော အနာများကို နိုင်၏။

**ကတူသောက်။** အမ္ဗဝါတလေနာနှင့်-လေနာကိုနိုင်၏၊ သွေးနှင့်သင့်၏။

**ကြက်သွန်မြူ။** သွေးနှင့် သင့်၏၊ လေထုတ်ခြင်းကိုရင်း, ဝမ်းဖြောင့်ခြင်းကိုရင်း, ပိုးသေခြင်းကိုရင်း, ပြုရာ၏၊ အဖျားမျိုး နူနာမျိုးတို့ကို နိုင်၏။ အသံနက်ခြင်း ချွေးထွက်ခြင်း သုက်ပွားခြင်းတို့ကို ပြုတတ်၏။

**ကြက်သွန်နီ။** လေသလိပ်– သည်းခြေ အနာ, ရက္ခ ပိတ်နာ, အဖျားအမျိုးမျိုး နူနာ အမျိုးမျိုး ပရမေဟနာ, ပိုးနာ, လေနာ, သလိပ်နာ, ပွေး, ညှင်း, ဖွတ်စအိုနာ, ချောင်းဆိုးကုပ်ဟီးနာ များကို ပြုတတ်၏။

**ကြွေပုပ်။** အတက်နာ, လေနာ, သွေးကြိတ်နာများကို နိုင်၏။

**ကွမ်းရွက်။** လေသလိပ် ငြိမ်းစေ၏။ မျက်စိမှုန်ခြင်းကို ငြိမ်းစေ၏။ သည်းခြေနာ, သွေးနာ, ပေါက်ပြန်သော အနာ, အထူးထူးသော အနာများကို နိုင်၏။

**ကဲ့သား။** အိပ်ပျော်ခြင်းကို ဖြစ်စေ၏။ စမြင်း ဒေါသကိုကြေစေ၏။

**ကြက်နက်သား။** လေ-သလိပ်ကို ကြေစေ၏။ ပထဝီဓာတ်ကိုခိုင်စေ၏။ အစာကိုလည်း ကြေစေ၏၊ အသံသာခြင်းကိုပြု၏။ ထွက်သော ချွေးကိုနိုင်၏။

**အြကဲဖြူသား။** အစာကြေခြင်း အသားပွားခြင်း၊ သည်းခြေနာကို နိုင်၏။ ဝမ်းကျခြင်းကို ပြုတတ်၏။

**အြကဲသားနီ။** လေ- သလိပ်- သည်းခြေနာ, ခတ်ချောက်သော အနာ, ကြာမြင့်စွာသော အညောင်းနာကို နိုင်၏။ ဝမ်းမီးတောက်ခြင်းကို ပြု၏။ အရိုးကျိုးသော အနာကို ငြိမ်းစေ၏။ မိန်းမများ ဥတုလာသောအခါ၌ အထူးသင့်၏။

**အြကဲတိန်ညင်သား။** သည်းခြေကို နိုင်၏။ ကိုယ်လက် နာကျင်ခြင်းကို ပြုတတ်၏။

**အြခဟင်းဖြူ-နီ။** လေကို ထုတ်တတ်၏။ ချွေးစေး ထွက်သော အနာ, လေပျက်နာ, နူနာ-ပိုးနာကို နိုင်၏။ ဝမ်းကိုဖြောင့်စေတတ်၏။

**ကြခဟင်းညိုမြစ်။** လေ-သည်းခြေနာ, မြင်းသရိုက်နာ, နှလုံးနာသော အနာ, အဆိပ်သင့်သောအနာ, အဖျားနာများကို နိုင်၏။

**ကုက္ကိုမြစ်။** သွေးလေကို ကြွစေ၏။ ခါးဆစ် ကျောက်ရိုးတို့၌ တောင့်တင်းသော အနာ, ဒူနာ တို့ကို နိုင်၏။ အဆိပ်သင့်သောအနာ, ရေယုန်နာ, အရေထကြွသောအနာ, ပွေးညှင်း တင်းတိပ်နာ, ရောင်ရမ်းသော အနာများကို နိုင်၏။

**ကြက်ဟင်းနီဖြူမြစ်။** ပူ၏၊ အရေကျောကို နူးညံ့ စေတတ်၏။ သလိပ်ကို နိုင်၏။ လေကို ပွားစေ တတ်၏။ အနည်းငယ် ဝမ်းကိုလားစေတတ်၏။

**ကုက္ကိုပန်း။** သလိပ်နှင့်အဆိပ်တို့ကို နိုင်၏။

**ကြက်ရုံးပန်း။** ခါးသောရသာရှိသည်ဖြစ်၍၊ သလိပ်ကိုနိုင်၏။

**ကုလားဇလပ်ပန်း။** အနံ့မကောင်း၊ သွေးပျက် သည်းခြေပျက် အဖျားများကို နိုင်၏။ နူနာ ပေါက်သော အနာများကို နိုင်၏။

**ကသစ်မြစ်။** လေနာ, သလိပ်နာ, ချောင်းရမ်းသော အနာ, နူလာ သရေနာ, ပိုးနာများကို နိုင်၏။ လေကို လည်း ကြေစေတတ်၏။ ထုတ်ဖော်တတ်၏။

**ကသစ်ရွက်။** အာပေါ်ကို ကြေစေတတ်၏။

**ကြိတ်မှန်ရွက်။** လေကို ကြေစေတတ်၏။ ပူ၏၊ ချွေးထုတ် စေတတ်၏။ သွေးကို ချိုးပင့်ပေးတတ်၏။ မျက်စေ့ နာနှင့် သင့်၏၊ သလိပ်နာကိုနိုင်၏။ လေသည်း ခြေကိုပျက်စေ၏၊ ဆံပင်ကို ရှည်စေ၏။

**ကြက်ဟင်းခါး ခေါ် ဂျင်းခါးရွက်။** အစာကြေခြင်း၊ ဝမ်းရပ် ခြင်း၊ လေကြောင့် ဖြစ်သော ခြေလက်လိမ်ကွေး ခြင်း၊ ဥကျောင်း ခဲခြင်းများကိုငြိမ်စေ၏။ သလိပ် နာ ဝမ်းပြည့်နာကို နိုင်၏။

**ကင်ပွန်းရွက။** အပူကြောင့် ဖြစ်သော အခိုးအကာင်း ကိုရင်း၊ ဝမ်းရပ်ခြင်းကိုရင်း ပြုတတ်၏။ သည်းခြေကို ငြိမ်းစေ၏။

**ကွမ်းသီး။** အတိသာရ ဝမ်းကိုရင်း၊ လေသလိပ် ခြောက် ကပ်ခြင်း ကိုရင်း နိုင်၏။ ဝမ်းမီးတောက်ခြင်းကို ပြုတတ်၏။ အတွင်းပူသောရင်း နိုင်၏။

**ကြက်တက်ပန်းမြစ်။** သလိပ်နှင့်မသင့်၊ ချောင်းဆိုး ကုပ်ဟီး နာ, ကြို့ထိုးသောအနာ, အဖျားနာများကို နိုင်၍ သွေးသည်းခြေ လေနှင့် သင့်မြတ်လှ၏။

**ကြံရေ။** ချို၏။ အခင်ရှိ၏။ သွေးသည်းခြေပျက်၍ မိန့်မော မည်းခွေသော အနာ, အဆိပ်သင့်၍ ရူးသော အနာတို့နှင့် သင့်၏။

**ကျွန်းပိုမြစ်။** လေကို ကြွစေ၏။ သွေးကိုကြေစေ၏။

**ကြက်သဟင်းမြစ်။** သွေးကိုရင်း၊ နှလုံးကိုရင်း ငြိမ်းစေ၏။ မြွေ၏ အဆိပ်ကို လျင်မြန်စွာ ပျောက်စေ၏။

**ကြာဘက်ကြီးမြစ်။** ပူ၏၊ သွေးကိုကြေစေ၏။

**ကြံဘက်သိန်မြစ်။** လေကိုကြေစေ၏။
**ဘင်ပလင်းမြစ်။** ပူ၏-လေကိုကြေစေ၏။
**ဘရမက်မြစ်။** သလိပ်နာ-လေနာ အဖျားနာများကို နိုင်၏။
**ကြက်ဆူမြစ်။** အသားကိုပွါးစေ၏။ဒူလာသရောဂါနာကိုနိုင်၏။
**ကြံညှတ်-ရှင့်မတက်မြစ်။** ချိုသောရသာ၊ ခါးသော ရသာရှိ၏။
လေသည်းခြေကိုနိုင်၏၊ လူကိုဖြိုးစေ၏။

(မှတ်ချက်)။ ။ထိုကြံညှတ် - ကြံငယ်ခေါ် ရှင့်မတက် ကြီးငယ် တို့၏ အမြစ် - အဖူး-အပွင့် - အခေါက် - အရွက် စသည်တို့သည် မြင်းသရိုက်နာ၊ လေဖေါက်ပြန်သောအနာ၊ သလိပ်နာ၊ သည်းခြေနာကိုနိုင်၏။ ဇေါ်၊ လူကိုဖြိုးစေတတ်၏။ နှုတ်ကိုမြိန်စေတတ်၏။ (ဝိနည်းကျမ်းက-ကြံညှတ်ခေါ်၏။ ဆေးကျမ်းများက-ရှင့်မတက်ခေါ်၏။)

**ကြီးမြူမြစ်။** ခပ်သိမ်းသော အနာတို့နှင့် သင့်၏။ အဆိပ်ကို နိုင်၏။ အနာမြစ်ကို ဖြတ်စေ၏။
**ကဝိုးနွယ်။** ချွေးနှင့် ယှဉ် သော အ နာ၊ ဥဒ္ဓံဝါတလေနှင့် ယှဉ်သောအနာ၊ ဝမ်းဗျိရှိသောလေပုပ်နာ၊ ဝမ်း မီးမဖြောင့်သော အနာများကိုနိုင်၏။
**ကြက်ဆူ-နီဖြူရွက်။** ဝမ်းမီး မညီမျှသောအနာ၊ လေသလိပ် အားကြီးသောအနာ၊ လေအမိဘ ပြုသော အနာ များကိုနိုင်၏။
**ကန့်ချုင်-နီ-ဖြူ-ရွက်။** လေသလိပ်နာများကို နိုင်၏။
**ကဇွန်းရွက်။** ဝမ်းမီးကို ဖြောင့်စေ၏၊ ညီစေ၏၊ သုက်ကို ပွားစေ၏၊ ရူးသောအနာ သည်းခြေနာနှင့် ယှဉ် သော အနာကို နိုင်၏။
**ကဇွန်းရိုး။** သည်းခြေကိုကား မပွားစေတတ်၊ ပူသောအနာ ကိုကား နိုင်စေတတ်၏။
**ကညို့။** ရက္ခပိတ်အနာကို နိုင်၏၊ ရေ၌ဖြစ်သော ကညို့သည် သလိပ်နာကိုနိုင်၏။
**ကြက်ဆူစေ့။** လေကြောင့် ဖြစ်သော အပုပ်နာ၊ ခပ်သိမ်း

သော အဆိပ်မျိုး၊ နာဂဝိသဝေနီးနှင့် ယှဉ်သော အဖျား၊ အစာမကြေသော အနာ၊ ဝမ်းပြည့်နာ၊ နူနာများကို နိုင်၏။

ကနရိစေး။ ဒယ် ခိုက်၍၊ ရင်၌ သွေးပြည် ပြည့်သော အနာ၊ စမြင်းဒေါသနာ၊ ပိုးကြောင့် ဖြစ်သော အနာ၊ သွေ့ခြောက်သော အနာ၊ လေချုပ်သော အနာ၊ အပင်းနာများကို နိုင်၏။

ကလေိန်ဆံ။ ခူလာသမရောနာနှင့် ယှဉ်၍ ဖြစ်သော ဆီးအောင့်နာ၊ လေအားကြီးသော အနာ၊ မျိုနှံသော အနာ စပ္ပဂုဏ်နူနာများကိုနိုင်၏။

ကွမ်းကဝိုးစေး။ အလွန်ပူ၏၊ သည်းခြေ အားကြီး သော ကြောင့် ဆာလောင်သော အနာ၊ မချမ်းသာ ကိုယ်၌အနာ၊ စိတ်ပြန့်လွင့်သော အနာ၊ ဆိပ်၍ မပျော်သောအနာ၊ ကရောင် ကရမ်း မြည်းတမ်း သောအနာများကို နိုင်၏။

ကညင်စေး။ ဝမ်းကိုက် သော အနာ၊ ပြည်နာ၊ ပိုးနှောက် ယှက်သော အနာ၊ နူနာ သမင်ယက်နာ များကို နိုင်စေ၏။

ကုဋ္ဌမြည်း။ လေအားကြီး၍ ဖျားသော အနာ၊ အလွန်ပူ၍ နှလုံး ကျဉ်းမြောင်း ဆို့အောင့်သော အနာ ဆိပ်၍ မပျော်သော်ငင်း၊ သည်းခြေ ဆာလောင် လိုက်သဲ့သော အနာ၊ အလွန်ထိတ်လန့် ရူးသွပ် သောအနာ၊ လူမှန်းမသိသော အနာ၊ အဘိညာဉ် ရောက်သောအနာများကို နိုင်၏။

ကလောစေး။ ဝမ်းချုပ်သော အနာ၊ ဝမ်းလားသော အနာ အရိုးအဆစ် အကြောတို့၌ ကိုက်ခဲသော အနာ ပွေး၊ ညှင်း၊ တင်းတိတ်၊ ဝက်ခြံနာ၊ နူနာများကို နိုင်၏။

ကြံသကာ။ အလွန်ပူသော်၎င်း၊ နှလုံးဆို့ တောင့်သော်၎င်း၊ သည်းခြေလိုက်၍တက်သော်၎င်း၊ လေပူရောက်၊ ရူးသွတ်သော်၎င်း၊ အာပေါ်ခေါက်ပျက်သော်၎င်း၊ အလွန်ကြုံသောအနာ၎င်း၊ သလိပ်အဓိကပြုသော ချောင်းဆိုးနာများကို နိုင်၏။

ကမ္ဗလူ။ ခါးသောရသာရှိ၏။ သလိပ်နာ, သွေးနာ, သည်းခြေနာ, ချောင်းဆိုးနာများကို နိုင်၏။

(ခ)

ချင်းချောက်။ လေနာ, သလိပ်နာ, ရင်လေး ရင်အောင့်နာတို့ကို နိုင်၏။

ချင်းစိမ်း။ အခြောက်နှင့် အကျိုးသွားတူသော်လည်း လေကိုကြွစေတတ်၏၊ သွေးကိုကြေစေတတ်၏။

ချီးသီး။ လေသလိပ်သွေးကို၎င်း၊ နူနာကို၎င်း၊ နိုင်၏၊ ဝမ်းမညီ၍စမြင်းခံသောအနာ၊ အပူကြောင့် ဖြစ်သောကြုံလှီသောအနာ, အထက်သို့ လိုက်တက်၍ အော့အံသောအနာများကိုနိုင်၏။

ခရုသင်း။ အမြစ်မှုသော အနာကို စားစေ၏။ ဝမ်းကို ဖွင့်စေ၏။ နှုတ်မမြိန်သော အနာနှင့်သင့်၏။ အရိုး အသားအရေ၌ စွဲသောအနာ၊ ဝမ်းလား ဝမ်းချုပ်ခြင်းစသောအနာ မျက်စေ့နာ နာဂဝိသ အစရှိသော ငန်းနာ အလွန်ပူသော အနာ ကျောက်-ဝက်သက်နာ အဘိညာဥ်သွေးဖေါက်၍ဖြစ်သော သန္နိပါတ် ငန်းနာများကိုနိုင်၏။

ခရုဓိဖဉ်။ ဓောင်းခရု။ ။မျက်စေ့နာ,သလိပ်ငန်းနာ, လျှာနာ, မုတ္တကိတ်နာ, ကျင်ငယ်ချုပ်သောအနာ တေဇောဓာတ်နှင့် ယှဉ်၍ ဖြစ်သောအနာ ချက်အောက်၌ ကိုက်ခဲသော အနာတို့ကို နိုင်၏။

**ချိုးသွေး။** အလွန်ပူသောအနာ အပြင်းဖမ်းသော နာဂဗိသ နာ၊ အဘိညာဉ် သွေးပုပ်နာ၊ မဟာသန္ဓိ ပေါက်နာ၊ အဓိမာန ရောက်သော အနာများကို နိုင်၏။

**ချိုးသား။** ပူ၏၊ သလိပ်ကိုနိုင်၏၊ လေကိုထကြွစေ၏။ ချွေးကို ထွက်စေ တတ်၏။ အဆင်းနည်းသည် ဖြစ်၍ လူကို ပိန်စေတတ်၏။

**ချိုးလည်ပြောက်သား။** ဆိမ့်၏၊ ဖန်၏၊ ဖန်၏၊ လေ သည်းခြေ ကိုနိုင်၏။

**ခိုသား။** ဖန်၏၊ ချို၏၊ စဉ်းငယ်ဖန်၏၊ လေနာ၊ ကိုယ်ပူနာကို နိုင်၏၊ ဝမ်းကိုချုပ်စေတတ်၏၊ သုက်ကို ပွါးများ စေတတ်၏၊ အားကိုပွါးစေတတ်၏။ ရတ္တပိတ်နာ နှင့် အထူးသင့်လျော်၏။

**ခါသား။** ဖန်၏၊ ချို၏၊ ဆိမ့်၏၊ သွေးနာ၊ သည်းခြေနာ၊ သလိပ်နာ၊ ပန်းနာ၊ လေနာများကိုနိုင်၏။

**ခရု။** သည်းခြေနာကိုနိုင်၏၊ သုက်ကိုပွါးစေတတ်၏။

**ချင်ရွှေးမြစ်။** နူနာပေါက်သောအနာကိုနိုင်၏။

**ခပေါင်းရေကြည်မြစ်။** ပွေးနာ၊ နူနာ၊ အထက်သို့တက်သော အနာ၊ လေသလိပ်နာ သည်းခြေနာ များကိုနိုင်၏။

**ခပေါင်းရေကြည်ရွက်။** ကိုယ်သားကိုယ်ရေတို့ကို ပေါ်ပါးစေ တတ်၏။ သွေးကိုဒွစေတတ်၏။

**ချိတ်သင်းမြုံ။** လေသလိပ်ကို ငြိမ်းစေတတ်၏။

**ချိတ်။** ကျိုးဆစ်သောအနာ၊ ရေယုန်နာ၊ ပွေး၊ ညှင်းစသော အရေရှိ ဖြစ်သောအနာ၊ ဝမ်းလားသောအနာ ဝမ်းကိုက်သော အနာ၊ အလွန်ပူသော အနာ၊ သွေးသည်းခြေ မညီမျှသောအနာ၊ လေအားကြီး သော အနာ၊ သလိပ် ခြောက်ကပ် ခဲပိုင်သော

အနာ, အဘိညာဥ် ဝင်သောအနာ, နူနာ များကို နိုင်၏။ အားကို ဖြစ်စေတတ်၏။

**ချိတ်သနက်။** အမှုဝါတ လေတိုက်ိုဂင်း, လေနာကိုဂင်း, နိုင်၏၊ သွေးနှင့် သင့်မြတ်လှ၏။

**ချောင်းချား။** သွေးလေကို ကြေစေတတ်၏။ ရုံခါရုံခါ လေကို ကြွစေတတ်၏။

**ခံစပ်မြစ်။** သွေးကို ကြေစေ၏။ လေကို ကြွစေ၏။

**ခေါင်ရမ်းကြီးပန်း။** သလိပ်ကို ပွားစေတတ်၏။သွေးသည်းခြေကို ကြွစေတတ်သော ဂုဏ်သတ္တိရှိ၏။

(မှတ်ချက်)။ ။ခေါင်ရမ်းကြီးကို ဆေးကျမ်းဋီကာများ၌ မိုးမွှေပန်းဟုခေါ်ကြ၏။ နှစ်သက်ရာယူပါ။

**ချရေးပွင့်။** သည်းခြေနာ, သလိပ်နာ, မြင်းသရိုက်နာ, သွေး သည်းခြေ မညီမျှသော အနာ, နှလုံး တုန်လှုပ်၍ မအိပ်တတ်သော အနာ, အပူ အအေး မညီမျှသော အနာ, အမာပေါက်နာ, ယားယံသော အနာ, ထိုရောဂါတို့ကို ရူခြင်း လိမ်းကျံခြင်း အစရှိသော ပြုးခြင်းတို့ကို ပြုလုပ်က ချမ်းသာရ၏။

**ခတက်ရွက်။** အတွင်း၌ ပူသော အနာ, ရင်၌ ဆို့သော အနာ, သွေး သည်းခြေ လေသလိပ် မညီမျှသော အနာ, ဝမ်းမီး မညီမျှသော အနာများကို နိုင်၏။

**ချရေးသီးမှည့်။** ချို၏၊ စည်းငယ်ဖန်၏၊ အေး၏၊ အဆီဩဇာ ရှိ၏၊ ဝမ်းနိုင်၏၊ လေချုပ်၏၊ သွားကို ခိုင်မြဲခြင်းကို ဖြစ်စေ၏။

**ခံသီးမှည့်။** ချို၏၊ နှပ်ကို မြိန်စေတတ်၏၊ မွတ်သိပ် ခြင်းကို ပျောက်စေတတ်၏၊ ကြွေလွယ်၏၊ လေသည်းခြေကို နိုင်၏။

**ခံသွီးစိမ်း။** ချဉ်၏၊ ကြေခဲ၏၊ စဉ်းငယ်ပူ၏၊ သလိပ်ကိုပျက်စေ တတ်၏။ ရင်ဘတ်နာကို နိုင်၏၊ အထူး အားဖြင့် သည်းခြေကို ပျက်စေတတ်၏။

**ခဲဝသီး။** ချို၏၊ စဉ်းငယ်ခါး၏၊ သည်းခြေကိုနိုင်၏၊ သလိပ်ကို ပျက်စေ တတ်၏၊ ဝမ်းမီးကို နှိုးစေ တတ်၏၊ (ကိုယ်ရောင်နှင့်မသင့်) ကေဗီဒါ-

**ခဲဝမြစ်။** စပ်သောရသာရှိ၏။ မြီမြီ ပေါက်သော အနာ, နူနာ, တကြိုကြို ကျိကျိရှိ၍ ဖျော့တော့သော အနာ, ဝမ်းကြောတင်းသောအနာ, ကိုယ်ခြောက် သွေ့သောအနာ, ဝမ်း၌ လေလုံးရှိသော အနာ, အဆိပ်သင့်သော အနာ, အစ ရှိသည် တို့ကို နိုင်၏။ (ဤကျမ်းပြုသင်အံ့ သညာရှိသော ခဲဝသီး မြစ်ကိုဆို၏။ ဋီကာအလို-)

**ခေါင်ရမ်းကြီးမြစ်။** ပျို့အံ့သောအနာ, နှလုံး၌အုန့်လှုပ်ကြောက်လှဲ့သော အနာ, ရေငတ်သောအနာ, အတိသာရဝမ်းစသည် တို့ကို နိုင်၏၊ ကိုယ်ပူနာ များကိုလည်း နိုင်၏။

**ခပေါင်းမြစ်။** သွေးကို ဖြေစေတတ်၏။ လေကို ကြွစေတတ်၏။

**ချိုမြစ်။** နှပ်ကို မြိန်စေတတ်၏၊ စပ်သော ဖန်သော ရသာ ရှိ၏။ ပိုးနာ, ဝမ်းပြည့်နာ, ရောင်ရမ်းသော အနာ, မြင်းသရိုက်နာများကို နိုင်၏။

**ခတာက်မြစ်။** ပူ၏၊ အဆိပ်ကို နိုင်၏၊ အသံကို ပျက်စေတတ်၏။ လေနာ နူလာသရောနာ ပုံးနာ များကို နိုင်၏။

**ချဉ်ပေါင်နီလက်ချားရွက်။** သည်းခြေနာ, မူးဝေသော အနာ, အထူးထူးသော အသားအရေညှိခြင်းတို့ကို နိုင်၏၊ ချဉ်၏၊ ပူ၏၊ သလိပ်နာ၊ ဂူနာများကိုနိုင်၏၊ လေကိုပျက်စေ၏၊ ခံတွင်းနာ, နှုတ်မမြိန်နာနှင့် သင့်၏။

**ချဥ်ပေါင်ဖြူရွက်။** လေသည်းခြေနာ၊ ဝမ်းသက်ခြင်းကို နိုင်၏။ ချဉ်၏၊ ပူ၏၊ ချဉ်ပေါင်နီးနှင့် အကျိုးသွားတူ၏။

**ချဥ်ပေါင် ခါး ခေါ် တောချဥ်ပေါင်ရွက်။** ချဥ်၏၊ ငန်၏၊ အဆိမရှိ၊ လေသလိပ်နာကို နိုင်၏၊ အဆိပ်နာ၊ မြင်းသရိုက်နာများနှင့်သင့်၏၊ နှုတ်ကိုမြိန်စေ၏၊ အစာကြေ၏။ သွေးသည်းခြေ၊ ဝမ်းမီးတော်ခြင်းကို ကြေစေ၏။

**ခရမ်းကစော့ရွက်။** ခါးသော်လည်း စဉ်းငယ်ချို၏၊ သွေးနှင့်တကွ ဒေါသသုံးပါးကို နိုင်၏၊ လည်ချောင်းနာ၊ ချောင်းဆိုးနာ၊ ဖျားနာ၊ နှုတ်မမြိန်သောအနာ၊ အဆိပ်သင့်သောအနာများကိုနိုင်၏၊ ကြေလွယ်၏။ သုက်ကိုပွားစေ၏။

**ခရမ်းကစော့မြစ်။** ဝမ်းမီးကို တောက်စေတတ်၏၊ ဝမ်းကိုပြော့စေတတ်၏၊ လေနာများကိုနိုင်၏၊ သွေးကိုကြေစေ၏၊ လေကို ထုတ်စေတတ်၏။

**ခရမ်းပိမ့်သီး။** ချဥ်၏၊ ပူ၏၊ ဝမ်းလေကိုခိုင်စေတတ်၏၊ အစာကြေခဲခြင်း၊ လေတွဲခြင်း၊ လူကိုဆူဖြိုးစေတတ်ခြင်း လေနာကို ပျောက်စေခြင်း၊ သတ္တိရှိ၏။ (ထိုခရမ်းပိမ့်သီး၏ အနှစ်သည် စဉ်းငယ်ချို၏၊ လူကိုဆူဖြိုးစေတတ်၏။ ဝေလရောဂါကိုနိုင်ခြင်း သတ္တိရှိ၏၊ (ထိုခရမ်းပိမ့် အချိုမျိုးသည်၊ စဉ်းငယ်ချဉ်၏၊ သွေး-သည်းခြေကို ပျက်စေတတ်၏၊ လေသည်းခြေကိုနိုင်၏၊ ရှော်ချိုသီးနှင့်အကျိုးသွားတူ၏)။

**ခရမ်းရှည်မျိုး။** ငှင်းခရမ်း အပုကြီးမျိုး အငယ်မျိုး၊ မြေပုံခရမ်း၊ ခရမ်းပိမ့်၊ ခရမ်းကစော့၊ ခရမ်းချဉ်၊ ခရမ်းလသာ၊ ဆင်ခရမ်း စသောအားဖြင့်များလှပေ၏။ ထိုခရမ်းချိုးတို့တွင်၊ ယခု လူတို့အသုံး များသောခရမ်းသီးသည်၊ နုသော၊ ငယ်သော၊ သေးသောအခါ လေသလိပ်ကိုနိုင်၏။ စဉ်းငယ်စပ်၏။ ခါး၏

သည်းခြေကို ပျက်စေတတ်၏။ ။မှည့်ရင့်သော အခါ ချို၏။ စဉ်းငယ်ငန်၏။လေသလိပ်ကိုပျက်စေတတ်၏။ မီးဖုတ်၍ပြုပြင်သောအခါ လေသလိပ်ကိုနိုင်၏။ ကျေလွယ်ကျက်လွယ်၏၊ ဝမ်းမီးကိုတောက်စေ၏၊ အစာကိုကျေလွယ်စေ၏။ အထူးအားဖြင့်ကား အောက်ပါအတိုင်း သတ္တိထူးရှိ၏။

**ခရမ်းလသာသီး။** မြင်သရိုက်နာကိုနိုင်၏။

**ခရမ်းချဉ်သီး။** မျက်စေ့နာ၊ နူလာသရောနာ၊ ကိုယ်တောင့်ခိုင်သောအနာများနှင့် မသင့်။

**ခရမ်းကစော့သီး။** ခါးသောရသာ စပ်သော ရသာ ရှိ၏။ လေသလိပ်ကိုနိုင်၏။ သွေးသည်းခြေကို ပျက်စေတတ်၏၊ဆီးသမ်းချုပ်နာများကို နိုင်၏။

**မြေပုံခရမ်း။** ပူ၍၊လေနာ၊သလိပ်နာ၊ ခရစ်ချပ်နာ ကုပ်ဟီးချောင်းဆိုးနာများကိုနိုင်၏။

**ဆင်ခရမ်းမြစ်။** ဝမ်းမီးကိုတောက်စေတတ်၏။ ဝမ်းကိုပြေ့စေတတ်၏။ လေနာများကိုနိုင်၏။

**ခရသင်းမြစ်။** အသံကိုကောင်းစေတတ်၏၊ အရေအကျောကိုနူးညံ့စေတတ်၏။ ပညာကိုပွါးစေတတ်၏။နှလုံးကိုကြည်လင်စေ၏။ ပုံးနာ အဆိပ်သင့်သောအနာများကိုနိုင်၏။

**ခွေးနက်ရိုး။** အလွန်ပူသောအနာ ကျောက်ဝက်သက်အဆိပ်နာ၊ ရေငတ်သောအနာ၊ ခပ်သိမ်းသောအဆိပ်မျိုးခပ်သိမ်းသော ပယောဂမျိုးတို့ကိုနိုင်၏။

**ခွေးတူဝက်တူအရိုး။** ချိနဲ့သောအနာ၊ တကိုယ်လုံးကိုက်ခဲသောအနာ၊ သွေးလေ-သွေးမြေခွဲသော အနာ၊ကျောက်ဝက်သက် အနာအမျိုးမျိုး၊ ခပ်သိမ်းသောအဆိပ်နာအမျိုးမျိုးတို့ကိုနိုင်၏။

ချုးသီး။ လေသလိပ်–သည်းခြေ သွေးကြောင့် ဖြစ်ကုန်သော ကိုက်ခဲ ထုံကျင် မှိန့်သောအနာ, ခပ်သိမ်းသော နူနာအပေါင်း, မုတ္တကိတ်နာ, နူလာသရောနာ, မြင်းသရိုက်နာ, အကြောကို ရှောက်သောအနာ, အသွေး အသား ခြောက်ကပ်သော အနာ, ခပ်သိမ်းသော အဆိပ် အတောက် အမျိုးမျိုး, အထက်သို့ တက်၍ အောအံ့သော အနာ, ဝမ်းချုပ်သောအနာ, ဝမ်းချုပ်၍ စမြင်းဒေါသခံသောအနာတို့ကို နိုင်၏။

ပေါင်းရေကြည်စေ့။ အလွန် ပူသောအနာ, သွေးထိုင်းမှိုင်းသောအနာ, သည်းခြေ နောက်ကျိသော အနာ, သလိပ် စုခဲသောအနာ, သလိပ်ခြောက်သွေ့သောအနာ, မျက်စေ့မချမ်းသာသော အနာကို နိုင်၏။

ရမ်းစပ်သီး။ မြင်း သရိုက်နာ, မုတ္တကိတ်နာ, မီးယပ်သွေးပျက်သော အနာ, လေကြောင့် ရူးသွတ်သောအနာများကို နိုင်၏။ လေကိုလည်း ကြေစေ၏။

ချေးစေ့။ ဝမ်းလားသော အနာ, လေလွန်၍ သလိပ်အားကြီးသော အနာတို့ကို နိုင်၏။

ချီးသီးစေ့။ ရက္ခပိတ်နာ, မြင်းသရိုက်နာ, အကြောဆိုင်းတွသော အနာ, ပိုး-တုပ်-သံနာ, နူနာ, အဆိပ်တောက်သော အနာအမျိုးမျိုး, လေအားကြီးသော အနာ, ဝမ်းချုပ်သော အနာများကို နိုင်၏။

(ဂ)

ငွေးသီးမှည့်။ နှုတ်ကိုမြိန် စေတတ်၏။ အားဗလကို ပွားစေ၏၊ စည်းငယ်ချို၏၊ နှလုံးနှင့်သင့်မြတ်၏။ သလိပ်ကို ပွားခြင်း၊ စွတ်စိုစေတတ်ခြင်း ကြေခဲခြင်း ဝမ်းကိုခိုင်စေခြင်း၊ အစာကို မကြေစေတတ်ခြင်းကို ဖြစ်စေ

တတ်၏။ (ဖွေသီးလည်းခေါ်- ဖွေ့သီးလည်း ခေါ်၏)။

**ဖွေးသီးခါး။** ရသာအားဖြင့် ချဉ်၏၊ ပူ၏၊ လေကိုနိုင်၏၊ ကြေခဲ ကျက်ခဲ၏။ နှင်းကိုမြန်ရှက်စေတတ်၏။ ပျို့နှလွယ် ၏။ရင်ကိုဆို့မှုစေ၏(သဘော်ဖွေသီးကိုယူရာ၏)။

**ဖွေးစေ့ဆံ။** လေသလိပ် သည်းခြေများသောအနာ, ခပ်သိမ်း သော အဆိပ်မျိုးတို့ကို နိုင်၍ နှလုံး မွေ့လျော် ခြင်းများကို ဖြစ်စေ၏။

**ဖွေးစေ့။** သလိပ်သည်းခြေနာ, ကြံ့ဒေါသ ဝမ်းလာသော အနာ, ဝမ်းကိုက်နာများကို နိုင်၍ သလိပ်ကို ငြိမ်းစေ၏။

**ဖျော့ရွယ်။** သွေးသည်းခြေ သလိပ်တို့သည် ဘေဖောခေတ် နှင့် ယှဉ်၍ ဖြစ်သောအနာ, ခပ်သိမ်းသော အဆိပ် အမျိုးမျိုး, နာဂငိသင်နိုးကဲ့သို့ ဖြစ်သော သွေး တက်နာများကို နိုင်၏။

**ဖျော့သာ။** ချိုဆိမ့်သော ရသာရှိသည်ဖြစ်၍ ဖေ၏၊ ကျင့်ကြီး ကျင်ငယ်ကို ချုပ်စေတတ်၏၊ သန္ဓေ ပါတ်နာနှင့် ဘင့်၏၊ ဝမ်းမီးကို တောက်စေတတ်၏။

**ဖက်မံပွင့်။** ထမင်းမစား၍ ပင်ပန်း ခွမ်းရှိသော အနာ, သွေး သည်းခြေနှင့် ယှဉ်၍ ဖြစ်သောအနာ, အဘိညာဉ် သန္ဓေပါတ်နာ, ချွေးထွက် များသော အနာ, လေ အားကြီးသော အနာများကို နိုင်၏၊ လေကို နိုင် ခြင်း ပူခြင်း အားကိုဖြစ်စေ၏၊ အရေ၌ အနာ ဖြစ်ခြင်းများကို နိုင်၏။

**ဂုံခါးရွက်။** အဆိပ် အတောက်များရင်း၊ အဖျားနာ, ငှက်ဖျား နာများကိုရင်း နိုင်၏။

**ဂုံခါးမြစ်။** ဝမ်းကျော်တင်းသော အနာ, ဝမ်းပြည့်နာ, ဝမ်း၌

အလုံးရှိသော အနာများကိုနိုင်၏ အသံကောင်း
ခြင်းကိုဖြစ်စေ၏။

ံ့ခါးပွင့်။ သွေ့ချောက်၍ ကြုံလှီသောအနာ, ချောင်းဆိုးနာ
ဆာလောင်သော အနာ, လှိုက်လှဲသောအနာ, ချေး
ထွက်နည်းသော အနာ, ကျင်မဖြောင့်သော အနာ,
အာသျှံခံတွင်းသွေ့ချောက်သောအနာများကိုနိုင်၏။

ံ့ချို။ သွေးကိုငြိမ်စေ၏။ လေကိုကြေစေ၏။

…က်မောဓိ။ လေကိုငြိမ်စေ၏။

ံ့ညှင်းဆံ။ မုတ္တကိတ်နှင့် ယှဉ်ဖြစ်သော ဆီးချုပ်ခြင်း၊ ရိနာ
ရောက်ခြင်းကိုငင်း၊ လေအားကြီးခြင်း, လေချုပ်
ခြင်းကိုငင်း, အပုပ်အားကြီးခြင်းကိုငင်း ခပ်သိမ်း
သော နူနာအပေါင်းတို့ကို နိုင်၏။

ာနို့ကလာမြစ်။ သလိပ်နာ, လေနာ, နူနာ, အရေပွက်နာ,
ပွေး, ညှင်း, တင်းထိပ်နာများကို နိုင်၏။

ာနို့ကလာရွက်။ ဝမ်းမီးကိုငင်း, အိပ်ပျော်ခြင်းကိုငင်း, အစာ
ကြေခြင်းကိုငင်း, ပြုစေ၏။

ာနို့ဂေါ်ပွင့်ဝတ်ဆံ။ အလွန်ပူသော အဖျားနာ, အိပ်၍ မပျော်
သောအနာ,သည်းခြေပူသောအနာ,ကိုယ်နှုတ်လက်
မရပ်မတည်နိုင်သော အနာ, ရေငတ်သော အနာ,
ဥကျောင်းသို့သွေးငင်သောအနာ,ထိတ်လန့်ရူးသွပ်
သောအနာ, ဆာလောင်ရှိုက်ငင် ပင်ပန်း တွေဝေ
သောအနာ,အဘိဉာဉ်သွေးဖေါက်သော သန္နိပတ်
ငန်းနာ, မီးယပ်သွေးလျှံသော အနာများ နိုင်၏။

ာမုန်းကဝိုးပွင့်။ သလိပ်သည်းခြေနှင့် ရွှေလျော်၏၊ မျက်စိ
နာ,ဥကျောင်းခဲနာ,မူးဝေသောအနာများကိုနိုင်၏။

(င)

ဒြက်ပျောပန်းခေါ် သခင်းခွေပန်း။ ညည့်ဦးယံ၌ ဥကျောင်းခဲနာကို
နိုင်၏။

ရေနံ။ သွေးကိုကြွစေတတ်၏၊ လေကိုကြေစေတတ်၏။

ငုမြစ်။ နူးညံ့ချိုသော ရသာရှိ၏၊ ဖျားနာ,ရင်နာ,လေနာ, သွေးနာ, မြင်းသရိုက်နာများကို နိုင်၏။

ငုသီး။ ချို၏၊အားကိုဖြစ်စေ၏၊ လေနာ,သည်းခြေနာ,မြင်းသရိုက်နာများကိုနိုင်၏။အသံကိုကောင်းစေ၏။ငမ်းချုပ်၍ စမြင်းခံသောအနာ, အပုပ်အားကြီးသောအနာ,အစာမကြေသောအနာ, ပိန်ကြုံချောက်ကပ်သောအနာ,လေအားကြီးသောအနာ တို့ကိုနိုင်၏၊

ငဖိုးဆေး။ အဖြိုနလေကိုနိုင်၏၊ဝမ်းမီးကိုထိုင်းမှိုင်းစေ၏။

ငါးရန့်ပလူရွက်။ ဝမ်းမီးတောက်ခြင်း, အသမာပေါက်ခြင်း, တေဇောဓာတ်ကြောင့်ဖြစ်သော အပူနာ, အောက်သို့သက်သောလေ, အထက်သို့ ဆန်တက်သော လေနာ,မီးယပ်၌ အဆိပ်နှင့်တူသော သွေးကိုကြေစေတတ်၏။

ငါးရန့်ပလူမြစ်။ ပူ၏၊သွေးကိုကြေစေ၏၊ ကုပ်ဟီးနာ, ချောင်းဆိုးနာ, နံနှစ်ဘက်၌ ထိုးကျင်သောအနာ, ပကာသယ လေနာများကို လျှင်မြန်စွာပျောက်စေနိုင်၏၊

ငုရွှေ။ လေကိုထုတ်တတ်၏၊ နဂါးအဆိပ်နှင့် တူသော နာဂဝိသ ငန်းနာများကို နိုင်၏။

ဌက်ရွှေစာ။ လေကိုကြေစေ၏၊ သွေးကိုကြွစေတတ်၏။

ဌက်ပျောရှင်။ သွေးကို ဖြေစေတတ်၏၊ လေကိုကြွစေတတ်၏။

ဌက်ခိုင်ရှင်။ သွေးလေကို ကြေစေ၏။

ဌက်ပျောသူငယ်ခေါင်း။ နှလုံးကိုငြိမ်စေ၏၊ သွေးလေတို့ကို ကြေစေ၏၊အားရှိခြင်းကိုရင်း, ဓာတ်တို့၏ညီညွတ်ခြင်းကိုရင်း ပြုတတ်၏။

ဌက်ပျောသီးခြမ်းသီး။ အပူကြောင့်ဖြစ်သော တေဇောအခိုးအကင်းကိုရင်း၊ သည်းခြေ သလိပ်ကြောင့် ဖြစ်

သောအနာ, ဝမ်းခက်ခြင်း, ဝမ်းချုပ်ခြင်း, ပထဝီအားရှိခြင်းတို့ကို ဖြစ်စေ၏။

**ငှက်ပျောသီးမှည့်။** ချို၏၊ စည်းငယ်ဖေ၏၊ ဖန်၏၊ လူကိုဝစေ၏၊ သွေးသည်းခြေနာနှင့်သင့်၏၊ နှလုံးတို့ကိုကြည်လင်စေတတ်၏၊နူတ်မြိန်စေတတ်၏၊သုက်ဓာတ်အသားဓာတ်တို့ကိုဖွင်း၊ မွတ်သိပ် ဆာလောင်ခြင်းတို့ကိုဖွင်း၊ ရေငတ်ခြင်းတို့ကိုဖွင်း နိုင်၏၊

**ငှက်ပျောသီးစိမ်း။** ချို၏၊ ဖန်၏၊ ဖေ၏၊ ကြေခဲ ကျက်ခဲ၏။ ဝမ်းလေကို ချုပ်စေတတ်၏၊ အဆိသြဇာရှိ၏၊ အရှယ်ကိုပျိုစေတတ်၏၊ ရေမွတ်သိပ်ခြင်း၊ အော့အံခြင်း၊ ပူလောင်ခြင်း၊ ထိခိုက်ရှနခြင်း၊ဓာတ်ကုန်ခန်းခြင်းများကို နိုင်၏။

**ငှက်ပျောနံ့သာပု။** ချို၏၊ဖေ၏၊ အဆိသြဇာကြီး၏၊ကြေခဲကျက်ခဲ၏၊ နှလုံးအိုနှစ်သက်စေတတ်၏၊ ရက္ခပိတ်နာကိုနိုင်၏၊ အော့အံနာ,ရေငတ်သောအနာတို့ကို နိုင်၏၊ သုက်ကို ပွါးစေ၏၊ သလိပ်ကို လွန်စွာ ပွါးစေ၏။

(မှတ်ချက်) ငှက်ပျောမျိုး ဟူသမျှ၌၊ အပင်ပု၍ အရွက်ကြီးလျက်အဖီးနည်းသောငှက်ပျောမအမျိုး။ ။အပင်မန်မွမ့်မြင့် အရွက်အလတ်စားတွင် အခိုင်အဖီးများသော ငှက်ပျောအဖိုမျိုး။ ။အပင်ငယ်လျက် သားတက်လည်း မရှိသော အဖီးထွက် ငှက်ပျောနံ့သာပုမျိုးဟူ၍ သုံးမျိုးသောငှက်ပျောအဝင်- ဆင်အန်-မရမန်း၊ ဖီးခြမ်း၊ နံ့သာပု၊ ရခိုင်ခေါ်ရေသီလံ၊ ချက်ကြီး၊ သီးသွဲ၊ သီးမွှေး၊ ဝက်မလွတ်၊သူငယ်စာ၊ မယ်တော်လက်သီး၊ ရွှေနီ၊ ရွှေဝါ၊ စာဥ၊ ရာကျစသော အနောက်တိုင်း ဂန္ဓာလရာဇ်တိုင်း ယိုးဒယားနိုင်ငံ၊ မြန်မာနိုင်ငံများ၌ ရှိသော ငှက်ပျောမျိုးဟူသမျှ၌ အစိမ်းအမှည့် ရသောရောက်ရာကိုသာ ဝေဘန်လျက် ဉာဏ်နှင့်ချင့်၍ အထက်က ဆိုခဲ့သည့်အတိုင်း အသုံးပြုကြပါကုန်။

**ရေပိကောင်းမြစ်။** သလိပ်နာ, ကြွံလို့သောအနာ,ချွေးထန်သောအနာများကို နိုင်၏၊လူကိုဝပြိုးစေ၏။

**ရေပိရွက်။** သွေးသည်းခြေ၊ လေသလိပ်နာ, ဖေါက်ပြန်၍

ဖြစ်သော အထူးထူးသော အနာတို့ကို အကြောင်း အားလျော်စွာ ပျောက်စေ၏။

ရေပိကောင်းသီး။ သွေးဆုတ် သွေးပုပ်၊ အငွေ့ပူသောအနာ၊ ဝမ်းသွားသောအနာ၊ ဝမ်းချုပ်သောအနာ၊ မီးယပ် အတွင်း ချွေးမထွက်သောအနာ၊ အလွန်များစွာ ချွေးထွက်သောအနာ၊ ဝမ်းကိုက်သောအနာ လေ သလိပ် သွေးသည်းခြေတို့နှင့် ယှဉ်သော အလုံးစုံ သောအနာတို့ကို နိုင်၏။

ရေပိသီး။ တေဇောဓာတ် ညှံ့သောသူမှ စားလိုသည်။ စပ် ဖျင်းသောပူသော အနိုးရောက်သည်ဖြစ်၍ သလိပ် ကို ကြေစေ၏။

ငါးမန်းစွယ်။ ဝမ်းအတွင်း၌ ရှိသောအပင်း အဆာနာ၊ ရေးသရဲ မုတ်ရောင်သောအနာ၊ ဒူသသညသရောဂါနာ၊ ပယောဂ နာတို့ကို နိုင်၏။

ငါးကြင်းသား။ ချိုဆိမ့်သော အရသာရှိ၏။ စဉ်းငယ်ဖန်၏။ မြတ်သည်ဖြစ်၍ လေသလိပ်ကို နိုင်၏။ သည်းခြေ ကို စဉ်းငယ်ပျက်စေတတ်၏။ သုက်ကိုပွားစေတတ် ၏ သွက်ချာပါဒ လေတို့ကို ပယ်ရှား နိုင်၏။

ငါးမြင်းသား။ ချိုဆိမ့်သော အရသာရှိ၏၊ မန်းနာကိုနိုင်၏၊ ဝမ်း လားခြင်းကိုငှင်း၊ ဆိပ်ခြင်းကိုငှင်း ဖြစ်စေ၏၊ လေသည်းခြေကိုနိုင်၏၊ သလိပ်ကိုပွါးစေ၏။ အား ကုန်ခန်းသောအနာကို ပယ်ပျောက်စေ၏၊ အဆိပ် ကို ပယ်ဖျောက်တတ်၏။

ငါးခုံးမသား။ စပ်သော ရသာ၊ ဆိမ့်သော ရသာ ရှိ၏၊ ချောင်းဆိုးနာ၊ ရက္ခပိတ်နာ၊ လည်ချောင်းခံတွင်း နာ၊ လေနာ၊ သလိပ်နာ၊ မန်းနာကိုနိုင်၏၊ ဝမ်းလာ ခြင်းဆိပ်ခြင်းကိုပြုတတ်၏၊ အဆိပ်ကိုပယ်ဖျောက် တတ်၏။

ငါးဖောင်ရိုင်း။ အဆိပ်ကို ပယ်ဖျောက်တတ်၏၊ မန်းနာကို နိုင်၏။ ဝမ်းလားခြင်း ဖွဲဝပ်ခြင်းကိုပြုတတ်၏၊ ကြေလွယ် ကျက်လွယ်၏၊ သည်းခြေနှင့် သလိပ်နိုင်၏။ ဝမ်းမီးတောက်စေ၏။

ငါးကြည်း။ ဆိမ့်သော ရသာရှိသည်ဖြစ်၍ လေကို နိုင်၏၊ သလိပ်ကို ပျက်စေတတ်၏၊ လူကို ဝစေတတ်၏။ ဆူလည်းဆူ၏၊ ကိုယ်အလုံးကို ပြန့်နှံ့လွယ်၏။ သုက်ကို ပွါးစေတတ်၏။

ငါးခူ။ လေအထက်သို့ တက်ခြင်းကို ပြုတတ်၏၊ လေကို လည်းနိုင်၏၊ကြေလွယ်ကျက်လွယ်၏၊ရင်ကိုပူစေ တတ်၏၊ သုက်လွန်နာကိုနိုင်၏၊ ရေမွတ်သိပ်၏၊ စခြင့်လည်းတက်စေတတ်၏။

ငါးဖယ်။ ချိုသောအရသာ၊ ဆိမ့်သောအရသာရှိ၏၊အားနှင့် တကွ သုတ်ကို ပွါးစေတတ်၏၊ ကြေခဲကျက်ခဲ၏၊ အညောင်းနာ ကိုနိုင်၏။

ငါးရန့်။ ကြေလွယ်၏၊ ကျက်လွယ်၏၊ ဒေါသသုံးပါးကို နိုင်၏၊ ဝမ်းမီးကိုတောက်စေတတ်၏၊ နှုတ်ကိုမြိန် စေတတ်၏၊ ချိုဆိမ့်သော အရသာ ရှိသော်လည်း စဉ်းငယ်ဖန်၏၊ အစာကြေခြင်းကို ပြု၍ သည်းခြေ ကိုနိုင်၏။

ငါးမြေမ။ ငါးပေါင်ရိုး- ငါးထွေ- ငါးလဲ-ငါးသရောက်။ ။ ထိုငါးတို့သည်။ ။အစာကြေခြင်း၊ဝမ်းမီးတောက် ခြင်းကိုပြု၍ သည်းခြေကို နိုင်၏။

ငါးရှဉ့်။ ဝမ်းမီးတောက်ခြင်းကိုပြု၍၊ ပိုးနာသည်းခြေနာနိုင်၏၊

ငနိုးသား။ ချိုဆိမ့်သောအရသာရှိ၏ ပူ၏၊ ကြေခဲ၏၊ ကျက်ခဲ ၏၊လေကိုနိုင်၏၊ သုတ်ကိုပွါးခြင်း၊အားပွါးခြင်း၊အ ရေအဆင်းကို သန့်ရှင်း စင်ကြယ်ခြင်းကို ဖြစ်စေ ၏၊အသည်းပျက်နာ,ပိတ္တိုသေဒအနာများကို နိုင်၏။

ငုံးသား။ ဖျော်၏၊သုက်ကိုပွါးစေ၏ ဒေါသသုံးပါးလုံးကိုပင်နိုင်
၏၊နှုတ်ကို မြိန်စေတတ်၏။ အသားပွါး၏၊ ဖိုးနှာ
သည်းခြေကိုနိုင်၏၊ကျမ်းတပါးကာမူသည်ဆို၏။

ငါးနုသန်း။ ချိုသောရသာ ဆိမ့်သောရသာ ခါးသောရသာ
ရှိသည်ဖြစ်၍ ဖျော်၏၊ နှုတ်ကိုမြိန်စေ၏၊ လေသလိပ်
သည်းခြေကို နိုင်၏၊ ဝမ်းမီးတောက်ခြင်းကို ပြု၏။

ငါးတန်။ သလိပ်သည်းခြေကို နိုင်း၏။

ငါးဒိုက်သား။ အစာကိုကြေစေ၍ အတိသာရဝမ်းကို နိုင်၏၊
အိပ်ပျော်ခြင်းကိုပြု၏။

ငါးဆုံ။ အတိသာရ ဝမ်းကိုလည်း၊ ဝမ်းမီးတောက်ခြင်းကို
လည်း၊ ဝမ်းတောက်ခြင်းကိုလည်း၊ ကိုယ်ဖေါကိုယ်
ရောင်ကိုလည်း ငြိမ်စေ၏။

ငါးသလောက်။ ချို၏၊ ဆိမ့်၏၊ တက်၏၊ ဝမ်းမီးကိုတောက်
စေ၏၊ နှုတ်ကိုမြိန်စေ၏၊ သလိပ်သည်းခြေကိုပျက်
စေ၏၊သွေးနာ၊မျက်စိနာတို့နှင့်ကားမသင့်၊ သွေးကို
ဆန်တက်စေတတ်၏။

ငါးနက်ပြာ။ သွေးကို ဆန်တက်စေတတ်၏၊ တိက္ခဝမ်းမီး တို့
လည်း၊သွေးပါသောအနာတို့ကိုလည်းနိုင်၏။ ကြေလွယ်
ကျက်လွယ်၏၊ သုက်ကိုပွါးစေတတ်၏။

ငါးရှား။ မြင်းသရိုက်နာ, ကြွက်ညှာသလိပ်နာ, ဝမ်းထဲ
အလုံးနာကိုနိုင်၏။

ငါးသလဲတိုး။ အကြောနှင့်ဆိုင်သမျှသော အနာ ဟူသမျှနှ
သင့်၏။ လေသည်းခြေကို နိုင်၏။ သလိပ်ကိုပွ
စေတတ်၏။ ကြေလွယ်ကျက်လွယ်၏။

ငါးပြက်။ ဖန်သောရသာရှိ၏။ ဝမ်းကိုခိုင်စေတတ်၏။အစ
မကြေသော အနာ, ရင်နာ,ဘေးထိုး ရင်ကျပ်န
များကို နိုင်၏။

ငါးလင်ဘန်း။ လူကို ဝစေတတ်၏။ သုက်ကို အားရှိစေတ

၏၊သလိပ်ကိုပွါးစေ၏။ခံတွင်းနာ၊လည်ချောင်းနာ
များနှင့်သင့်၏။

ဂါးဘတ်။ ချိုသောရသာ၊ ဆိမ့်သောရသာရှိ၏၊ စဥ်းငယ်
လည်းဖန်၏။အားကုန်ခန်းသော အနာကို နိုင်၏။သ
လိပ်နှင့်သုတ်ကိုပွါးစေ၏၊ နှုတ်ကိုမြိန်စေတတ်၏။

ဂါးမြွေတိုး။ ကြေလွယ်ကျက်လွယ်၏၊လေသည်းခြေကိုနိုင်၏၊
သလိပ်ကိုပျက်စေ၏၊ အကြောနှင့်သင့်မြတ်လှ၏။

(စ)

မှုသပြေရွက်။ အတိသာရ ဝမ်းကို၎င်း၊ လေကို၎င်း၊ ဝမ်းမီး
အနာတို့ကို၎င်း၊ ငြိမ်စေ၏။

စ်သိန်မြစ်။ လေသလိပ်နာ နိုင်၏၊ လေဖျား, သလိပ်ဖျား,
သည်းခြေဖျား, တုန်ဖျားသောအခါ၌၊ သွေးဆေး
နှင့် တိုက်ရ၏။(အထူးကား မြွေဆိပ်ကို နိုင်၏။

ကားပွင့်။ စဥ်းငယ်ခါး၏စပ်၏၊ ချမ်းသောသည်ဖြစ်၍ သည်းခြေ
နှင့်သလိပ်ကို နိုင်၏၊ ဝမ်းဖြောင့်ညီခြင်းကို ၎င်း၊
သွေးသည်းခြေ ညီမျှခြင်းကို၎င်း၊ လေအားကြီး၍
ဆာလောင် မွတ်သိပ်ခြင်းကို၎င်း၊ နှလုံးသည်းခြေ
တုန်လှုပ်သော်၎င်း၊ နေ့ညမပြတ် အမြဲဖျားသော
အနာတို့ကို၎င်း နိုင်၏။

ရည်းပွင့်။ ခပ်သိမ်းသော အဆိပ်အမျိုးမျိုး၊ ကိုယ်မှာ ပေါက်
သောအနာ၊ ငန်းနာများကို နိုင်၏။

နှ်လက်ဘဲဆန်။ ခပ်သိမ်းသော အဆိပ်အမျိုးမျိုး၊ သွေးထိတ်
လန့်သောအနာ,ပျို့အံလှိုက်လှဲသောအနာ,လက်ပစ်
ခြေပစ်ရှိခြင်း၊ အစာမစားချင်သော အနာများကို
နိုင်၏။

မွှါယ်ပွင့်။ ပိုးနာ, အဆိပ်ရေနာ,အသားအရေပေါက်ပြဲသော
အနာ,ချွေးထွက်သောအနာ, ရွှေဒြဖြစ်သော အနာ
ဟောင်းများကိုနိုင်၏။(တောစမွှါယ်ကိုဆို၏။)

**စမ္ပါယ်ပွင့်။** လိုက်ဆာပင်ပန်းသောအနာ, ရေငတ်သောအနာ, အိပ်မပျော်သော အနာ, အစာမစားသော အနာ, ခပ်သိမ်းသော အဖျားတို့၌၊ ပူတုံ းတုံ ရှိသော အနာ, အတီညာဉ် သွေးဖေါက်သော အနာ, ထိတ်လန့်၍ ရူးသောအနာ, အစရှိသော အနာကိုနိုင်၏၊ (အိမ်စမ္ပါယ်ကိုဆိုလို၏။)

**စမ္ပါယ်ရွက်။** သည်းခြေသလိပ်ကို မွေလျော်သည်ဖြစ်၍ ပိုးနာအမျိုးမျိုး အဆိပ်ရေနာ, အသားအရေ ကွဲပေါက်သောအနာ ချွေးထွက်များသောအနာ, ရွှေဒွိဖြစ်သော အနာဟောင်းများကို နိုင်၏။ (တောစမ္ပါယ်ရွက်ကိုဆိုလိုသည်၊)

**စဖြိတ်စေ့ဆူ။** ခါတ်လေးပါး ပျက်သောအနာ, သလိပ်သည်းခြေသွေးလေဘ်နှင့် ယှဉ်သောအနာ, လေမထွက်သောအနာ, လေပူရောံသော အနာ, တြိဒေါသကြောင့်ဖြစ်သော အပုပ်နာနှင့် အော့အံနာကိုနိုင်၏။

**စမုံနက်။** သွေးသည်းခြေနှင့်ယှဉ်သောအနာ,လေသလိပ်ဝမ်း၌ ကိုက်ခဲသောအနာ,ပက္ခာသယလေနာ,တကိုယ်လုံးမြေသောအနာ,အလွန်ပူသောအနာ, ဝမ်းလားသောအနာရေငတ်သောအနာ ငန်းနာများကိုနိုင်၏။

**စမုံနီ။** လေသွေးဘို့နှင့်သင့်၏၊ ခါတ်ကျုံးခါတ်ပျက်နာ, အစာမကြေသော အနာကိုနိုင်၏၊ သွေးသည်းခြေမညီမျှသောအနာ, လေချုပ်ခဲသောအနာ, ဝမ်းမီးမညီမျှသောအနာ,လေအထက်သို့တက်သောအနာများကို နိုင်၍ ခန္ဓာကိုယ်ကိုငြိမ်းစေ စေတတ်၏။

**စမုံဖြူ။** လေပူရောက်သောအနာ,ခံတွင်းသွေ့ခြောက်သောအနာ, ရေများစွာငတ်သောအနာ, ငမ်းကျခြင်းအော့အံခြင်းအနာ,နဂါးတို့ အဆိပ်နှင့်တူသောနာ

ဝိသငန်း၊ အဘိညာဉ်ရောက်သောအနာ,ဌက်ဖျား များကိုနိုင်၏၊

**ခမုံစပါး။** လေသလိပ် သွေးကိုဖြောင့်စေ၏။ ခေါတ်လေးပါးနှင့်သင့်၏၊အစာကြေခြင်းကိုဖြစ်စေ၏၊သွေးသည်းခြေလေသလိပ်တို့ကို ညီမျှစေ၏၊ လေအားကြီးသောအနာ, အတွင်းပူသောအနာ, ရေငတ်သောအနာ,ဆာလောင် လှိုက်လှဲသောအနာတို့ကိုနိုင်၏။

**ခမုံ မွဲ။** ဝမ်းနှင့်သင့်၏။လေကိုအပြင်သို့နှင်ထုတ်နိုင်၏၊ဝမ်းချုပ်သောအနာ, တကိုယ်လုံး လေလှုပ်ရှားသောအနာ, အတွင်း ပူသောအနာ, နှလုံး သည်းခြေအဆုပ်နာ, လေခိုက်သောအနာ, နှလုံးသည်းခြေအဆုပ်ကြီးသော အနာ, အစာမကြေသော အနာ, သလိပ်ချွဲ ခန်းသောအနာများကို နိုင်၏။

**ခမုံမျိုး။** အော့နာ,လေနာကို ငြိမ်းစေ၏၊ အစာကြေခြင်းကိုပြုတတ်၏၊ နှလုံးကို ငြိမ်သက်စေ၏။

**ခမွတ်။** ဝမ်းပျက်နာ,လေနာ, နှုတ်မမြိန်သောအနာ, အစာမကြေသော အနာတို့ကိုနိုင်၏။

**ခူလာနဖါ။** သွေးနာ, ချောင်းဆိုးနာ, အဖျားနာများနှင့် သင့်လျော်၏၊ အသံကို ကောင်းစေ၏၊ အော့အန်နာ, ရေယုန်နာတို့ကို နိုင်၏။

**ခရိုမြစ်။** ခြောက်သော ဘင်နာကို နူးစေတတ်၏။ ဝမ်းမီးကိုတောက်ခြင်း၊ ပိုးသေခြင်းကို ဖြစ်စေ၏၊ အသံကိုပျက်စေတတ်၏။ဝမ်းချုပ်ခြင်း၊သလိပ်ပျော်ခြင်းကိုဖြစ်စေတတ်၏။

**ခရိုရွက်။** သွေး,သည်းခြေ, လေသလိပ်နာ, ပေါက်ပြန်၍ဖြစ်သော အထူးထူးသော အနာတို့ကိုအကြောင်းအားလျော်စွာ ပျောက်စေ၏။

**ခမ္ဘီ။** ခေါတ်ကျိုး ခေါတ်ပျက်များကို နိုင်၏။

စပါးကြီးသည်းခြေ။ ဝက်ရူးနာ, အလွန်လွတ်ခဲသော အနာ, မျက်စေ့နာ,ပိုးနာ, အလွန်ပူသောအနာ, သည်းခြေ အားကြီးသော အနာ, လေအားကြီးသော အနာ, သလိပ်အားကြီးသော အနာ, သလိပ်ခြောက်ကပ် သောအနာ, အတိညာဉ်သန္ဓိပါတ် ရောက်သော အနာ, လျှာနာတို့ကို နိုင်၏။

စိုင်ချို။ နာဂဝိသစသောအတက်နာ,ဆတွင်းခွဲသောအနာ, သွားနာ, ချွဲသောအနာ,ပေါ်ရောင်နာများကိုနိုင်၏။

စိုင်သား။ ချူဆိမ့်သောရသာရှိ၏။ဖော၏။လေနာကိုပယ်ဖျောက် နိုင်၏၊ ရက္ခပိတ်နာ သလိပ်ခန်းခြောက်သော အနာ တို့ကို နိုင်၏။

စာငယ်သား။ သန္ဓိပါတ်နာကို နိုင်၏၊သုက်ကိုရှင်း လေကိုရှင်း ပွါးစေ၏၊ ချူဆိမ့်သောရသာရှိသည်ဖြစ်၍ လူကို ဆုပြိုးစေတတ်၏။

စာဝတီးသား။ ဒေါသသုံးပါးကို အထူးအားဖြင့် နိုင်၏။

စစ်ကြီးရွက်။ ဝမ်းထဲ၌ရှိသောအနာ,ယုန်သမာစသောသွေးစုနာ အပေါင်းတို့ကို နိုင်၏။

စစ်ကြီးမြစ်။ ပျို့အန်သော အနာ, နှလုံး၌လှိုက်သဲ့သော အနာ, ရေငတ်သောအနာ,အဘိသာရ ဝမ်းများကို နိုင်၏၊

စန္ဒကူးဖြူ-နီ။ ခတ်ပျက်နာ,တြိဒေါသနာ, နှလုံးသွေးပျက်သော အနာ, မူးဝေသောအနာ, အိပ်မပျော်သော အနာ, နှလုံးတုန်လှုပ်သော အနာများကို နိုင်၏။

စစ်ကြီးခေါက်။ ခံတွင်းနာ, ချောင်းဆိုးနာ, သည်းခြေနာတို့ကို နိုင်၏။ ပိုးကိုသေစေ၏၊ နံပါးနှစ်ဘက် ထိုးကျင် ခြင်း၊ခရရုပ်နာ,ကြွက်ထိုးနာ,ဖျားနာများကို နိုင်၏

စွန်ပလွံသီးမှည့်။ ချို၏၊ ဖော၏၊အဆင်းသြဇာရှိ၏၊ လူကိုဆုပြိုးစေ တတ်၏၊ သွေးနာ,သည်းခြေနာ,ပန်းနာ,ခရုပ်နာ များကို နိုင်၏၊နှလုံးကိုကြည်လင်စေတတ်၏၊ အာ

ကိုဖြစ်စေ၏။အရွယ်ကိုပျို့စေ၏၊ကြေခံ-ကျက်ခဲ၏၊ ပူလောင်ခြင်း၊ ပမ်းခြင်းကို ပျောက်စေတတ်၏။

**ဒွန်ပလွံသီးစိမ်း။** ဖန်သော ရသာ အားကြီး၏၊ သလိပ်သည်း ခြေနာကိုနိုင်၏၊ချမ်းခြင်း၊လေတွဲခြင်း ဂုဏ်သတ္တိ ရှိ၏။

**စောင်းလျားသီးမှည့်။** ချို၏၊ စဉ်းငယ်ဖန်၏၊ နှလုံးကိုကြည် လင်စေ၏၊ခံတွင်းကို သန့်ရှင်းစေ၏၊ဒေါသသုံးပါး ကို ပျက်စေတတ်သော သတ္တိဂုဏ်ရှိ၏။

**စောင်းလျားသီးစိမ်း။** ထက်၏၊ပူ၏၊ ချဉ်သောရသာ ခါးသော ရသာ, ဖန်သောရသာရှိ၏၊ ဝမ်းမီးချက်ပြီးနောက် ချဉ်စပ်-ရသာရှိ၏၊သည်းခြေကို ပျက်စေ၏၊လေကို နိုင်၏၊

**ပျစ်သီးမှည့်။** ချိုသောရသာရှိ၏၊ အေး၏၊ အဆီဩဇာများ၏၊ ဝမ်းကိုသက်စေ၏၊ သုက်ကိုပွါးစေ၏၊ လေသည်း ခြေကိုနိုင်၏၊ လူကိုဆူဖြိုးစေ၏၊မူးဝေသောအနာ, ရေမွတ်သိပ်နာ, အဖျားနာ, ကိုယ်ပူနာ, တွေဝေ သောအနာများကိုနိုင်၏။

**ပျစ်သီးစိမ်း။** ရသာအားဖြင့် ချဉ်၏၊ ဝမ်းမီးကိုတောက်စေ တတ်၏၊လူကိုခြောက်သွေ့စေတတ်၏၊သွေးသည်း ခြေ လေသလိပ်ကို ပျက်စေတတ်၏၊ မူးချစ်တက် ကြွသော အနာများကို နိုင်၏။

**စောင်းချမ်းသီး။** ခြေကတက်၍ ဖြစ်သောအနာ, ပြည်နာ,ဒဏ် နာ, ပိုးနာ, မြင်းသရိုက်နာ,မုတ္တကိုတ် ခုလာသရော နာ,နူနာများကို နိုင်၏။

(ဆ)

**ဒိတ်ပုဒ်မူးရွက်။** ခါး၏၊ သလိပ်ကို နိုင်၏။

**ဒိတ်ပုဒ်မူးမြစ်။** လေသလိပ်ကို နိုင်၏၊ မြေကိုင်နာ,မြေဟပ်နာ, အုတ်,ပြိတ္တာကိုလည်း နိုင်၏။

**ဆူးလေမြစ်။** စမြင်းဒေါသကို နိုင်၏၊ ကိုယ်လက် ထုံကျင်နာ၊ ကိုက်ခဲ၊သလိပ်နာ၊လေနာ၊မုတ္တကိတ်နာများကိုနိုင် ၏၊ အားကိုဖြစ်စေ၏၊ အသားကို ပွါးစေ၏။

**ဆေးကာင်းပိန်း။** သွေးကို ငြိမ်းစေ၏၊ လေကိုကြေစေ တတ်၏။

**ဆယ်ထင်ခြင်း။** ပူ၏၊ သွေးကိုကြေစေ၏၊ လေကိုကြွစေ၏။

**ဆူးခေါက်နက်။** လေကို ကြေစေ၏။

**ဆေးပုလဲ။** သွေးကို ကြေစေ၏၊ လေကို ကြွစေတတ်၏၊ ထုတ်စေတတ်၏၊ဒလ်နာ၊လေကိုက်ခဲသောအနာ၊ ပရမေဟနာ၊ ချောင်းဆိုးနာ၊ သလိပ်နာကို နိုင်၏၊ မီးယပ်နာ၊ မီးယပ်သွေးပျက်နာ၊ မိန်းမောသော အနာများကို နိုင်၏၊ အသက်ကိုရှည်စေ၏။

**ဆေးဥတလုံး။** လေကိုကြေစေ၏၊ ထုတ်လည်း ထုတ်စေတတ် ၏၊ ငှက်ဖျားနာကို နိုင်၏။

**ဆင်သမနွယ်။** ပူသောရသာရှိ၏၊ လေကိုကြေစေ၏၊ သွေးကို ငြိမ်းစေ၏၊ အားကိုဖြစ်စေ၏၊ ကြိဒေါသနာ၊ ဓာတ် ကြီး ဓာတ်ပျက်နာ၊ ဝမ်းပျက်နာ၊ ဖျို့အန်သေ အနာ၊ချေဆပ်သောအနာ၊ သုက်ခန်းနာ၊ အဖျားနာ များနိုင်၏၊ ဓာတ်မီးကို တောက်စေ၏။

**ဆေးရွှေ။** ပူ၏၊ သလိပ်သွေးကို နိုင်၏။

**ဆင်ပိတ်ခြင်းမြစ်။** အသံကို ပျက်စေ တတ်၏၊ ဝမ်းမီးက တောက်စေတတ်၏၊ ပိုးနာများကို နိုင်၏၊ ဝမ်းက ချုပ်စေခြင်း၊ သလိပ်ချော်ခြင်းကို ဖြစ်စေ၏။

**ဆင်ပိတ်ခြင်းရွက်။** မုတ္တကိတ်နာကို နိုင်၏။

**ဆီးဖြူသီး။** ခြောက်သောဘင်ကို ကြေစေ၏၊ နူးစေ၏၊ အာ သာခြင်း၊ ကြိဒေါသနာ၊မျက်စိနာ၊ ပိုးနာကိုနိုင်၏

**ဆူးပုပ်ကြီးရွက်။** ဝမ်းမီးတောက်ခြင်း၊ အသမာ ပေါက်ခြင် တေဇောဓာတ်ကြောင့်ဖြစ်သောအပူနာ၊အောက် သက်သောလေနာ၊အထက်သို့ ဆန်တက်သောလေ

နာ,မီးယပ်၌အဆိပ်နှင့်တူသောသွေးကိုကြေစေ၏၊

**ဆင်နှာမောင်း။** မုတ္တကိတ်နာ, ဆီးအောင့်နာ, မြေဘုတ်ကို နိုင်၏။

**ဆောင်းမေးဂါ။** ဝမ်းကျသောအနာ, မြွေ၏အဆိပ်ကိုလည်း လျင်မြန်စွာ ပျောက်စေ၏။

**ဆင်ပြာသဲ။** လေကိုကြေစေ၏။

**ဆေးပုတ္တန်ထုပ်။** သွေး,လေနှင့် သင့်၏၊ ကျသော ဝမ်းကို ရပ်စေ၏။

**ဆင်ခြာ။** အပူကိုငြိမ်စေ၏၊ ဝမ်းချုပ်၍စမြင်းခံသောအနာကို နိုင်၏၊ သလိပ်ငန်း,လေငန်း,သွေးငန်း,ဓာတ်ညာဉ် သွေးဖေါက်သော အနာ, သွေးသည်းခြေ လေ သလိပ်တို့သည် အပူနှင့် ယှဉ်သောအနာ, အပူဝင် သောအနာ, ရင်နာ, ရင်လေးနာ, ရင်ခုန်နာ, ဝမ်း ချုပ်၍စမြင်းခံသော အနာတို့ကို နိုင်၏။

**ဆပ်သွားမြစ်။** မုတ္တကိတ်နုလာသရောနာကို နိုင်၏

**ဆန်ဆေးရည်။** အချမ်းကိုဖြင်း ဝမ်းရပ်ခြင်းကိုဖြင်း ပြုတတ်၏။ သွေးသည်းခြေကို ငြိမ်စေတတ်၏။

**ဆန်လှော်ရည်။** အပူအချမ်းကို ငြိမ်းစေ၏။ ဝမ်းရပ်ခြင်းကို ဖြစ်စေ၏။အထက်သို့ဆန်တက်သောလေနာ,သွေး နာ, သည်းခြေနာ, သလိပ်နာကို နိုင်၏။

**ဆင်သွားပန်း။** ခါးသောရသာရှိသည်ဖြစ်၍ သလိပ်ကိုနိုင်၏။

**ဆေးရွက်ကြီး။** သည်းခြေနာ, မူးဝေသောအနာ, ပထဝီဓာတ် များကို ကြွစေ၏။ပိုးသေခြင်းကို ပြု၏။

**ဆင်သာ။** လေနာ, သလိပ်နာ, အလွန်ခက်ခဲသော အနာ, ခြေနာကိုနိုင်၏။ အနာမြစ်ကို စားစေ၏။

**ဆိတ်သား။** ဓာတ်နာကိုဖြင်း ကိုယ်ရေ ခြောက်သော အနာကို ဖြင်း နိုင်၏။ကြေခဲကျက်ခဲ၍အဆီများ၏။ မလွှန်း မပူလွန်းမျှသော်သတ္တိရှိ၏။ဒေါသသုံးပါးကိုနိုင်၏။

ချူဆိပ်သော အရသာရှိ၏။ နှတ်ကိုမြိန်စေတတ်၏။ သုက်ကိုပွါးစေ၏။ လူကိုဆူဖြိုးစေတတ်၏။ အကျိုးဆယ်ပါးဖြိုး၏။ (ဤကား-ဆိတ်ပျိုသားကို ဆို၏။)

**ဆိတ်အိုသား။** လေကိုပွါးစေတတ်၏။

**ဆိတ်ယေ်သား။** ဖျားနာ,ဆီးသွန်နာများကို နိုင်၏။

**ဆတ်သား။** ဖြေ၏၊ ကြေခဲ ကျက်ခဲ၏။ သလိပ်ကိုပျက်စေတတ်၏။ လေ သည်းခြေကို နိုင်၏။ ဝမ်းမီး ချက်ပြီး နောက် ချူဆိပ်၍ပင် ကျက်၏။ အတိသာရဝမ်းလားနာ, ဒေါသသုံးပါးမှ လွတ်ခြင်း၊ ကိုယ်ဖေါ ကိုယ်ရောင်ခြင်းကို နိုင်၏။

**ဆိတ်သည်းခြေ။** မြေနှင့် ယှဉ်သော အနာ, မြေဘီလူးစွဲသော အနာ, ဝက်ရူးနာ,ကိုယ်လက်ကြိုသောအနာ,အသဲချဉ်သော အနာများကို နိုင်၏။

**ဆိတ်သွေး။** နှလုံးဆို့တောင့်သော အနာ, ခဝင်ချောက်ချားသောအနာ, ကိုယ်လက်သွေ့ခြောက်သော အနာ, အလွန်ကြို့သောအနာတို့ကို နိုင်၏။

**ဆိတ်သို။** သွေးလေ, သွေးမြွေသောအနာ, မူဆွကိတ်ရလာ သရောနာ, သုက်ခတ်ပျက်သောအနာ, အကြော အချဉ်သေး၍ အားနည်းသောအနာ,မျိုနွံသောအနာကို နိုင်၏။

**ဆင်စွယ်။** မျက်စေ့နာ, တိမ်နာ-စသောအနာ,ဒူတွင်းပူသော အနာ,သွေးသည်းခြေ သလိပ်အားကြီးသောအနာ, ကျောက် ဝက်သက်နာ, ငန်းနာ, အဘိညာဉ်သန္နိပါတ်နာကို နိုင်၏။

**ဆိတ်ချို။** မြေကိုင်နာ, အရိုးအသားစွဲသော အနာ, မျက်စေ့နာ,တိမ်စွဲနာ, သွေးအန်နာ,ပြည်နာ, ဒယ်နာ, ထွက် သက်မမှန်သောအနာ,ချောင်းဆိုးနာများကိုနိုင်၏။

**ဒိတ်ရိုင်းခေါ် တောဆိတ်ချိုး။** ဝမ်း၌ စမြင်းခံသော အနာ, သွေးလေအစုအဝေး ဖွဲ့သောအနာ,ရှေ့၌ ဖြစ်သော ဒဏ်နာ, ပြည်နာ,ပိုးနာ, မျက်စေ့၌ စွဲသောတိမ်နာ, သလိပ်အားကြီးသော အနာများကို နိုင်၏။

**ဒိတ်အခရိုး။** ရုန်း, ဘုတ်, တန္တြေ,မြေဘုတ်ဘီလူး ဖမ်းစွဲသော အနာ,ချိန့်သောအနာ,အဆိပ်အမျိုးမျိုး, ကျောက်, ဝက်သက်နာများကို နိုင်၏။

**ဒိမီးတောက်ပွင့်။** အသွန်မူးဝေသော အနာ, မည်မှန်းမည်ရာ မသိသောအနာ, လေနှင့် ယှဉ်၍ သွေးသည်းခြေ နောက်ကျိသော အနာ, ဝမ်းပြည့်သော အနာ, ပုဖျား, ဖျားများ အထက်သို့ လိုက်တက်သော အနာကိုနိုင်၏။

**ဒိပ်မလေးပွင့်။** ခြေကတက်သောအနာ, ငန်းရောက်သောအနာ, အပုပ်ဆန်တက်သောအနာ, မူးဝေပိုက်မျည်းသော အနာ, ပယောဂများကို နိုင်၏။

**ဒီးပြုသီးခြောက်။** ခြောက်သော သုက်, လေကို ကြေစေ၏။ မျက်စိနာ,သွေးသည်းခြေနှင့်ဖြစ်သော လေသလိပ် နာ, လျှာခံတွင်းသွေ့ခြောက်သောအနာ, ရေငတ် နာ,သလိပ်ချွဲးငန်းသွေ့ခြောက်သောအနာ,အသံ ပျက်နာ, မျက်စိနာ, အတွင်းပူနာတို့ကို နိုင်၏။

**ခင်ရွှေးဖြူစေ့။** အထက်သို့ တက်သောလေ, အောက်သို့သက် သောလေ, ဝမ်းကို ပြည့်စေသောလေ, ဝမ်းကိုက် လေ,ပိုးမျိုးလှုပ်ရှားသောလေနာ, နူနာ,သမင်ယက် နာ,ရင်၌ချွဲပြည့်သော အနာ,အပုပ် အားကြီးသော အနာ, အစာမကြေသော အနာများကို နိုင်၏။

**ဝင်ရွှေးနီစေ့။** လေအားကြီး၍ ဖြစ်သော သွေးနာ, သည်းခြေ နာ, သလိပ်နာ, အပုပ်နာ, ထေဓာလေးပါးနှင့် ယှဉ်သော လေနာများကို နိုင်၏။

**ဆူးပန်းစေ့။** သည်းခြေနှင့် ယှဉ်သော ခွေးဝမ်းနာ, ရင်ပြည့်
ရင်အင့်, ရင်လေးသော အနာများကို နိုင်၏၊ အာ
ကို ပွါးများစေတတ်၏။

(ဇ)

**ဇာဒိဗ္ဗိုလ်သီး။** ဝမ်းပျက်, လေပျက်ကို နိုင်၏၊ မူးဝေသော
အနာ, သလိပ်နာတို့နှင့် သင့်၏၊ ဂဝမ်းကျဝမ်းပျက်
များကို နိုင်၏။

**ဇာဒိဗ္ဗိုလ်ပွင့်။** သလိပ်နာ, လေနာ, အဖျားနာကို နိုင်၏။
(အသီးနှင့် အကျိုးသွားတူ၏။)

**ဇီယာ။** တြိဒေါသနာ, အချမ်းနာ, အကြောသို့ သွေးရှောက်
သောအနာ, အထက်သို့ တက်သော ဥဒ္ဓံဂါတလေ,
အောက်သို့သက်သော အဓောဂါတလေ, အဿ
သေယျလေ,ကောဋ္ဌာသယလေ, အစာမကြေသော
လေ,အသားအရေ သွေ့ခြောက်သောအနာ, ချွေ
မထွက်သော အနာများကို နိုင်၏။

**ဇလပ်တာ။** သွေးနာ, သလိပ်နာ, ပွန်းအန်သောအနာကို နိုင်၏
ပျို့အံသောအခါသွေးတောက်မြစ်နှင့် သွေးသောက်

**ဇောင်းချမ်းသီး။** သွေးကိုကြေစေ၏၊ လေကို နိုင်၏။

**ဇလပ်ဖြူမြစ်။** သွေးနာ, သည်းခြေနာ, သလိပ်နာ, နူနာ,ပိုးန
ကို နိုင်၏၊

**ဇလပ်ငုံ။** မျက်စိနာနှင့် သင့်၏၊ သလိပ်ကို နိုင်၏။

**ဇပါယ်။** လည်ချောင်း သလိပ်နာကို နိုင်၏။

**ဇော်ဂျီဦးထုပ်။** သွေးကိုကြွစေ၏၊

**ဇီးသီး။** သည်းခြေကြောင့်ဖြစ်သော အသူးထူးသောအန
ရောဂါဝမ်းခက်ခြင်း,ဥကျောင်းခဲခြင်းတို့ကိုနိုင်၏

...း‌ချော်။ လေနာ၊ သည်းခြေနာ၊ လေသည်းခြေနှစ်ပါးပေါင်း၍ ဖြစ်သော နွေးဝမ်းဖျားကို နိုင်၏။

(မှတ်ချက်) ဇီးသီးမျိုးတွင် "တောဇိရ" မည်သော စိမ်းသော အလုံးကြီးသော ဇီးသီးတမျိုး၊ "ကောလ" မည်သော အလတ်စား ဇီးသီးတမျိုး။ "ကက္ကန္ဓု" ...ည်သော ငယ်သော ဇီးသီးတမျိုး။ ဤဇီးသီးသုံးမျိုးကား အိမ်ဇီးသီးကိုယူလေ။ "ဇီးတလိုင်း" မည်သောတမျိုး။ "သင်းဘောဇီးသီးအမျိုး" "ဂန္ဓပလ" ...ိုင်းဇီးသီးတမျိုး။ "တောစပ်ဇီး" တမျိုးဟူ၍ ဇီးခုနစ်မျိုးရှိ၏။ ထိုခုနစ်မျိုးတွင် "စိမ်းသော အလုံးကြီးသော" ဇီးမျိုးသည် ချိုသောအရသာရှိ၏။ ကြေခဲ...။ ...သောဂုဏ်ရှိ၏။ သုက်နန်းခြောက်သောအနာ၊ နုတ်မမြိန်သောအနာ၊ ကိုယ်...နာ၊ ရေမွတ်သိပ်ခဲသော အနာတို့ကို နိုင်၏။ ဝမ်းကိုသက်မှုစတတ်၏။ နှလုံးကို ...မ်းစေတတ်၏။ မှည့်မှုကား လေနာ၊ သည်းခြေနာကို အထူးသဖြင့် နိုင်၏။

...းလတ်မျိုး။ ချို၏၊ နှုတ်ကိုမြိန်ရှက်စေတတ်၏။ ကြေခဲ၏၊ ကျက်ခဲ၏၊ အခင်းသြဇာများ၏၊ ဝမ်းကို ချုပ်စေတတ်သည်ဖြစ်၍ ဒေါသသုံးပါးလုံးကိုပင် တက်ကြွစေတတ်၏။ ဤဇီးလတ်မျိုးကား အချိုမျိုး အချဉ်မျိုးဟူ၍ နှစ်ပါး ပြားပြန်၏၊ အချဉ်မျိုး ဖြစ်မူကား သလိပ်နာကို နိုင်၏။ လေချုပ်၏၊ သည်းခြေကား ကြိုက်၏။

...းငယ်မျိုး။ ချဉ်သောရသာရှိ၏။ စဉ်းငယ်ဖန်၏၊ လေကိုနိုင်၏။ ဖြစ်ခဲသည်ဖြစ်၍ သလိပ်ကို ငြိကပ်စေတတ်၏။

တာဇီးသီး။ စဉ်းငယ်ခါးသော ရသာ သာလျှင်ထူးကဲ၏။

...းလတ်အချဉ်မျိုး။ ဇီးငယ်မျိုး တောစာဇီးမျိုးတို့သည်ကား ခြောက်သောကာလ သလိပ်နာ၊ လေနာကိုနိုင်၏။ သည်းခြေနှင့်ကား မဆန့်ကျင်၊ ဝမ်းကို သက်စေတတ်၏၊ ခွမ်းလျှသောအနာ၊ မွတ်သိပ်သောအနာကိုပျောက်စေ၏။

...းမှုန့်ခြောက်။ လေကို ပွါးများစေတတ်၏၊ ဝမ်းမီးတောက်၏၊ ကြေလွယ်ကျက်လွယ်၏။ မွတ်သိပ်သောအနာ၊ ပင်ပန်း ခွမ်းလျှသော အနာ၊ သည်းခြေနာများနှင့်သင့်၏။

တလိုင်းဇီးသီး။ သဘော်ဇီးသီး ဂန္ဓလဇီးသီးမျိုးတို့သည် ချိုး၏၊ စဉ်းငယ်ဖန်၏။ သိမ်မွေ့သော အရသာရှိ၏။ လေ သည်းခြေကို နိုင်၏၊ အားကိုဖြစ်စေ၏။ နှုတ်ကိုမြိန် စေတတ်၏။ နှလုံးကိုကြည်လင်စေ၏၊ ကြေခဲ၏၊ မျက်စေ့နာနှင့်သင့်၏၊ ဝမ်းမီးကိုလည်းတောက်စေ တတ်၏။ (သဘော်ဇီးသီး ဆိုသည်မှာ ထူနိုင်ယက် လာသော ဇီးချိုမျိုးနှင့်ပင်တူ၏ဟု ယူရန်ရှိ၏။)

ဇင်ပြွန်းသီး။ ဝမ်းမီးကိုတောက်စေတတ်၏၊ လေသလိပ်ကို နိုင် ၏။ ဝမ်းကိုချုပ်စေ၏၊ လူကိုခြောက်သွေ့စေတတ်၏။

ဇဝက်သာ။ ဒူလာသရောနာကို နိုင်၏။

## ( ည )

ညောင်ခေါက်။ လေကိုကြွစေ၏၊ သွေးငြိမ်းစေ၏၊ ညောင်ဗုဒ္ ဟေ ညောင်သပြေရွက် တို့သည် သည်းခြေနှင့် လျော်၏၊ အတိသာရ ဝမ်းကိုနိုင်၏။

ညောင်ကျပ်ပညောင်သီး။ ဖန်၏၊ စဉ်းငယ်ချို၏၊ ချဉ်၏၊ လေက ယူတတ်၏၊ ကြေခဲကျက်ခဲ၏။

## ( တ )

တောင်ဇလပ်။ လေသွေးနာ, မူးဝေသောအနာတို့ကို နိုင်၏။

တောင်ကဇွန်း။ သွေးနှင့်သင့်၏၊ ကြေလည်းကြေစေတတ်၏ တိမ်စွဲသောအနာကို နိုင်၏။

တိုလက်သာမြစ်။ ဝမ်းသွန်နာ, ဒူလာသရောနာ, ဒေါသသုံးပ ပျက်သောအနာ, အဖျားနာများကို နိုင်၏။ ကို လက်ကိုပေါ့ပါးစေ၏။

တောင်ဇလဲ။ သွေးကိုကြေစေ၏။

တောင်လက်ခိုက်။ သွေးကိုကြေစေ၏။

တောင်ဖြူကြီး။ ပူလည်းပူစေ၏၊ သွေးကိုကြွစေ၏။

တောရှောက်။ သွေးကိုကြေစေ၏၊ လေကိုကြွစေ၏။

**ဒေါဒဆောင်မေခါ။** ထုပ်ဆပ်သောအနာ, ကျိုးသောအနာ, ပြတ်သောအနာ, သွေးနာ, သုက်နာ, မုတ္တကိတ် အနာများကို နိုင်၏။

**ဘန်ကျင့်ခေါ်သခော်ခနီပဆေးမြစ်။** နူနာ, အသံပျက်နာ, ရောင်ရမ်းနာများကို နိုင်၏၊ အဆင်းကိုကြည်လင် စေ၏။

**ဘွင်းနက်ကြီး။** တွင်းနံက်ငယ်။ ။ဝမ်းကျသောအနာ, ရေငတ်သောအနာတို့ကို လျင်မြန်စွာပျောက်စေ၏။ ဝမ်းသွန်နာ,ဒုလာသရောနာ, ဒေါသသုံးပါး ပျက်သော အနာ, အဖျားနာများကို နိုင်၏၊ ကိုယ် လက်ကို ပေါ့စေ၏။

**ဘဇွတ်မြစ်။** သွေးကိုလည်း ကြေစေတတ်၏၊ ငြိမ်းလည်းငြိမ်း စေတတ်၏။

**ဘဇွတ်ဖို။** သွေးကိုပူစေတတ်၏။

**ဒေါင်မှိုလင်း။** လေကို ကြွစေတတ်၏၊ သွေးကို ဖြေစေတတ်၏။

**ဘပဆေး။** သွေးကို ငြိမ်းစေတတ်၏၊ ရောင်ရမ်းနာ, လေနာ, များကို နိုင်၏။

**ဘင်လဲ။** ဝမ်းမီးတောက်ခြင်း, အသား ဆုပြောခြင်းကိုပြု တတ်၏၊ သလိပ်ကို နိုင်၏။

**ဘမာမြစ်။** သည်းခြေပျက်နာ, သလိပ်ပျက်နာ, အော့အန်နာ, ပေါက်သောအနာ, နှလုံးတုန်လှုပ်သောအနာ,နူနာ, များကို နိုင်၏။

**ဘမာသီး။** စပ်သောရသာရှိ၏၊ ပိုးနာ,ဒုလာသရောနာများကို နိုင်၏။ ဝမ်းမီးတောက်သော အနာ, အလုံးအခဲ တည်သောအနာ, မြင်းသရိုက်နာများကို နိုင်၏။

**ဘမာရွက်။** သလိပ်သည်းခြေနာ, မုတ္တကိတ်နာ, မုတ္တကစ်နာ, ထုန်ထုံန်ဟိုက်ဟိုက် ရှိသောအနာ,သည်းခြေပျက် အနာ,ချောင်းဆိုးနာများကိုနိုင်၏၊အာကာသဓာတ်

ကိုကြေစေ၏၊ ပိုးနာ, နူနာ, ဝမ်းပြည့်သော အနာ,
ကျက်သောကာလ စပ်ချိုကျက်၏။

**တောင်ပိန္နဲသီးစိမ်း။** ချို၏၊ ချဉ်၏၊ ကြေခဲ ကျက်ခဲ၏၊ ဒေါသ
သုံးပါးကို ပျက်စေတတ်၏၊ သုက်နာ, မျက်စိနာ
နှင့် သင့် မသင့်။

**တောင်ပိန္နဲမှည့်။** ချို၏၊ ချဉ်၏၊ သလိပ်ကို ပွါးစေတတ်၏၊
ဝမ်းမီးကို တောက်စေတတ်၏၊ လေသည်းခြေကို
နိုင်၏၊ ဝမ်းကိုချုပ်စေ၏။

**တလဲသီးခေါ်မျိုး။** ရသာအားဖြင့် စဉ်းငံဖန်၏၊ ကြေခဲ၏၊
လေသည်းခြေကိုနိုင်၏၊ ရေငတ်သောအနာ,ကိုယ်ပူ
နာ,သုက်ခန်းခြောက်သောအနာ, နှလုံး ကို တောင့်
သောအနာ, လည်ချောင်းနာတို့ကို နိုင်၏၊ အဆီ
ဩဇာရှိသည်ဖြစ်၍ ဉာဏ်ပညာ ခွန်အားကိုလည်း
ပွါးစေတတ်၏။

**တလည်းချဉ်သီး။** သလိပ်ကိုနိုင်၏၊ လေသည်းခြေကို ပျက်စေ
တတ်၏၊ ဖန်၏၊ ပူ၏၊ နှလုံးကို ကြည်လင် စေ
တတ်၏၊ နှုတ်ကိုမြိန်စေ၏၊ ဝမ်းချုပ်၏၊ ဝမ်းမီးကို
တောက်စေ၏။

**တောကြက်သား။** လေသည်းခြေကိုနိုင်၏၊ ဖျားနာ,ခရုပ်နာ,
အော့အန်နာ,လူပျိုပိန်ချုံးသောအနာတို့နှင့်သင့်၏၊

**တည်သီးမှည့်။** ချိုသောရသာရှိ၏၊ ဖော်သည်းခြေနာ, သလိပ်
နာ, သွေးနာ, တွေဝေသော အဖျားနာကို နိုင်၏
ကြေခဲ ကျက်ခဲ၏။

**တည်သီးစိမ်း။** ဖန်၏၊ ဇ၏၊ ဝမ်းကိုချုပ်စေတတ်၏၊ လေက
ပေါ်စေ၏၊ သလိပ်သည်းခြေကိုပျက်စေ၏၊ရင်ဆို
မြို့၏၊ လျှာကို ဖန်စေတတ်၏။

**တညင်းသီး။** လေသလိပ်အားကြီးသော အနာ, သည်းခြေ
ဆာလောင်သော အနာ, အပူနှင့်တကွ ဖြစ်သေ

အပုပ်နာ,ပါဒရက်ခြေကတက်သောအနာကိုနိုင်၏။

**တောင်ကြာခုသီး။** သွေး သည်းခြေ လေ သလိပ်တို့ ကြောင့် ဖြစ်သော အဘိညာဉ် သန္နိပါတ်နာ,နှလုံးမွေ့လျော် သောအနာ, အလွန်ပူသောအနာကို နိုင်၏။

**တာကြက်ရိုး။** ခါးသောရသာရှိ၏၊ ချောင်းဆိုးနာ,အသံပျက် နာ, သွေးသည်းခြေနာကို နိုင်၏။

(ထ)

**ထင်းရှူးကြီး။** အစာကို ကြေစေ၏၊ လေကိုနိုင်၏၊ ဖျားနာ, ကြက်သရေမရှိသောအနာ,ပူသည်ကိုဖြေစေ၏၊ဆိမ့် သော ခါးသောရသာရှိ၏၊အနံ့မကောင်းသောချွေး ကိုပျောက်စေ၏။

**ထောက်ရှာမြစ်။** အတွင်းအပသွေးကို ငြိမ်းစေ၏။

**ထောက်ရင်မြစ်။** သွေးသလိပ် သည်းခြေနာ, အသံပျက်နာ, ရောင်ရမ်းသောအနာကို နိုင်၏၊ မျက်စိနာနှင့်ကား သင့်၏။

**ထောက်ခင်ပိုခေါ်ကြံပိုးမြစ်။** အကြော အသား အရေ တို့ကို နူးညံ့စေတတ်၏၊ နှုတ်ကိုမြိန်စေတတ်၏၊မျက်စိနာ နှင့်ကား မသင့်။

**ထန်းရေခါး။** သည်းခြေခိုက်၍ ဖိပ်သောအနာ, ဓာတ်မီးငုပ် သော အနာကို နိုင်၏၊ ကြေလွယ်၏၊ ဝမ်းမီးကို တောက်စေ၏၊ နှုတ်ကိုမြိန်စေတတ်၏၊ ခံတွင်းကို ရှင်းလင်းစေတတ်၏၊ ကိုယ်အလုံးကို ပွံ့နွံ့၍ သွေး ကိုကြွစေပြီးလျှင် မူးဝေစေတတ်၏၊ သည်းခြေကို ပျက်စေ၏။

**ထန်းရေချို။** လေသည်းခြေကိုနိုင်၏၊ ဆီးကိုများစေ၏၊အခိုးကို ထုတ်စေ၏။

**ထန်းပင်မြစ်။** ဆိမ့်၏၊ခါး၏၊ ပထဝီဓာတ်ကိုပွင့်စေ၏၊အသက် ရှည်စေ၏၊ သွေး သလိပ် သည်းခြေနှင့် သင့်၏၊

စဉ်းငယ်ဖန်၏ လေကိုနိုင်၏၊အားနှင့်တကွသုက်ကို
ပွါးစေ၏၊ဝမ်းမီးကို ဖြောင့်စေခြင်း၊နှုတ်ကိုမြိန်စေ
ခြင်းသတ္တိရှိ၏။

**ထန်းသီးမှည့်အသား။** ချို၏၊ ဖေး၏၊ လေသည်းခြေနာကို နိုင်၏
အားကို ဖြစ်စေတတ်၏၊ လူကို ဆူဖြိုးစေတတ်၏
ပုံးနာ,နူနာ,ရက္တပိတ်နာကိုနိုင်၏၊ ကြေခဲကျက်ခဲ၏
အဆင်ပြဖြာရှိ၏၊ ကျင်ကြီးကိုချုပ်စေ၍ ကျင်ငယ်
ကိုပွါးစေ၏။

**ထန်းသီးမှည့်ဆံ။** ကျင်ငယ်ကို ထုတ်စေတတ်၏၊ သည်းခြေ
နာကို နိုင်၏၊ ဝမ်းမီးချက်၍ ကျက်သောကာလ
ချိုဆိမ့်၍ကျက်၏။

**ထန်းဆံချည်သွေး။** ချို၏၊ ဖေး၏၊ သလိပ်နာ, လေနာကိုနိုင်၏
နှုတ်ကိုမြိန်စေတတ်၏၊ ဆီး လွှင်စေတတ်၏။

**ထန်းသီးနု။** ချို၏၊ ဖေး၏၊ ဖန်၏၊ လေကိုချုပ်စေ၏၊ ဤထန်းသီး
နှဆံ၏ အကာသည် ဖန်သောရသာ ကြီးကဲသည်
ဖြစ်၍ လေကိုချုပ်စေတတ်၏။

**ထန်းရေစုပ်။** ဝမ်းလေကို ငြိမ်ဝပ်စေ၏၊ သွေးသက်နာမျိုးနှင့်
သင့်၏။

**ထောက်ရှာခွက်။** ဝမ်းမီးခြောက်ပါးကိုဎင်း၊ သွေးကြေသော
အနာကိုဎင်း၊ လေသည်းခြေနာကိုဎင်း၊ အစာကြေ
ခြင်းကိုဎင်း၊ ဝမ်းမီးတောက်ခြင်းကိုဎင်း ပြုစေ၏

**ထန်းလျက်။** ငန်၏ သွေးလေ သည်းခြေကို နိုင်၏၊ဝမ်းကိုလာ
စေ၏၊ သလိပ်ကို ကြေစေ၏၊ သွေးသည်းခြေ
လေကိုငြိမ်းစေ၏၊ နူနာချမ်းသာစေတတ်၏၊ သုက်
ကိုပွါးစေတတ်၏၊ အသားကို ပွါးစေတတ်၏
အားကိုပွါးစေတတ်၏။

**ထုံး။** အပူကြောင့်ဖြစ်သော အနိုးအကာင်းကိုဎင်း၊ သည်း
ခြေကိုဎင်း၊ပထဝီဓာတ်ကြောင့်ဖြစ်သော အစြိ

အဖုကိုရင်း၊ အဆိပ်ကိုရင်းနိုင်၏ ပူသောရောဂါ ခပ်သိမ်းသောနေးနာ, သည်းခြေနာ, အသည်း, အဆုပ်,နှလုံးကြီးသော အနာ, မုတ္တကိတ်နာ, နူလာသရောနာ,ဝမ်းလားနာ, ဝမ်းကိုက်နာ, အော့အန်နာ,အလွန်ဖသောအနာ,အလွန်ပူသောအနာ,သွေးမညီမျှသောအနာ, သလိပ် အားကြီးသော အနာများကို နိုင်၏။

**ဝန်းဗိုပွင့်။** သလိပ်အားကြီးသော အနာ, ချောင်းဆိုးသော အနာ,အစာမကြေသောအနာ, အဖိတ္တလေခံသော အနာများကို နိုင်၏။

**ဝနေခင်းစေ့။** အလွန်ပူသောလေနာ,အစာမကြေသောအနာ, လေချုပ်သောအနာ,တကိုယ်လုံး ထုံကျင်ကိုက်ခဲသောအနာ, နူနာတို့ကို နိုင်၏။

**ဝိန်မြစ်။** သွေးလေကို ငြိမ်းစေတတ်၏။

( ဒ )

**ဒန့်ချွဲမြစ်။** သလိပ်နာ, လေနာ, နူနာ, မြင်းသရိုက်နာ, ဝမ်းဦ အလုံးအခဲရှိသော အနာများကို နိုင်၏။

**ဒန့်ဒလွန်ရွက်။** တေဇောကြောင့် ဖြစ်သောအပူနာကို နိုင်၏၊ အစာကြေခြင်း၊ သွေးလေတို့ကိုကြေစေ၏၊ဝမ်းမီးကို တောက်စေ၏၊ အဖျားနာ,သလိပ်နာကို နိုင်၏။

**ဒန့်ဒလွန်သီး။** စည်းငယ်ချိုသည် ဖြစ်၍ ဖန်သော ရသာရှိ၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ ပန်းနာ,နူနာ,ဂူနာ, ရင်ဘတ်နာ,ဓာတ်ကုန်ခန်းသော အနာကို နိုင်၏။

**ဒန့်ဒလွန်ပွင့်။** စည်းငယ်စပ်၏၊ သလိပ်ကိုနိုင်၏၊ ပုံးနာ, ဂူနာ, အမာနာ, အကြောအချည် ရောင်ရမ်းသော အနာတို့ကို နိုင်စေ၏။

**ဒန့်ချွဲစေ့။** သည်းခြေနာ,မုတ္တကပ် မုတ္တကိတ်နာ,ပွေး, ညှင်း, သမင်ယာက် နူနာကို နိုင်၏။

**ဒန့်ဒလွန်ဖြူမြစ်။** စပ်သော ရသာရှိ၏၊ ထက်၏၊ ရောင်ရမ်းသော အနာ၊ ဝမ်းရိုင်သော အနာ၊ သွေးနာ၊ နူလာ၊ သရေနာကို နိုင်၏။

**ဒန့်ဒလွန်နီမြစ်။** စပ်၏၊ အသံကောင်းခြင်းကို ဖြစ်စေ၏၊ ရောင်ရမ်းသော အနာကို နိုင်၏။ ဝမ်းမီးကို တောက်စေ၏။

**ဒန့်ဒလွန်စေ့။** မျက်စေ့နာနှင့် သင့်၏။

**ဒေဝတာခေါ်နဘီသင်း။** စဉ်းငယ်ပူ၏။ ကြက်လွယ်၏။ လေနာကို နိုင်၏။

**ဒန္တကူမြစ်။** နူနာပေါက်သော အနာ၊ အမာနာ များကို နိုင်၏

**ဒဟပ်မြစ်။** ပူ၏၊ သွေးကိုငြိမ်းစေ၏၊ လေကိုကြွစေ၏၊

**ဒဟသကိုင်း။** လေကို ကြွလည်းကြွစေ၏၊ ကွလည်းကွတက်စေ၏၊ ထုတ်လည်း ထုတ်တတ်၏။ သွေးကိုကွစေ၏ ပူ၏၊ အသံ ကုပ်ဟီး ထွက်သောအနာ၊ ချောင်းဆိုးကြီးသော အနာ၊ ကြို့ထိုး ခြောက်ကပ်သောအနာတို့ကိုနိုင်၏၊ အသက်ကိုရှည်စေ၏၊ ခရရုပ်နာ၊ ပန်းနာ၊ သလိပ်နာများနှင့် သင့်မြတ်လှ၏။

**ဒေါနပန်း။** သလိပ်နာ၊ ရောင်ရမ်းသောအနာများကို နိုင်၏။ ပြီးဟောဝ်သော အညစ် အကြေးကိုလည်း နိုင်၏။ ယခုအခါပန်နေကြသော ဒေါနပန်းကိုယူကြပါ၏။

**ဒရယ်သား။** ချိုခြင်မွှေးသောအရသာရှိ၏။ ဒ၏ လေသည်းခြေကို နိုင်၏၊ ကြွခဲကျက်ခဲ၏၊ အားအသားကိုပွါးစေ၏။

**ဒုဋ္ဌာ။** အနာစားခြင်းကိုပြုတတ်၏ ရက္ခပိတ်အနာကိုနိုင်၏၊ မကောင်းသောအပုပ်နာကို စုတ်တတ်၏၊ ပိုးနာကို ငြိမ်းစေ၏၊ ဝမ်းကိုလည်း လားစေ၏။ ချွဲသလိပ်ကိုလည်းပြင်သို့ထွက်စေတတ်၏။ မျက်စေ့နာနှင့်သင့်၏။ လိုက်တက်သောအနာ၊ ရက္ခပိတ်နာကိုနိုင်၏။

နရင်းသီး။ ရင်၌ဖြစ်သော လေပူနာ, အစာကြေခြင်း, ကျောက်ကြီး ကျောက်ငယ်အောင့်သော အနာကို နိုင်၏။

( ဓ )

ဓုတ်မြစ်။ ခါး၏၊ ဒေါသသုံးပါးကို နိုင်၏။ အစာကိုကျေစေ၏၊ ဝမ်းကိုပျော့စေ၏။

(န)

ရပဏ္ဏီသီး။ သလိပ်ကို နိုင်၏။

နွားစာဒုတ်မြစ်။ အသံကို ကောင်းစေ၏၊ အဖျားနာ,အော့အန်နာ, သည်းခြေနာ, ရေသလိပ်နာများကို နိုင်၏။

နွားမျက်ရင်းကြီးမြစ်။ ခါး၏၊ စပ်၏၊ သလိပ်ကို နိုင်၏။ ဝမ်းကို ပျော့စေတတ်၏။ ဝမ်းမီးကို တောက်စေ၏။ သွေး သည်းခြေနှင့်သင့်၏၊ အဆိပ်အကင်းကို နိုင်၏။

နွားမျက်ရင်းသိမ်ခေါ်ရင်နှောင်မြစ်။ သည်းခြေ နာ, မြင်သရိုက်နာ,ကိုယ်ပူနာ, အပူဝင်သောအနာ,မုတ္တကိတ် မုတ္တကပ်နာကို နိုင်၏၊ မျက်စေ့နာနှင့် သင့်၏။

နွားမျက်ရင်းငယ်။ သလိပ်နာ, ရင်နာကို ကြေစေ၏။ ဝမ်းကို လည်း ရပ်စေ၏။

နိမသိမ်။ ပွေးနာ,နူနာ,အထက်သို့ ဆန်တက်သောအနာများ ကို နိုင်၏။

နွယ်ပုပ်။ လေနှင့်သင့်သောသွေးကိုပယ်၏၊အားကိုဖြစ်စေ၏။

နွယ်ချိုမြစ်။ ကိုယ်ကို ဆူဖြိုးစေတတ်၏။ အားကိုဖြစ်စေတတ် ၏၊ သလိပ်နာ,လေနာကို နိုင်၏။

နွယ်ချို။ ချောင်းဆိုးနာ, သွေးနာ, သလိပ်နာကို နိုင်၏။ ကြည်သောအသံကို ဖြစ်စေတတ်၏။

နွားချောကြီး။ ပူစေတတ်၏၊ သွေးကိုကြေစေတတ်၏၊လေကို ကြွစေ၏။

န ရွှဲ။ လေကိုငြိမ်းစေ၏၊ သွေးကိုကြေစေ၏။

**နာကြမြစ်။** စမြင်းဒေါသကိုနိုင်၏၊ ကိုယ်လက်ကိုက်ခဲထုံကျင်သောအနာ, သလိပ်နာကို နိုင်၏။

**နှင်ချို။** လေကို ထုတ်တတ်၏၊ ချွေးစေး ထွက်သော အနာ, လေပျက်နာ, နူနာ, ပိုးနာကိုနိုင်၏။ ဝမ်းကိုဖြောင့်မတ်စေ၏။

**နှင်ချိုကြီး။** လေကိုကြေစေ၏၊ သွေးကိုငြိမ်စေ၏၊ ဓာတ်မီးတောက်ခြင်း, အစာကြေခြင်း, အသက်ရှည်ခြင်း, ပညာပွါးခြင်းကို ဖြစ်စေ၏။ မြေဘုတ် ပြိတ္တာကိုနိုင်ခြင်း, အသင်းနှင့် ပြည့်စုံခြင်း, အားကို ဖြစ်စေခြင်းများကိုဖြစ်စေ၏၊ ဝမ်းကိုလားစေ၏။

**နွားသား။** တရံတခါ သလိပ်ရောဂါကို လျှော်မြန်စွာပျောက်စေ၏၊ ကြေခဲကျက်ခဲ၏၊ သလိပ်နှင့်တကွ သည်းခြေကိုပျက်စေ၏၊ လေနာ,နှာစေးနာကို နိုင်၏၊ဝမ်းမီးထက်သော အနာနှင့် သင့်၏။

**နွားနို့။** ပညာပွါးခြင်း, အသက်ရှည်ခြင်းကို ပြုတတ်၏။ ပုပ်သောအနာ,သွေးနာ, လေနာ, ချောင်းဆိုးနာ, ရက္ခပိတ်အနာတို့ကို နိုင်၏။

(**မှတ်ချက်**) ဝေသိမ်းသောနို့ရည်တို့တွင် ဟောမန္တရတု၊ ဝသန္တရတု၊သိသိရရတု၊ ဝဿန္တရတုတို့၌ ဖြစ်သော နို့ရည်ကိုသာ ဆိုသတည်း။

**နာနတ်သီး။** လေနာ, သလိပ်နာ, သည်းခြေနာ, ဝမ်းခက်ခြင်းအထူးထူးသော မြင်းသရိုက်နာအမျိုးမျိုး၊ ကျင်ငယ်အောင့်သောအနာ,အထက်သို့ဆန်တက်သောအနာ, လေကြောင့် ခြေလက်အင်္ဂါချို့နဲ့သောအနာ, အတိသာရ ဝမ်းများကို နိုင်၏။

**နနွင်း။** ပူ၏၊ပူသောဓာတ်အခိုးရောက်သည်။ရသာလည်း ဖြေသော အခိုးရောက်သည်ဖြစ်၍ သွေးပုပ်-လေပုပ် သည်းခြေအပုပ် အာဟာရ အခိုးအကင်း တို့ကို ကြေစေနိုင်၏၊ ဖြသော အာဟာရ လွန်၍ချမ်းသည်။

ဝါယောဆောင်၍ချမ်းသည်။ တေဇောဆောင်၍ချမ်းသည်၊ သွေးကို နွေးစေတတ်၏၊ ဓာတ်မီးလွန်၍ အပူရောက်သည်ကိုလည်းငြိမ်းစေတတ်၏။ လေသလိပ်သွေးကိုလည်းနိုင်၏၊ ထုံးနှင့်ရောစပ်လျှင်၊ ဓါတ်အခိုးလွန်သမျှကိုငြိမ်းစေ၏၊ အပူဓာတ်မီးညှိသည်ကိုလည်း တေဇောဓာတ်မီးတောက်အောင်ပြုတတ်သည်။ အကာသဓာတ်မရှင်းမလင်း၍ မွှေးတွင်းစာသည့်မပွင့် အောက်နှင့်အထက်ပိတ်၍ ထားသော ဓာတ်ငုပ် ဓာတ်ချုပ်များကိုလည်း ပွင့်စေတတ်၏။

**နှင်းဆာမြစ်။** ချိုသော ရသာရှိ၏၊ လူကိုနုပျို စေတတ်၏၊ အသက်ကိုရှည်စေတတ်၏၊ မုတ္တကိတ်နာကို နိုင်၏။

**ရွှံသီးအကြီးမျိုး။** စဉ်းငယ် ချိုသောရသာ ရှိ၏၊ ချဉ်သောရသာလည်း ရှိ၏၊ အဖျားနာ, အဆိပ်သင့်သောအနာ,များကို နိုင်၏၊ ဒေါသသုံးပါးကိုလည်း ငြိမ်ဝပ်စေတတ်၏။

**ရွှံငယ်အမျိုး။** ချိုသောရသာရှိ၏၊ အကြီးမျိုးနှင့်အကျိုးသွားတူ၏။ "ထိုနရွှံငယ်မျိုးကိုခွေးရှာနရွှံ" ဟုခေါ်၏၊ (ထိန်သီး မဒရူသီးတို့ကား ထိုနရွှံနှင့် အကျိုးသွားတူ၏။)

**နှင်းပွင့်။** သွေးကို ငြိမ်စေတတ်၏၊ ပူဖျား, ဖျားနာ, ဝမ်းမီးမညီမျှသောအနာ, လိုက်တက် ဆာလောင်သောအနာ, အသည်း အဆုပ် ကြီးသောအနာ ချောင်းဆိုးနာ, မူးဝေဂေင်ပန်းသောအနာများကို နိုင်၏။

**နှယ်ပန်းပွင့်။** မူးဝေသောအနာ, ပြန့်လွင့်သောအနာ, ချွဲသလိပ်ထန်သောအနာ, တကိုယ်လုံး လေကြွပ်သောအနာများကို နိုင်၏။

**နှမ်းစေ့။** ဓာတ်ပျက်သောအနာ, သည်းခြေပျက်သောအနာ, လိုက်လှဲသောအနာ, ဝိန်ကြုံခြောက်ကပ်သောအနာ, ကိုနိုင်၏၊ အားကိုပွါးစေ၏။

**နံ့သာဖြူမြစ်။** အားကိုဖြစ်စေ၏၊ သလိပ်ကို နိုင်၏။

**နံ့သာနီမြစ်။** မျက်စိနာ၌နှင့်သင့်၏၊ သွေးသည်းခြေနာ, ပေါက်သောအနာများကို နိုင်၏။

**နံ့သာဆီ။** တွန့်လိပ်သောအနာ, သလိပ်သည်းခြေနာ, ကျောက်ကြီး ကျင်ငယ်အောင့်သောအနာကို နိုင်၏၊ ပညာပြန့်ပွါးခြင်း, ဝမ်းမီးတောက်ခြင်း, အသားအရေ ချောက်ခြင်းကို ပြု၏။

**နံ့သာဖြူ။** ဗြဲဒေါ်သသုံးပါးနာ, အဆိပ်အကင်းနာ, သွေးနာများကို ကြွစေ၏၊ သွေးညှိသော အနာများကိုသွေးဆေးများနှင့်တိုက်ပါက သွေးကိုပွါးစေ၏။

**နံ့သာနီ။** သွေးနာ,သလိပ်နာ,မျက်စိနာ, ရင်နာ,အပူနာများကိုနိုင်၏၊ သွေးပျက်,သွေးတက်, သွေးကင်းများကို သွေးဆေးနှင့် တိုက်ရ၏။

## (ပ)

**ပဒုမ္မာကြာမြစ်။** နူနာ, ပေါ်ရောင်နာ,ပေါက်သော အမာနာများကို နိုင်၏၊

**ပင်စိမ်းမြစ်။** အစာကိုကြေစေ၏၊ ကျက်စေ၏၊ ပိုးနာ, လေနာ, သလိပ်နာကို နိုင်၏၊ ကောင်းသော အနံ့ရှိ၏။ ဝမ်းမီးကို တောက်စေတတ်၏၊ နှုတ်ကိုမြိန်စေတတ်၏၊ နှုတ် ခံတွင်း သန့်ရှင်းခြင်းကို ပြုတတ်၏။

**ပင်စိမ်းရွက်။** အစာကြေခြင်း, ခံတွင်းအနံ့မကောင်းခြင်း,အသံသာခြင်း,အသက်ရှည်ခြင်းကို ပြုတတ်၏၊ အပူနာ, ချောင်းဆိုးနာ, ပိုးကိုသေစေခြင်း, ထိုးကျင်သောအနာ,သလိပ်ထသောအနာ, ရင်ဆို့မြိုသောအနာများကို နိုင်၏။

**ပင်စိမ်းကြီးရွက်။** . ဝမ်းမီးမညီမျှခြင်း, နှုတ်မမြိန်ခြင်း, အသံမထွက်ခြင်း, ထုံကျင်ကိုက်ခဲသော အနာ, မစားချင်

သောအနာ, ထွက်သက် ဝင်သက် မညီမျှသော အနာ,ချောင်းဆိုး ကုပ်ဟီးနာ, ပူလောင် လှိုက်လှဲ သောအနာ, လေနာတို့ကို နိုင်၏။

ခုံးရေး။ ဝမ်းမီး မညီမျှသော အနာ, သည်းခြေနာ, ချက်တိုင်ရစ်သော အနာ, ဥကျောင်းခဲသော အနာကို နိုင်၏။

ပါက်နွယ်မြစ်။ လွန်စွာ လူကိုဝဖြိုးစေတတ်၏။ ပညာအသက်ကို ပွါးစေတတ်၏။

ဉာလက်ာ။ အစာသစ်ကိုမှီ၍ ထိုးကျင်သောအနာ,ပြကတေ့လေနာကို နိုင်၏၊ သွေးလေတို့ကို ကြေစေ၏။ သလိပ်နှင့်သင့်၏။ မုတ္တကိတ်နာ, နူလာသရောနာတို့ကို နိုင်၏။

နိုးမဲမြစ်။ သွေးကိုကြေစေ၏၊ လေကိုကြေစေ၏။

နိုးညက်ပွင့်။ သည်းခြေနာ, လေနာ, သလိပ်နာ, မြင်သရိုက်နာများကို နိုင်၏၊ မူးဝေသောအနာ, မျက်စိနာ, လေထွက်သောအနာကို နိုင်၏။

ခတောက်ပန်း။ သလိပ် အားကြီးသောအနာ, ဝမ်းလားသောအနာ, လေတိုက်ခိုက်၍ နှလုံး ဆို့တောင့်သောအနာ,လက်ပစ်ခြေပစ်ရှိသော အနာ,ခပ်သိမ်းသော အဖျားနာများကို နိုင်၏။

ပန်းနွဲ့ဆေး။ (တလိုင်းခေါ်)ဝမ်းလားသောအနာ, သလိပ်နာကို နိုင်၏။

ခုံး။ ခတ်ချောက်ချားသောအနာ,လေသည်းခြေတို့ကို ကြေစေ၏၊ဝမ်းသွေးကျသောသူ၊ ချွေးထွက်သောအနာနှင့် အထူးသင့်တော်၏။

ငါးတော်သိမ်း။ ဝမ်းလားအနာ, သလိပ်နာကို နိုင်၏။

နိုးမြက်မြစ်။ အပူလေကို နိုင်၏၊ (ပန်ရင်းလည်းခေါ်၏။)

ခိုင်းစွာ။ လေကို အထူးနိုင်၏။

ပေါက်သီး။ စပ်သောရသာရှိ၏၊ ပိုးနာ, နုလာသရောနာများကို နိုင်၏၊ ဝမ်းမီးတောက်သော အနာ, အလုံးအခဲ တည်သောအနာ,မြင်းသရိုက်နာများကို နိုင်၏။

ပတဲဂေါ။ သွေးသလိပ်ကို ကြေစေ၏၊ လေကိုကြွစေ၏၊ အပူ အချမ်းကိုဒုင်း အဆိပ်မျိုးကိုဒုင်း ရောင်ရမ်းသော အနာများကို နိုင်၏။

ပင်လယ်ကာသစ်ပွင့်။ သွေးကိုကြေစေ၏၊ နာဂဗိသင်းကို နိုင် ၏၊ နှလုံးကို ငြိမ်စေ၏။

ပင်လယ်ချေးပိ။ သွေးလေသလိပ်နှင့်သင့်၏၊ အစာကြေခြင်း ဖြစ်စေ၏။

ပင်လယ်ခရုမွှေး။ လေနှင့်သင့်၏။

ပင်လယ်ခုံးသီး။ သွေးနှင့်သင့်၏၊ ဝမ်းသွေးကျသော အနာကို နိုင်၏။

ပိတ်ခြင်းမြစ်။ ခြောက်သော ဘင်နာကို နူးစေ၏၊ အသံကို လည်းပျက်တတ်၏၊ ဝမ်းမီးတောက်ခြင်း, ပိုးသေ ခြင်းကို ဖြစ်စေ၏။

ပိတ်ခြင်းရွက်။ သွေးသည်းခြေ, လေသလိပ်နာ, ပေါက်ဖြန့် ဖြစ်သော အထူးထူးသော အနာတို့ကို အကြောင် အားလျော်စွာ နိုင်၏။

ပဲလွှန်းရွက်။ သွေးကို ဆန်တက်ကြွစေ၏၊ဝမ်းကို ခိုင်စေတ ၏၊ သလိပ်နာ, အဆိခဲနာ, မုတ္တကိတ်နာများကို ၏၊ ချောင်းဆိုးနာနှင့်မသင့်၊ ခတ်မီးကြောင့်ဖြ သောကျောက်,ဝက်သက်,ဝမ်းရပ်ခြင်းကို နိုင်

ပဲသင်းမြွေသီး။ ချိုသောရသာရှိ၏၊ လေသည်းခြေကို နိုင် သုက်ကို ပွါးစေ၏။

ပုံလုံသီး။ ချိုသောရသာရှိ၏၊စဉ်းငယ်ပူ၏၊ နှလုံးကိုနှစ်သ စေတတ်၏၊ လေသလိပ်သည်းခြေနာ, ကုပ်ဟီး ပိုးနာ, သွေးကို နိုင်၏။

**ရုံးစွက်။** ချို၏၊ စဉ်းငယ်ငန်၏၊ ပန်းနာကို နိုင်၏၊ အဆိပ်နှင့် သင့်၏။

**ရိုင်းမြစ်။** မူးယစ်ခြင်း, တွေဝေခြင်းများကို ဖြစ်စေတတ်၏၊ သလိပ်ကို နိုင်၏၊ ဝမ်းမီးကို ထက်စေ၏၊ သည်းခြေကို ပျက်စေ၏။

**ရန္တဝါမြစ်။** ဝမ်းသွန်နာ, ဒူလာသရောနာ, ဒေါသသုံးပါး ပျက်သော အနာ, အဖျားနာများကို နိုင်၏။

**ရန္တဝါရွက်။** သွေးကိုကြွစေ၏၊ လေကိုကြေစေ၏၊ မြင်းသရိုက်နာ, လေကြွတ်, လေဖျဉ်း, အလုံးနာများကို နိုင်၏။

**ရန္တဝါပွင့်။** နှလုံးမွေ့လျော်သောအနာ, ဝမ်းမီးမညီမျှသော အနာ,သည်းခြေအားနည်း၍ ဖြစ်သောအနာ,မူးဝေ သောအနာ, စမ္ဘကုဋ္ဌနူနာ, သွေးလေ မညီမျှသော အနာများကို နိုင်၏။

**ညှိပန်းရွှေရွက်။** ကောဋ္ဌာသယ လေကြောင့် ဖြစ်သောယား ယံခြင်း၊ အထက်သို့ ဆန်တက်သော လေနာ, သည်းခြေ သလိပ်နာတို့ကို နိုင်၏။

**ညပတ္တရွက်။** နှီနာ, ဓာတ်မီးကြောင့် ဖြစ်သော လူပျိုနာ,အသ မာနာ, ကောဋ္ဌာသယ လေကြောင့် ဖြစ်သော ယားယံပေါက်ပြဲနာများကို နိုင်၏။

**နှိုးနဲ့သီးမှည့်။** အစာကြေခြင်း, သည်းခြေသလိပ်, လေကိုနိုင် ၏၊ ချို၏၊ ဖန်၏၊ သိမ်မွေ့၏၊ အဆီဩဇာရှိ၏၊ နှလုံး ကြည်လင်စေ၏၊ သုက်နှင့်တကွ အသားကိုပွါးစေ ၏။ ။ငှင်းပိန္နဲသီးမှည့်ကို ထောပတ်နှင့် စားလျှင် နှလုံးကို ကြည်လင်စေတတ်၏၊ အားကို ပွါးစေ တတ်၏၊ အော့အန်နာ, လေနာ, သည်းခြေနာကို နိုင်၏၊ မျက်စေ့နာနှင့်ကား မသင့်။

**နှိုးနဲ့သီးနု။** စဉ်းငယ် ချို၏၊ ဖန်၏၊ လေကို ပျက်စေတတ်၏၊ ကြေခဲ ကျက်ခဲ၏၊သလိပ်နှင့်တကွ၊အားအဆီခဲကို

ပွါးစေ၏၊ဝမ်းကို ခိုင်စေတတ်သည်ဖြစ်၍ပူလောင်
စေတတ်၏။

ပိန်းနဲစေ့။ သွေးနာ, သည်းခြေနာကို နိုင်၏၊ ချို၏၊ ဆိမ့်၏၊
စဉ်းငယ်ဖန်၏၊ လေကို ပျက်စေတတ်၏။

ပဉ္စကာနီသီး။ သလိပ်နာ, ဝမ်းကိုက်၊ ဝိတ်ကိုက်၊ ဝမ်းကျများ
ကို နိုင်၏။

ပိတ်ခြင်းသီး။ သလိပ်နာ,သွေးနာ, ချောင်းဆိုးနာ,ကုပ်ဟီးနာ
တို့ကို နိုင်၏၊ အစာကြေ၏။

ပန်းနု။ သွေးနာ, လေနာ, အမူးနာများကို နိုင်၏။ ဖျားခြင်
အပူကို ငြေစေ၏၊ ဆိမ့် ခါးသောရသာရှိ၏။

ပန်းမ။ ခံတွင်းနာ,ချောင်းဆိုးနာ, သည်းခြေနာကို နိုင်၏
ပိုးကိုသေစေ၏၊နံ့ပါးနှစ်ဘက်ထိုးကျင်သောအနာ
ချောင်းဆိုးနာ, ခရုရှပ်နာ, အဖျားနာ, ကြို့ထိုးနာ
များကို နိုင်၏။

ပန်းဥ။ ဆိမ့်သောရသာ၊ခါးသောရသာရှိ၏၊အနံ့မကောင်
သော ချွေးကိုပျောက်စေ၏၊ဖျားခြင်း၊ကြက်သေ
မရှိခြင်း၊အပူကိုလည်းငြေစေ၏၊လေနာ,ကြို့ထိုးနာ
ချောင်းဆိုးနာ, နူနာများကိုနိုင်၏၊ သွေးကိုကြွ
၏၊ လေကိုလည်း ထုတ်စေတတ်၏၊ ငြိမ်းစေတ
၏၊ (ပန္နု၊ ပန်းဥ၊ အကျိုးတူ၏။)

ပန်းရင်း။ အပူလေကို နိုင်၏။

ပရုပ်။ လေသလိပ်ပျက်စေ့နာနှင့် သင့်မြတ်၏၊ ခတ်
ပါးနှင့်ယှဉ်သော လေမျိုးခုစ်ဆယ်၊ သည်းခြေမျိ
လေးဆယ်၊သလိပ်နှစ်ဆယ်၊ခပ်သိမ်းသော အပ
မျိုး၊ အပူ အငြေမှုခြင်း, ချွေးမထွက်ခြင်း, ဝ
လားခြင်း, အစာမကြေခြင်း, ဝမ်းကိုက်ခြင်း,
တက်,နွေးဝမ်း, ကြိုဒေါသ, အတီသာဉ်သန္နိပါ
ငန်းနာတို့ကို နိုင်၏။

(မှတ်ချက်) ထိုပရုပ်တို့သည် နှစ်ပါးရှိ၏၊ ဖုံ့မသိမ်အရွက်ကို ချက်၍ရသော ုပ်တမျိုး၊ ဖုံးမသိမ်အမြစ် အရွက်ကို ဖုတ်၍ဖြစ်သောပြာကို ချက်သောပရုပ် မျိုးဟူ၏။ ထို့ကြောင့် ဖုံးမသိမ် မြစ်, ရွက်သည်ပင်လျှင် ပရုပ်ကဲ့သို့ အကျိုး းရှိ၏ဟု ယူဆကြပါကုန်။

းကြီးရည်။ ကုပ်ဟီးနာ,မိန့်မော တွေဝေသော အနာ,ပညာ ပွားခြင်း, အမြစ်မူလနာ, ဝမ်းရပ်ခြင်းကို ပြုတတ်၏။ ပရမေဟနာကို နိုင်၏။

နံ့းလဲပွင့်။ ဝမ်းလားသော အနာ, ဝမ်းမိည့်၍ မညီမျှသော အနာ,သွေးဝက်၍ ယိုရပ်နေသော အနာ, လေအား ကြီးသော အနာ, သလိပ်အားကြီးသော အနာ,အ လွန်ဖြေသောအနာ,အလွန်ပူသောအနာ,ချွေးမထွက် သောအနာ, ခပ်သိမ်းသောအဖျားနာတို့ကို နိုင်၏။

ကျည်ပွင့်။ ဝမ်းလားသော အနာ, ဝမ်းကိုက်သော အနာ, သွေးဖျား၊ လေဖျား သလိပ်ဖျား၊ သည်းခြေဖျား အနာ,အဘိညာဉ် ပေါက်၍ ဝမ်းလားသော အနာ, ဆာလောင် ပင်ပန်းသောအနာ, သန္နိပါတ် ငန်းနာ တို့ကို နိုင်၏။

နံ့းနဲပွင့်။ ဝမ်းလားသောအနာ, အထက်သို့ ဆန်တက်သော အနာ,အောက်သို့ စုံဆင်းသောအနာ,သလိပ်အား ကြီးသော အနာ, အဘိညာဉ်သွေး ပေါက်သော သန္နိပါတ် ငန်းနာကို နိုင်၏။

ဦးကစိုးပွင့်။ လေအားကြီးသောအနာ,အတွင်းပူသောအနာ, ချွေးမထွက်သောအနာ, အပူအအေးမညီမျှသောအနာ, ဝမ်းလားသော အနာ, သွေးပုပ်သော အနာ, အ ထက်သို့ ဆန်တက်သောအနာများကို နိုင်၏။

ခလာခါးစေ့။ သွေး,သည်းခြေ, လေအားကြီးသော အနာ, ခြေကတက်၍ဖြစ်သောအနာ, အလွန်ဖြေသောအနာ,

အလွန်ပူသောအနာ၊ သည်းခြေကို လေခိုက်သော
အနာ၊တကိုယ်လုံး ထုံကျင် ကိုက်ခဲသော အနာ၊
ဖက်သကၕင် ဖက်သချာနာတို့ကို နိုင်၏။

ပဉ်စိမ်းဆေး။ လေသည်းခြေ သလိပ်တို့နှင့် အကြောင်းအ
လျော်ခြင်းကြောင့် ခြေကတက်သော အနာ၊ အ
အတွင်းလိုက်ထက်သော အနာ၊ နှလုံး အသည်
အဆုပ်တို့၌လိုက်တက်၍ ဖြစ်သောအနာ၊ အလွ
ကြုံသောအနာ၊ခံတွင်းအနံ့ မကောင်းသော အနာ
ခံတွင်းမသက်သာသော အနာ၊မုတ္တကိတ်ရှိသော
ရောနာ၊ကိုယ်သား ကိုယ်ရေကြုံသော အနာ၊အစ
မစားလိုသောအနာတို့ကို နိုင်၏၊ သုက်ကိုပွါး၏

ပဲဒလက်ဆေး။ သလိပ်သည်းခြေနာတို့ကို ငြိမ်း၍အားကိုပွါး
၏၊ ခပ်သိမ်းသော အဆိပ် အမျိုးမျိုးတို့ကို နိုင်၏

ပဲနံ့သာဆေး။ သလိပ်သည်းခြေနာ၊ လေနာ၊ ဆာလောင်မှုး
ပင်ပန်းသော အနာများကို နိုင်၏။

ပဲပြားဆေး။ ဝမ်းလားသောအနာ၊အစာမကြေသောအနာ၊ဝမ်
ကိုက်သောအနာ၊ အတွင်းပူသောအနာ၊ အလွ
ဖေသောအနာ၊မုတ္တကိတ်နာ၊ ရက္ခပိတ်နာ၊ စမ္ဗဂ
နူနာများကို နိုင်၏။

ပေါက်ဆေး။ ဝမ်းကိုက်သော အနာ၊ အလွန်ပူသောအနာ၊သွ
နာများကို နိုင်၏။

ပွဲလျက်။ ဖျားခြင်း၊ ကြက်သရေမရှိခြင်း၊ပူခြင်းကို၏၊
နာကို နိုင်၏၊ ဆိမ့်သော ခါးသော ရသာရှိ၏၊အ
မကောင်းသော သွေးကို ပျောက်စေနိုင်၏၊ ဝမ်း
တောက်၏၊ ဝမ်းလားသောအနာ၊ ဝမ်းကိုက်သေ
အနာ၊ ရက္ခပိတ်သွေးသွန်နာများကို နိုင်၏။

ဒါး။ ဖျက်စိနာ, နူနာကို နိုင်၏။

ပြောင်သား။ ဝေ၏၊ ကြေခဲ ကျက်ခဲ၏၊ သလိပ်ကိုမျှတစေတတ်၏၊ သုက်ကိုပွါး၏၊ ရက္ခပိတ်နာကို နိုင်၏။

ဒတ်သား။ ချိုဆိမ့်သောရသာရှိ၏၊ ဆီးဝမ်းကို ချွင်စေတတ်၏၊ပန်းနာ, ချောင်းဆိုးနာ,မျက်စိနာများကိုပျောက်စေ၏၊ သုက်ကို ပွါးစေတတ်၏ ကြေခဲကျက်ခဲ၏။

ခွန်ထုပ်။ ချိုဆိမ့်သော ရသာရှိသော်လည်း သွေးကိုတက်ကြွစေတတ်၏၊လေနာ,သလိပ်နာ,ကျင်အောင့်နာ, နှုတ်မမြိန်သော အနာ, ရက္ခပိတ်နာများကို နိုင်၏။

(၆)

လာယေ်။ လေသလိပ်သည်းခြေနာ,ဖျားနာ,မြင်းသရိုက်နာ, ဝမ်းထဲ အလုံးအခဲရှိသောအနာ, ဝမ်းကျနာတို့ကို နိုင်၏၊ အသံကိုကောင်းစေ၏၊ ဆိမ့်သောခါးသော ရသာရှိ၏၊ အနံ့မကောင်းသော ချွေးကိုပျောက်စေ၏။

လောကြီး။ ဆိမ့်သောခါးသောရသာရှိ၏၊အနံ့မကောင်းသော ချွေးကိုပျောက်စေ၏၊ ရေငတ်နာ,ဖျားနာ,လေနာ, ပျို့အန်သောအနာ, နှလုံးထုန်လှုပ်သောအနာတို့ကို နိုင်၏။

ဗိုက်ကြွံမြစ်။ ရောင်ရမ်းသောအနာ, အစာသစ်ကိုမွှေနှောက်၍ ထိုးကျင်သောအနာ, သလိပ်နာ, ပကတိသော လေနာများကို နိုင်၏၊ နှုတ်ကိုမြိန်စေတတ်၏။

ဘိသက်မြစ်။ အသားကိုဖြစ်စေ၏၊ နှုတ်ကိုမြိန်စေ၏၊ချောင်းဆိုးနာ, ခရုရုပ်နာ, ဖျို့သောအနာ, ကုပ်ဟိုးနာကို နိုင်၏၊ အသက်ကို ရှည်စေ၏။

**ဖုံးမသင်ဆ။** သွေးသလိပ်နာ,ရင်နာကို နိုင်၏၊ ဒေါသသုံးပါးက ဖျောက်ခြင်း၊ ကုပ်ဟိုးနာ, ချောင်းဆိုးနာ, အပ အပန်းနာတို့ကိုနိုင်၏၊ ငန်းနာ,သန္နိပါတ်အတိသာ ရောက်သောအနာ,ခါတ်လေးပါး ပျက်ခြင်းအန ကို နိုင်၏။

**ဖရဲရွက်။** လည်ချောင်းခံတွင်း၌ ချမ်းသာစွာ သက်သာစေ ၏။ ကျင်ငယ်ကိုအလာ ဖြောင့်စေ၏။

**ဖရဲသီး။** အပူကြောင့်ဖြစ်သော တေဇော အခိုးကင်းကိုငင်း ကျင်ကြီး ကျင်ငယ်အောင့်သောအနာကို နိုင်၏

**ဖွတ်သား။** လေသည်းခြေကို နိုင်၏၊ အသားဓါတ်ကို လွန်စွ ပွါးစေ၏၊ ဝမ်းမီးကိုလည်း တောက်စေ တတ် ပန်းနာ, ချောင်းဆိုးနာကိုနိုင်၏၊ လူကိုဝပြိုးစေ

**ဖျုံသီ။** သုက်ဓါတ်ပျက်သော အနာ, မုတ္တကိတ် ရုလ သရေနာ,အသားအရေ သွေ့ခြောက် ကြုံလှီသော အနာ, နှလုံးပူလောင်မွတ်သိပ်သော အနာများက ပျောက်စေ၏။

(မ)

**မြင်းမွေးရွက်။** ဆီးနာနှင့် အလွန်သင့်၏၊ ဝမ်းကို ရှင်စေတတ် ၏၊အသံပျက်နာ, သလိပ်နာ, သည်းခြေနာများက နိုင်၏၊ ဉာဏ်ကို ကြီးပွါးစေ၏။

**မြူဒါ။** လေသည်းခြေကို နိုင်၏ ဝမ်းကို ပြေ့စေတတ်၏ အားရှိ၏၊ အသားပွါးခြင်းကို ဖြစ်စေ၏။

**မူးရိုး။** သွေးလေကို ကြေစေ၏၊ အဆိပ်ထန်သော ပင့်က အဆိပ်ကို မြန်စွာပျောက်စေ၏။

**မူးရွက်။** သည်းခြေကို နိုင်၏။

**မူးသီး။** ချို၏၊ဖန်၏၊ကြေခဲ ကျက်ခဲ၏၊ သလိပ်သည်းခြေက နိုင်၏၊ သုက်ကိုပွါးစေ၏။

**မိုင်းပွင့်။** ရက္ခပိတ်နာကို နိုင်၏။

## ( ဘ )

**ဘုမ္မရောဇာ။** နှုတ်ကို မြိန်စေ၏၊ ထက်၏၊ ပူ၏၊ လူကိုတွေဝေစေတတ်၏၊ အားပညာကို ပွားစေတတ်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ နူနာ၊ သလိပ်နာ၊ စမြင်းဒေါသနာ၊ လေနာကို နိုင်၏၊ ဝမ်းကိုလည်း လျှောကျစေ၏။

**ဘန်နီရွက်။** ကောဋ္ဌာသယလေနာ၊ အစာမကြေသော အနာ၊ ဝမ်းကျနာ၊ အထူးထူးသောရူလာ၊ မြင်းသရိုက်နာကိုနိုင်၏။

**ဘောဇကိုင်း။** ပူ၏၊ သွေးကို ကြွစေ၏။

**ဘွားဘက်။** သွေး၊ သည်းခြေ၊ လေတို့ကို နိုင်၏၊ လေကိုလည်း အပြင်သို့ ထုတ်စေတတ်၏၊ ခတင်ကျူးခတ်ပျက်ကို နိုင်၏။

**ဘောက်မြစ်။** အမ္ဗဝါတ လေနာနှင့် ပကတိလေတို့ကို နိုင်၏၊ သွေးနှင့် သင့်မြတ်၏။

**ဘားပြုတ်ခြောက်။** အလုံးစုံသော ပယောဂအမျိုးမျိုး၊ ခပ်သိမ်းသော အဆိပ်အမျိုးမျိုး၊ ခပ်သိမ်းသော အတက်အမျိုးမျိုး၊ ခပ်သိမ်းသော အပင်းအမျိုးမျိုး၊ ခပ်သိမ်းသော ကျဗ္ဗာဟုန်းတို့ကို နိုင်၏။

**ဘယောင်း။** ဝမ်းလားသောအနာ၊ ဝမ်းတွင်း၌ ခတ်အစာမရှိသောအနာကို နိုင်၏။

## ( မ )

**မြွေငန်း၊ မြွေပွေး၊ မြွေဟောက်တို့၏ သည်းခြေ။** အတွင်းရှိသောအနာ၊ တကိုယ်လုံးကိုက်ခဲသောအနာ၊ နူနာ၊ သလိပ် အားကြီးသော အနာကို နိုင်၏။

**မိကျောင်းသည်းခြေ။** ဝက်ရူးနာ၊ အလုံးစုံသော အရူးအမျိုးမျိုး အထက်သို့ တက်သောအနာ၊ မျက်စိ၌ တိမ်စွဲသော

အနာ၊ မီးယပ်သွေးပျက်နာ၊သလိပ်အားကြီးသော အနာတို့ကို နိုင်၏။

မြင်းသွေး။ အကြောဆုံ့ချောက်၍ ကိုက်သောအနာ၊ မုတ္တကိတ် နူလာ သရောနာ၊ ဝမ်းသွင်း စမြင်းခံသော အနာ၊ ချွန်းသောအနာများကို နိုင်၏။

မြင်းသား။ ငန်သော အရသာရှိ၏၊ လေကို နိုင်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ သလိပ်နှင့်တကွ သည်းခြေကို ပျက်စေ၏၊ မျက်စိနာနှင့်ကား မသင့်။

**မြွေပွေး၊ မြွေဟောက်၊ မြွေငန်းတို့၏ အသား။** အစာကြေခြင်း ကို ပြုတတ်၏၊ သွေးမကောင်းသော အနာ၊ မျက်စိ နာ၊ ကျင်အောင့်သောအနာတို့ကို နိုင်၏၊ (ဤကား အဆိပ်ထန်သော မြွေးများ၏ အသားကိုဆိုသည်။)

**အဆိပ်မရှိသောမြွေတို့၏ အသဲ။** အစာကြေခြင်း၊ ပညာပွါး ခြင်းကို ပြု၏၊ (ခပ်သိမ်းသော အသား စသည်တို့ သည် ရောဂါကိုဋ္ဌင်း ပညာကိုဋ္ဌင်း ပွါးစေ၏။)

**မိကျောင်းစွယ်။** မျက်စိ နာ၊ တိမ်စွဲနာ၊ ဥကျွောင်းခဲ နာ၊ အတွင်းပူသော အနာ၊ ခပ်သိမ်းသော အဆိပ်မျိုး၊ ကျောက်ဝက်သက်၊ အဆိပ်နာတို့ကို နိုင်၏။

မြင်းစွယ်-မြင်းသွား။ မီးယပ်သွေးတက်နာ၊ အသည်း အဆုပ် နှလုံးသည်းခြေတို့၏ အလွန်ပူသောအနာ၊ မျက်စိ နာ၊ တိမ်သလာစွဲသော အနာ၊ ဝမ်းမီး မမှန်သော အနာ၊ အရိုး၊ အသား၊ အကြော၊ အရေ၌ စွဲသော အနာတို့ကို နိုင်၏။

မြွေရေလဲ။ တပိုင်းပူ တပိုင်းဖေသော အနာ၊ အော့အန်သော အနာ၊ ရေငတ်သောအနာ၊ ခပ်သိမ်းသော သူငယ် နာ၊ ကျောက်၊ ဝက်သက်နာတို့ကို နိုင်၏

**မယားကြီးမြစ်။** ဓာတ်ပျက် ဝမ်းပျက်တို့နှင့် သင့်၏၊ ချောင်းဆိုးနာ,ရက္ခပိတ်နာ,သွေးထွက်သောအနာ,ပန်းနာ, ရှုနာ, သလိပ်ကို နိုင်၏၊အသံကောင်းခြင်းကို ပြု၏၊ တေဇောဓာတ်နှင့် ယှဉ်သော ကုပ်ဟီးချောင်းဆိုးနာ, ခံတွင်းမှ သွေးထွက်သောအနာ, အောက်သို့သွေထွက်သောအ နာ, ခံတွင်းညှိနံ့မကောင်းသောအနာ,လက်ဝဲခြေရောင်ရမ်းသောအနာမျိုးကိုနိုင်၏။

**မိဿလင်။** သွေးကိုကြေစေတတ်၏၊ ဝမ်းကိုလည်း ဖြောင့်စေတတ်၏၊ လေနှင့်သင့်၏။

**မျက်နှာပန်း။** ပူစေတတ်၏၊ လေကို ကြေစေ၏၊ သွေးကိုလည်း ကွဲစေတတ်၏။

**မြတ်လေးပြုမြစ်။** သွေးကို ကွဲစေ၏။

**မြတ်လေးပြုပွင့်။** သွေးနှင့် ယှဉ်ဖြစ်သော ထိတ်လန့် ရူးသောအနာ, လေပူနာ, သည်းခြေပျက်၍ ရူးသောအနာ, ဥကျောင်းသို့ သွေးဝင်၍ ကိုက်ခဲသော အနာများကို နိုင်၏၊မူးဝေသော အနာ,နှလုံးသွေးပျက်သော အနာများကို နိုင်၏။

**မြင်းဇာရုဏ္ဏီ။** လေကိုကွဲစေ၏၊ သွေးကို ငြိမ်းစေ၏။

**မြက်နေဇာမြစ်။** သွေးနာ, သည်းခြေနာ, ယားနာ, ဝဲနာ, ပွေး, ညှင်း, တင်းတိတ်နာတို့ကို နိုင်၏။

**မဒရူမြစ်။** လွန်စွာဝမ်းကို ပျော်စေ၏၊ မပူမအေး၏၊ ပန်သောရသာရှိ၏၊ သွေးကိုငြိမ်းစေ၏၊ လေကို ကွဲစေ၏။

**မဒရုသီး။** ချိုသောရသာရှိ၏၊ အဖျားနာ, အဆိပ်သင့်သောအနာများကို နိုင်၏၊ ဒေါသ သုံးပါးကိုလည်း ငြိမ်ဝပ်စေ တတ်၏။

**မဏိခြဲသာ။** သွေးကိုငြိမ်းစေ၏၊ လေကို ကြေစေတတ်၏။

**မြတ်လေးနီမြစ်။** လေနာ, သည်းခြေနာ, မြင်သရိုက်နာ, နှလုံးနာ,အဆိပ်သင့်သောအနာ,အဖျားနာများကိုနိုင်၏။

**မရိုးမြစ်။** ပိုးနာကို နိုင်၏၊ ထက်၏၊ အသံကို ကောင်းစေတတ်၏၊ မြင်းသရိုက်နာ၊ သလိပ်နာတို့ကို နိုင်၏။
**မရိုးစေး။** ပိုးနာ၊ စမြင်းခံသော အနာ၊ ဝမ်းပြည့်သော အနာ၊ သလိပ်နာများကို နိုင်၏၊ ဝမ်းကို နူးစေတတ်၏၊ ထက်၏၊ ပူ၏၊ ဝမ်းကိုလားစေတတ်၏။

**မယ်ဇလီချိုရွက်။** ဝမ်းမီးတောက်ခြင်း၊ အစာကြေခြင်း၊ သလိပ်နာတို့ကို နိုင်၏။

**မယ်ဇလီခါးရွက်။** သည်းခြေလွန်သော အနာကို နိုင်၏။

**မှော်သေးရွက်။** ဒေါသသုံးပါးနှင့် တကွ ဆာလောင် လိုက်လှဲသော အနာကို နိုင်၏။

**မြေဖြစ်ဟင်းခက်ရွက်။** ကျင်ငယ်ကို ပျော်စေတတ်၏၊ လေသလိပ် သည်းခြေနာကို နိုင်၏။
**မဒူမြစ်။** ဝမ်းလားစေသော အနာ၊ သလိပ်ချောင်းဆိုးသော အနာ၊ လေပူ လိုက်တက်၍ဆာလောင်သောအနာ၊ သွေးဖျား လေဖျား၊ သလိပ်ဖျားနာ၊ အဘိညာဉ် သွေးပေါက်၍ ရူးသွပ်သော အနာများကို နိုင်၏။
**မိဿလင်ပွင့်။** အလွန်ချမ်းသော အနာ၊ ချွေးမထွက်သော အနာ၊ လေအားကြီး၍ သွေးဝှပ် ထိုင်းမှိုင်းသော အနာ၊ ဝမ်းမညီမျှသောအနာ၊ ဝမ်းလားသောအနာ၊ ဝမ်းကိုက်သောအနာ၊ လေလိုက်တက်သောအနာ၊ ချမ်း၍ ဖျားသောအနာ၊ မီးယပ်သွေးပုပ်ကြွင်းကျန်သော အနာတို့ကို နိုင်၏။
**မာလကာသီး။** ဒေါသ သုံးပါးဟု ဆိုသော တြိဒေါသကြောင့် ဖြစ်သော အပုပ်နာ၊ ထွက်သက် မဖြောင့်သော အနာ၊ ရင်၌ ချွဲရှိသောအနာများကို နိုင်၏။
**မုံညင်းဆံ။** လေကိုက်ခဲသော အနာ၊ သွေး လေ သည်းခြေနာ၊ ထိုကျင်နာ၊ အပူဝင်နာ၊ ဝမ်းကိုက်နာ၊ ရင်ဘတ်နာ၊

အသားကြား, အရေကြား, အကျောကြား တို့၌ ကိုက်ခဲနာတို့ကို နိုင်၏။

**မက်လင်ချဉ်သီး။** ချဉ်၏၊ ပူ၏၊ ဝမ်းလေကို ချုပ်စေတတ်၏။ ကြေလွယ်၏၊ ဝမ်းမီးကိုလည်း တောက်စေတတ်၏၊ ဆီးကို ရွှင်စေတတ်၏၊ အစာမကြေသောအနာ, ဘေးထိုး ရင်ကြပ်နာ, ရူနာ,ရင်ဘက်နာ,လေနာ, များကို နိုင်၏။

**မုဒရက်သီး။** အသား အရေ ကိုလည်း ခြောက်စေတတ်၏။ အသားကိုလည်း ပွါးများစေတတ်၏။အောက်မေး ခိုင်သောအဖျားကို နိုင်၏။

(မှတ်ချက်) ဤမုဒရက်သီး သည်ကား၊ မင်းတိုင်ပင်အတော်၊ မဟာမင်္ဂလာမြေ သကြီ စီရင်သည့်ကျမ်းတွင်၊ စမြစ်သီးကို ယူလေဟု မှာထားပါသည်။ ကြံဆ၍ ယူလိုက ယူကြပါလေ။

**မဟာလှေခါးပွင့်။** ဝမ်းလားသော အနာ, သလိပ် သည်းခြေ အားကြီးသော အနာ, အထိညာဉ် သန္ဓိပါတ်နာ၊ အိပ်မပျော်သော အနာ, ချွေးမထွက်သော အနာ များကို နိုင်၏။

**မိကျောင်းလက်ဝါးပွင့်။** သည်းခြေကို နိုင်၏။

**မုတ်။** ချောင်းဆိုးနာ,လေသလိပ် ဝမ်းချုပ်သော အနာ, အစာမကြေခြင်း, ဝမ်းကိုက်ခြင်း, အတွင်းပူသော အနာ, အလွန်ဖြေသောအနာ, မုဋ္ဌကိတ်နာ, ရက္ခ ပိုတ်နာ, စဋ္ဌဂုဏ္ဍနူနာ, သမင်နာတို့ကို နိုင်၏။

**မန်ကျီးသီးမှည့်။** လေနာ,သွေးနာ,သလိပ်နာကိုနိုင်၏၊ နှုတ်ကို မြိန်စေတတ်၏၊ ဝမ်းကိုလည်း လျှောသက်စေ၏၊ သည်းခြေကို ပျက်စေတတ်၏၊ ချောင်းဆိုးနာကို နိုင်၏၊ လေအထက် ဆန်တက်ခြင်းကို ဖြစ်စေ၏။

**မန်ကျီးသီးစိမ်း။** လေကိုချုပ်စေတတ်၏၊ အားကိုပွါးစေတတ်၏၊ စဉ်းငယ်ပူသည်ဖြစ်၍ ဝမ်းကိုချုပ်စေတတ်၏၊ ဝမ်းမီးတောက်စေ၏၊ ကြေခဲ၏၊ နှုတ်ကို မြိန်စေ၏။

**မန်ကျီးသီးစိမ်းနူ။** သလိပ်နာ, သည်းခြေနာကို နိုင်၏၊ အဆိပ်သင့်သော အနာကို ပျောက်စေ၏၊ သည်းခြေကို ပျက်စေ၏။

**မန်ကျီးရွက်။** ခါတ်လေးပါးတို့၏ အခိုးအကာင်းကိုဎင်း၊ အစာကြေခြင်းကိုဎင်း၊ သွေးလေကိုဎင်း၊ ကြေစေ၏၊ ပိုးနာ, အဆိပ်သင့်နာကို နိုင်၏။

**မှိုနတိုရွက်။** အဆိပ်ကို နိုင်၏။

**မရမ်းသီး။** လေ သလိပ် သည်းခြေနာ ကိုဎင်း၊ ယားယံခြင်းစသော ကောဋ္ဌသယလေကိုဎင်း၊ အတိသာရ ဝမ်းကျခြင်းကိုဎင်း၊ ကျင်ကြီး ကျင်ငယ် ဆောင့်သောအနာတို့ကို နိုင်၏၊ ဝမ်းမီးကို ဖြောင့်စေ၏၊ ဝမ်းကိုက်နာ, သွေးအဆိပ်သင့်နာ, အဖျားဟောင်းနာ, အတွင်းပူနာ, အသားကြား အရိုးကြား၌ ကိုက်ခဲသော အနာကို နိုင်၏။

**မှန်ကူသီး။** ဝမ်းကို နူးစေတတ်၏၊ ဒေါသသုံးပါးကို ပျောက်စေတတ်၏၊ အသား၌ ရှိသောအနာ, သည်းခြေနာကို နိုင်၏။

**မြင်းခေါင်းနွယ်ချောင်သီး။** ဆံပြုသောအနာ, သည်းခြေနာ, ခြေကတက်သောအပူကို နိုင်၏။

**မုံလာရွက်။** အဆီမရှိ၊ ကြေလွယ် ကျက်လွယ်၏၊ ပူ၏၊ သလိပ်နာ, သည်းခြေနာကို နိုင်၏။

**မုံလာဥ။** ပူ၏၊ ရသာအားဖြင့်စပ်၏၊ နှုတ်ကိုမြိန်စေတတ်၏၊ အသံပျက်နာ, အဖျားနာ, ပန်းနာ, လည်ချောင်းနာ, မျက်စေ့နာများကို နိုင်၏။

**မောင်မခေါ်မြစ်။** သွေးလေကို ကြေစေ၏၊ ငြိမ်လည်းငြိမ်စေတတ်၏။

**မြက်နံ့သာ။** စပ်သော ရသာရှိ၏၊ သုက် ခန်းခြောက်သောအနာကို နိုင်၏၊ ချုပ်ချုပ်ပူသည်ဖြစ်၍ နှတ်ကိုသန့်ရှင်းစေ၏။

**မြင်းသေမြက်။** လူကိုသုပြိုးစေတတ်၏၊ အားကိုဖြစ်စေတတ်၏၊ လေနှင့်ယှဉ်သော မုတ္တကိတ်နာကို နိုင်၏။

**မုလေးပန်း။** သလိပ်နာ, သည်းခြေနာ, သွေးနာ, ပေါက်သောအနာ, ပိုးနာကို နိုင်၏။

**မုခလေးပန်းသီး။** မျက်စိနာနှင့်သင့်၏။

**မုလေးပန်းရွက်။** သလိပ်သည်းခြေကို အထူးနိုင်၏။

**မြင်းသီလာ။** ဝမ်းကြေခြင်း၊ အနာမြစ်စားခြင်းကို ပြုတတ်၏၊ သည်းခြေနာကို နိုင်၏။

**မြေအံမြစ်။** ကုပ်ဟိုးနာ, ချောင်းဆိုးနာ, လေနာ, အဆိပ်အမျိုးမျိုးတို့ကို နိုင်၏။

**မဟာဂကာ။** ပူ၏၊ ထက်၏၊ ပျံ့နှံ့သည်ဖြစ်၍ တွေဝေခြင်းကို ပြုတတ်၏၊ သွေးနာ, မြင်းသရိုက်နာ,အဖျားနာများကို နိုင်၏၊ လေကိုထုတ်တတ်၏၊ သွေးကိုကြွစေတတ်၏၊ ဝမ်းကို လွန်စွာပျော့စေတတ်၏။

**မိုးနံ့။** သွေးလေကို ကြေစေ၏၊ ကျောက်ကုန်းရိုး ခါးဆစ်ကိုက်ခဲတောင့်မာသောအနာ,အူနာတို့ကို နိုင်၏။

**မြင်းခေါင်းနွယ်ချောင်း။** ဝမ်းလားခြင်း၊သလိပ်ကို နိုင်၏။

**မြွေငန်းအဆီ။** ဆံပင်ကိုနက်စေ၏၊ မြဲစေ၏။

**မှိုခရုံးနက်,မှိုဖြူ။** ဥကြောင်းခဲသော အနာကိုနိုင်၏၊အားကိုဎင်း၊ နှလုံးမွေ့လျော်ခြင်းကိုဎင်း၊ အသက်ရှည်ခြင်းကိုဎင်း၊ပြုတတ်၏၊ အားနည်းသောသူ၊ နာတာရှည်တို့နှင့် သင့်၏။

မြေဖယောင်း။ တပိုင်းပူ တပိုင်းအေးသောအနာ, ဝမ်းလားသော အနာ, ဆာလောင်သောအနာ, ရေငတ်သောအနာ, အတွင်းခါတ် အစာမကြေသော အနာ, လေလှုပ်ရှားသော အနာတို့ကို နိုင်၏။
မျောက်ဆိပ်။ အသက်သို့ ဆန်တက်သော ဥဒ္ဒဝါတလေတို့ကို နိုင်၏၊ သွေးညှံ့သောအခါ၌ အသုံးသင့်၏၊ (ယခု အခါအခေါ်မှာ ဖျောက်ဆိပ်ဟုခေါ်၏ ဆေးကျမ်း ခေါ် မျောက်ဆိပ်၊)

(ယ)

ယုန်သွေး။ ဝက်ချူးနာ, ခါတ်လေးပါးပျက်၍ ကြုံသောအနာ, သွေးသည်းခြေပျက်နာ, နှလုံးပူသောအနာ, အသား အရေခြောက်ကပ်ကြုံလှီသောအနာများကို နိုင်၏။
ယုန်သား။ သလိပ်သည်းခြေနာကို နိုင်၏၊ ဝမ်းမီးတောက်ခြင်း ကိုပြုတတ်၏၊ လေကိုပွါးစေ၏၊ ခြောက်သေ့သောဘင် နာကို နူးစေ၏၊ကြေစေ၏၊အတိသာရဝမ်းကိုဇင်း၊ ပေါ့ပါးခြင်းကိုဇင်း ပြုတတ်၏။
ယုန်ရိုး။ အလွန်ပူသောအနာ, ကိုယ်လက် မချမ်းသာသော အနာ, အလွန် ရေငတ်သောအနာ,ခပ်သိမ်းသော အနာမြစ်တို့ကို စားစေ၏။
ယောက်သွားခုံး။ နာဂစိသင်နေးနာ, ခပ်သိမ်းသော အဆိပ် အမျိုးမျိုး၊ ဝမ်းလားခြင်း, အော့အန်ခြင်း မွှတ်သိပ် ခြင်း, ဆာလောင်ခြင်း,အပူအဒ္ဒနှင့် ဖြစ်သောသွေး သည်းခြေ, လေသလိပ်နာတို့ကို နိုင်၏၊ ချူဆိမ့် သောရသာရှိ၏၊စဉ်းငယ်စပ်၏၊ဝမ်းမီးကို တောက် စေတတ်၏၊ နှုတ်ကိုမြိန်စေတတ်၏၊ ကိုက်ခဲသော အနာ, ပန်းနာ, ရင်ကျပ်နာများကို နိုင်၏။
ယင်ပျားရေ။ ငြိမ်သက်ခြင်း, ကိုယ်ပေါ့ပါးခြင်း, အနာမြစ်ကို စားခြင်း, ဝမ်းကျခြင်းကို ပြုတတ်၏။

**ယမ်းစိမ်း။** ပူ၍ဝမ်းချုပ်သောအနာ, အလွန်ပူသောအနာ,အပူဝင်သော အနာ, လိုက်တက် ဆာလောင်သောအနာ, နှလုံး,အဆုပ်, သရက်ရွက်ကြီးသောအနာ, ရင်လေး,ရင်ကျပ်နာ,သွေးသည်းခြေ မညီမျှသောအနာ,ခပ်သိမ်းသောငန်းနာ,အတိညာဉ်သန္နိပါတ်တို့ကို နိုင်၏။

(ရ)

**ရေဓါး** သွေးသည်းခြေကို ငြိမ်စေ၏၊ ဝမ်းခိုင်ခြင်း, ချမ်းခြင်း, နှလုံးမွေလျော့ခြင်းကို ပြုတတ်၏။

**ရေနွေး။** ပူဆာလိုက်လှဲသောနာ, သွေးပျက်နာ, အထက်သို့ဆန်တက်သော အနာ,သွေးလေနာ, နံပါးနှစ်ဘက်၌ ထိုးကျင်သော ပက္ခသရလေနာ, ဝမ်းပြည့်နာ, ဝမ်းဖောသော အနာ, ဖျားကာစ အနာ, အမျိုးမျိုးကို နိုင်၏။

**ရှားနှစ်။** ဒူလာ သရောနာ, ရိနာ, သလိပ် သည်းခြေနာကိုနိုင်၏၊ သွားချာလမ်းများကို ဖြောင့်စေ၏။

**ရှိန်းခို။** သလိပ် လေကို နိုင်၏၊ အစာကို ကြေစေ၏၊ ဓာတ်လေးပါးတို့မျှ မလွန်မကြူး မလျှော့ ခြောက်နိုင်၊ လေမျိုးရှစ်ဆယ်,သည်းခြေမျိုးလေးဆယ်၊ သလိပ်မျိုးနှစ်ဆယ်၊ သလိပ်သည်းခြေ၊ လေသန္နိပါတ်အစရှိသော ပါဒရက်နာ,အမျိုးမျိုး၊မီးယပ်၊သူငယ်နာ, ကြဲဗဟုန်း၊ ကြက်ညှာ၊ မာဒရော၊ ဖုတ်ပြိတ္တာ၊ အပတိတ်မိစ္ဆာ၊ သူငယ်နာ, ဝမ်းရှုတ်ထွေးသောအနာ, အစာမကြေသောအနာ, အပူမဝင်နိုင်ခြင်းရေငတ်ခြင်းတို့ကို နိုင်၏။

**ရမနေ။** အလွန်ပူ၏၊ အဖုအဆစ်ကြီးသော နာ, သည်းခြေပျက်၍ ရှူးသောအနာ, ဝက်ရူးနာကို နိုင်၏။

ရုံမြစ်။ အစာကိုကြေကျက်စေ၏၊ ပိုးနာ,လေနာ,သလိပ်နာကိုနိုင်၏၊ကောင်းသောအနံ့ရှိ၏၊ ဝမ်းမီးကိုတောက်စေ၏၊နှုတ်မြိန်ခြင်းနှုတ်သန့်ရှင်းခြင်းကိုပြုတတ်၏။

ရှားစောင်းလက်ပတ်မြစ်။ အားကိုဖြစ်စေ၏၊ လေကို နိုင်၏၊ အရိုးကျိုးသည်၌ သင့်မြတ်လှ၏။

ရှားစောင်းကြီး။ ဝမ်းခက်ခြင်း,ဝမ်းခိုင်ခြင်း, လေနှင့်သွေးလုံးချ၍ နေသော အနာ, အဖျင်းနာကို ကြေစေ၏၊ ဝမ်းကိုကျစေတတ်၏၊

ရှားစောင်းကြီး၏ အသီး၊ အရိုး၊ အမြစ်၊ အဆီ။ မြင်းသရိုက်နာ, ကျောက်ဖြစ်သော အနာ, သွေးလေနာ, အဖျင်းနာ,အဆုပ်ကြီးသောအနာ,သွေးလေခဲသောအနာ, မုတ္တကိတ်နာ, ဝမ်းပြည့်သောအနာ, ဝမ်း၌အလုံးရှိသောအနာ, နူနာ,နုလာသရောနာကိုနိုင်၏၊ အသံကောင်းခြင်းကိုပြု၏၊ ဒေါသသုံးပါး ကိုလည်း ဝမ်းမီးကဲ့သို့ပူစေ၏၊အနာဟူသမျှနှင့် မသင့်။

ရေသကျည်းမြစ်။ သွေးကိုကြေစေ၏၊ ကုပ်ဖားနာ,ချောင်းဆိုးနာ,အသံပျက်နာကို နိုင်၏၊ပန်းနာနှင့်သင့်၏။

ရေသကျည်းရွက်။ ဇ၏၊ အဆိပ်သင့်သောအနာ, ကိုယ်လက်ရောင်ဖေါသော အနာ, မျက်စိနာများနှင့် သင့်၏၊ ဖျားသောသူတို့ကို၊ ထိုအရွက်ရေဖြင့် မျက်စိ၌ခတ်မူကား၊ အလျင်အမြန် ပျောက်စေတတ်၏။

ရှားရွက်။ လေနာ,သည်းခြေနာ,သွေးနာကို နိုင်၏။
ရှင်ပါကူမြစ်။ လေကို ကြေစေ၏၊ သွေးကို ငြိမ်စေ၏။
ရှင်ကာစွည်းမြစ်။ သွေးတို့ကို ကြေစေ၏။
ရွှေတံခိုင်းမြစ်။ လေသည်းခြေကို နိုင်၏၊ ဝမ်းကို ပျောက်စေ၏၊ အားရှိခြင်း, အသားပွါးခြင်းကို ဖြစ်စေ၏။

ရွှေတံတိုင်းရွက်။ သွေးသည်းခြေကို နိုင်၏၊ ဝမ်းဌှီစားသော အစာကို ကြေစေတတ်၏၊ ဆီးကို ရှင်စေတတ်၏၊ ချို၏၊ စဉ်းငယ်ငန်၏။

ရစ်သား။ ဒေါသသုံးပါးကို နိုင်၏၊ ပူ၏၊ အရေအဆင်းကို ကြည်လင်စေ၏၊ ဝမ်းကို ချုပ်စေတတ်၏၊ သုက်ကို ပွါးစေတတ်၏၊ ပန်းနာကို ဖြစ်စေ၏၊ ချောင်းဆိုးနာ, ကြို့ထိုးနာများနှင့် မသင့်။

ရင်ဂတ်မြစ်။ သွေး လေကို ကြေစေ၏၊ နှလုံးကို ငြိမ်းစေတတ်၏။

ရင်ဂတ်ပန်းငုံ။ ပရမေဟ ဒုလာသရောနာ, သလိပ်နာ, နတ်ဘီလူးဖမ်းစားသော အနာများကို နိုင်၏၊ ကိုယ်ပေါ့ပါးခြင်း, အစာကြေခြင်းကို ပြုစေ၏။

ရေသဖန်းရွက်။ သွေးလေကို သက်စေ၏။

ရေသဖန်းခေါက်။ သွားသော ဝမ်းတို့ကို ရပ်စေ၏၊ သွေးနှင့်သင့်၏။

ရေစတက်။ သွေးကို ကြေစေ၏။

ရေကာစွန်းရွက်။ ကျောက်ကြီး ကျောက်ချုပ်သောအနာ, အဆိပ်နာ, လေဖေါသော အနာ,အာပေါဓါတ်ကို ကြေစေ၏။

ရင်းတိုက်မြစ်ခေါက်။ သွေးကို ငြိမ်စေ၏၊ အထက်သို့ တက်သော လေနာ, အစာကြေခြင်းကို ပြုတတ်၏။

ရင်ဂတ်ပွင့်။ သွေးသည်းခြေ, လေသလိပ်နှင့် ယှဉ်သော ခပ်သိမ်းသော အဖျားမျိုးတို့နှင့် ယှဉ်သော အိပ်ချင်နေခြင်း, မွေလျော်ချင်သော အနာ, အလွန်ပူဆာလိုက်လှဲ့သော အနာ, အဓိမာနသွေး ရောက်သော အနာ,အဘိညာဉ် သန္နိပါတ်ရောက်သောအနာများကို နိုင်၏။

ရှစ်ရှားပွင့်။ အလွန်ပူသော သွေးသည်းခြေနာ, ချမ်းသော သွေးသည်းခြေနာ, မအိပ်တတ်သော သွေးသည်း

ခြေနာ, ရှုးသွပ်သော ထိတ်လန့်သော သွေးသည်းခြေနာ, မူးဝေသော သွေးသည်းခြေတို့ကို ပျောက်စေ၏။

ရင့်မာပွင့်။ သွေး သည်းခြေ လေသလိပ်တို့နှင့် ရောသောအနာ, တံထွေးများသောအနာ, ခံတွင်းမသက်သာသောအနာ, မူးဝေသော အနာများကို နိုင်၏။

ရိုးတံမြစ်။ လေကို ကြေစေတတ်၏။

ရိုးတံပွင့်။ ထိတ်လန့် ရှုးသွပ်သော အနာ, အဘိညာဉ်သွေးဖေါက်သော အနာ, ယိုက်ဘက်ဆာလောင်သောအနာ,ညှိုးနွမ်းပင်ပန်းသော အနာ, မူးဝေ အနာ, ငိုက်မျဉ်းသော အနာတို့ကို နိုင်၏။

ရှစ်ရှားသီး။ အန့်မကောင်းသော အနာ, ရက္ခုပိတ်နာ, လေနာတို့ကို နိုင်၏။

ရှစ်ရှားစေ့။ ပူဆာသော အနာ, ယိုက်ဘက်သော အနာကို နိုင်၏၊ သုက်ကို ပွါးစေ၏။

ရေကြက်သား။ လူကိုဆုမြိုးစေတတ်၏၊ သလိပ်ပွါး၏၊ အဆီသြဇာရှိ၏၊ သွေးကိုဍင်း၊ အသားကိုဍင်း၊ ပွါးများစေ၏။

ရင်ကတ်သီး။ လေသလိပ် သည်းခြေတို့နှင့် လျော်၏၊ ချောင်းဆိုးနာ,သလိပ်ခဲသောအနာ, သလိပ်ခြောက်နာကို နိုင်၏၊

ရာဇဝင်မြစ်။ လေကိုကြေစေ၏၊ သွေးကိုငြိမ်စေ၏။

ရှောက်ဖြူမြစ်။ ပညာကိုပွါးစေ၏၊ ထက်၏၊ ဖေါရောင်သောအနာ, ပေါက်သောအနာကို နိုင်၏။

ရှောက်သီး။ လေအပေါင်းကို ကြည်လင်စေ၏၊ အူတွင်း၌တည်သော အပုပ်ကိုလည်း ကြည်လင်စေ၏၊ထက်၏၊ လေသလိပ်ကြောင့် ဖြစ်သော ကာယပိညာဏ်ဟု ဆိုသော သွား,လက်,ခြေတို့၌၊ လျှောက်သော

အနာ,သည်းခြေနာ,အတိသာရ ဝမ်းများကို နိုင်၏၊ သည်းခြေသလိပ် သွေးလေနာ, ဝမ်းမီးမဖြောင့်သောအနာ, မုတ္တကိတ်နာ, ဒုလာသရောနာ, ရင်လည်ချောင်းတို့၌ သလိပ်ခဲ ကြပ်သော အနာ, ချောင်းဆိုးနာ,သန္နိပါတ်နာကို နိုင်၏။

**ရှောက်ဖရုံသီး။** အစာကြေခြင်း, ဝမ်းမီးတောက်ခြင်း, လက်ချေတွန့်ကုပ်သော လေနာတို့ကို နိုင်၏။

**ရှောက်ခေါ့။** သွေးဒုပ် ထိုင်းသော အနာ, လေသည်းခြေနှင့်ယှဉ်၍ဖြစ်သောအနာ,ရင်၌ချွဲပြည့်နာများကိုနိုင်၏။

**ရှားဇောင်းသိင်္ဂနိုက်သည်။** အတွင်း ပူခြင်းနှင့် တကွ၊ ချေကတက်သော အနာ, ကြိုသွေ့ချွန်သော အနာ, ကိုယ်လက် ကိုက်ခဲသော အနာ,ဝမ်းကိုက်နာ, ဝမ်းချုပ်နာ, ဝမ်းလားနာ, မြင်းသရိုက်နာများကို နိုင်၏။

**ရှားစေး။** ဝမ်းအလွန်လားသော အတိသာရ ဝမ်းနာ,သည်းခြေနာ,အတွင်းပူ၍ ရေငတ်သော အနာ,ချွေးထွက်အားကြီးသောအနာ, သွေးလျှံသောအနာ, အသံတွင်းနာ, ခေတ်လေးပါး ပျက်နာများကို နိုင်၏။

**ရှောက်ချဉ်သီး။** နှလုံးကို ကြည်လင်စေတတ်၏၊ ပေါ့ပါးသောဂုဏ်ရှိ၏၊ ဝမ်းမီးကိုတောက်စေတတ်၏၊ခရုပ်နာ, ချောင်းဆိုးနာ, နှုတ်မမြိန်နာ, မွတ်သိတ်နာများကိုနိုင်၏၊ လည်ချောင်းကို သုတ်သင်ခြင်း၊ အသံပျက်ခြင်း, အဖုအလုံးပေါက်ခြင်း, နှလုံးနာခြင်း, ဝမ်းကြောတင်းခြင်း များကို နိုင်၏၊ မြင်းသရိုက်နာ, ဝမ်းချုပ်နာ, ကြို့ထိုးနာ, ထိုးကျင်သော အနာ, အော့အန်နာတို့၌ လွန်စွာ ချီးမွမ်းအပ်၏။

**ရှောက်ချိုသီး။** ကြေခဲ၏၊ သလိပ်ကို ပျက်စေသည်ဖြစ်၍ လေသည်းခြေနှစ်ပါးကိုငြိမ်ဝပ်စေ၏၊အဆိပ်သင့်သော

အနာ, အော့အန်နာများကို နိုင်၏၊ အားကို ပွါးစေတတ်၏၊ လူကိုဆူဖြိုးစေတတ်၏။

(မှတ်ချက်) ဤရှောက်မျိုးသည်ကား။ ။အချဉ်မျိုး, အချိုမျိုးမှတပါး ရှောက်ပန်းမျိုး၊ ရှောက်သခွါးမျိုး၊ ၎င်းမှာပင် အချဉ်-အချိုဟု ပြားပြန်၏၊ အချို့သောဆေးကျမ်းများ၌ ရှောက်သခွါးမျိုးကိုပင် ရှောက်ပန်းမျိုးဟု လာသည်။

**ရှောက်သခွါးအချိုမျိုး။** စဉ်းငယ် ချိုချဉ်၏၊ ချမ်း၏၊ လေတွဲခြင်း, လေနာသည်းခြေနာကို နိုင်၏၊ နှလုံးကိုနှစ်သက်စေခြင်း, ရေမွတ်သိပ်ခြင်းများကို နိုင်၏။

**ရှောက်သခွါးအချဉ်မျိုး။** စဉ်းငယ်ချဉ်၏၊ ကြေလွယ်၏၊ နှုတ်ကိုမြိန်စေ၏၊ ဝမ်းကိုတောက်စေ၏၊ လည်ချောင်းနာ,ပန်းနာ, ဂုနာ,ချောင်းဆိုးနာ,ဘေးထိုး ရင်ကျပ်နာများကို နိုင်၏။

**ထိုရှောက်သခွါးသီး၏အနှစ်။** ကြေလွယ်၏၊ဝမ်းကိုခိုင်စေတတ်၏၊ပေါက်သောအဖုအလုံးနာ, မြင်းသရိုက်နာ,လေထိုးကျင်သောအနာ, အော့အန်နာ, သလိပ်နာများကို နိုင်၏၊ နှုတ်မြိန်ခြင်းကို ပြုတတ်၏။

**ထိုရှောက်သခွါးသီး၏အပြင်ခွံ။** ပိုးနာကို နိုင်၏။

**အတွင်းထပ်ခွံ။** လေသည်းခြေကို ကြွစေ၏။

**ရဲယိုသီး။** ဝမ်းမီးကို တောက်စေ၏၊ ကိုယ်ကို ခြောက်သွေ့စေခြင်း, လေသလိပ်ကို နိုင်ခြင်းသတ္တိဂုဏ်ရှိ၏၊ ဒေါသသုံးပါး တို့ကြောင့် ဖြစ်သော ပူဆာလောင်ခြင်း,လေလှိုက်တက်ခြင်း,သည်းခြေ လှုပ်ရှားခြင်းများကို နိုင်၏။

**ရွှေဖရုံသီးမှည့်။** ချိုသောရသာရှိ၏၊ စဉ်းငယ်ငန်၏၊ ဝမ်းမီးကို တောက်စေ၏၊ နှုတ်ကို မြိန်စေ၏၊ သည်းခြေကို ပျက်စေ၏၊

**ရွှေဖရုံသီးစိမ်း။** ကြေခဲ ကျက်ခဲ၏၊ ချေ၏၊ ဝမ်းကို ချုပ်စေ၏၊ ဆီးကို များစေတတ်၏၊

**ရှစ်ရှားသီး။** ကြံဖုသီးနှင့် ဂုဏ်အကျိုးသွား တူ၏၊ အထူးအားဖြင့် ချူ၏၊ ဖေး၏၊ ချဉ်၏၊ စဉ်းငယ်ပူ၏၊ ဂုဏ်သတ္တိကို ဝေဖန်သောအားဖြင့်၊ ချူခြင်း, ဖေးခြင်းကြောင့် လူကို ဝပြိုးစေတတ်၏၊ သည်းခြေနာကို နိုင်၏၊ ချဉ်ခြင်းကြောင့် လေကို နိုင်၏၊ ပူခြင်း, ဖန်ခြင်းကြောင့် သလိပ်နာကို နိုင်၏။

(မှတ်ချက်) ထိုရှစ်ရှားသီးသည် တပါးသောသစ်သီးများ၏ဂုဏ်သတ္တိထက်ကဲလွန်၏၊ ထမင်းဆာမှုဘဲသည်၏အစဥ္စရင်း၊အလယ်၌ရင်း၊အဆုံး၌ရင်း၊ ထိုရှစ်ရှားသီးကို အနုပါနတည်းဟူသောအဖျော်လုပ်၍ သုံးဆောင်အပ်၏၊ ဒေါသသုံးပါးကိုပယ်သောအရာ၌ အတုမရှိဟု ဆေးကျမ်းဆရာတို့က ချီးမွမ်းကြကုန်၏။

## (လ)

**လယ်ဇလပ်။** သွေးလေ တို့ကို ကြွစေ၏၊ ရံခါ လေကို ကြေစေ၏။

**လယ်ဟင်းခါးရွက်။** လေသလိပ် သည်းခြေတို့ကိုရင်း၊ ကျင်ကြီးကျင်ငယ်ချုပ်သော အနာတို့ကိုရင်း၊အစာကြေခြင်းကိုရင်းပြု၏၊ သည်းခြေ အဓိကပြုသော အနာနှင့် နွေဂိမှန္တဥတုကာလ၌ လွန်စွာသင့်၏။

**လမုံဆေး။** ဝမ်းလားသောအနာ, သလိပ်ကို နိုင်၏။

**လယ်ခေါင်ရှမ်းပန်း။** ကိုယ် ကို ခိုင်ခန့်စေ၏၊ မက်မောစေတတ်၏။

**လိပ်သရွှေဖြူညိုပန်း။** သည်းခြေနာ, သလိပ်နာတို့ကို နိုင်၏၊

**လက်ထုပ်သီး။** ရင်၌ လေ၏ပိတ်ဆို့ခြင်းကို ဖြစ်စေ၏။

**လက်ထုပ်ရွက်။** အတိသာရ ဝမ်းလားခြင်းကို နိုင်၏။

**လက်ထုပ်ခေါက်။** ပိတ်နာ, သွေးသလိပ်နာ, သန္နိပါတ် အဖျားနာများကို နိုင်၏၊

**လက်ထုပ်ကြီးမြစ်သည်ရင်း။ လက်ထုပ်ပိုမြစ်သည်ရင်း။** သလိပ်နာ, သည်းခြေနာ, သွေးနာ, ဝမ်းမီးညှိုသောအနာ, မြင်းသရိုက်နာ, သွေးသွန်နာများကို နိုင်၏။

**လက်ထုပ်သိန်ဖြစ်သည့်ရင်း။ လက်ထုပ်မဖြစ်သည့်ရင်း။** ။
သလိပ် သည်းခြေ သွေးနာ, ဝမ်းပြီးညှဉ်သော အနာ, မြင်းသရိုက်သွေးသွန်နာ, အဆိပ်သင့်နာကို နိုင်၏။
**လက်ထုပ်သိန်၏အသီးအစေ့။** သွေး သည်းခြေနာ, ဝမ်း နာ, အဖျားနာများကို နိုင်၏။

(မှတ်ချက်) အသီးကြီးအပွင့်ဖြူ၊ အရွက်ကြီးကြီးရှိသည်ကား လက်ထုပ်ဖို ခေါ်၏၊ အသီးငယ် အပွင့်ဖြူ-နီ၊ အရွက်သေး သေး ရှိသည်ကား လက်ထုပ်မ ခေါ်၏။

**လယ်ဟင်းခါးမြစ်။** လေကို ပွါးစေ၏၊ သလိပ် သည်းခြေ အဖျား၊ အနာများကို နိုင်၏။
**လိပ်ဆူညီမြစ်။** သလိပ်နာ, လေနာကို နိုင်၏။
**လင်းလေးမြစ်။** သလိပ်နာ, အစားသစ်ကိုမှီ၍ ထိုးကျင်သော အနာ, ဖုတ်-ဘီလူးဘမ်းစားသော အနာ, ဝက်ရူး နာ,တို့ကို နိုင်၏၊ အသက်ကိုရှည်စေ၏၊ နှလုံးကို ငြိမ်စေ၏၊ ပညာကို ပွါးစေ၏။
**လင်းလေးရွက်။** ခါးသော ဆိမ့်သော ရသာရှိ၏၊ မြေင်းကို ဖြစ်စေ၏ အပူကိုနိုင်၏၊ (ယခုအခါ လင်းနေဟု ခေါ် ၏၊ ဆေးကျမ်း၌ လင်းလေ။)
**လိပ်ကျောက်ဆူး။** ခပ်သိမ်းသော အဆိပ်အတောက် ငန်းနာ, အရိုး,အသား,အကြောကိုစွဲသော အနာ, မုတ္တကိတ် ဒုလာသရောနာ, ကျင်ချုပ်ခြင်း, ရိနာ, ဂိုနာ,ဗရင် ဂျီ စမ္ဗုဂ္ဂ အစရှိသော လူဖျားနာ, နူနာ, ခပ်သိမ်း သော ပယောဂတို့ကို နိုင်၏။
**လှော်ရိုး၏ဥကျွောင်းခွံ။** အလွန် ပူသော အနာ,အသားအကြော၌ ဖြစ်သောအနာ,လှိုက်တက်ဆာလောင်သောအနာ, မျက်စေ့ တိမ်သလာစွဲသော အနာများကို နိုင်၏။
**လိပ်တိုက်ခေါင်းခွံ။** အထက်သို့ ဆန် တက်သော အနာ, အ ကြောသို့ သျှောက်သောအနာ, အပူ အဒ မညီမျှ

သောအနာ,ဆို့ပျို့သောအနာ,မြေစွဲမြေကိုင်နာများ
ကို နိုင်၏။

**လင်းတရိုး။** ခပ်သိမ်းသော ပယောဂနာ, အပူအဝေ မညီမျှသော အနာ, ဝက်ရူးနာ, ကျောက် ဝက်သက်နာ,အလွန် တက်သော အနာများကို နိုင်၏။

**လယ်ပုဇွန်လုံးခေါ်(ဂဏန်း)။** ဆီးကို ရှင်စေတတ်၏၊ လေနာ, သည်းခြေနာကို နိုင်၏။

**လိပ်သား။** အားကုန်ခန်းသောအနာကို နိုင်၏၊သုက်ကိုပွါးစေ၏၊ ကိုယ်ရောင်နာကို ပျောက်စေ၏။

**လေးညှင်း။** အပူကိုငင်း၊ ဒဏ်ထသော အနာကိုငင်း၊ ထိုးကျင်သောအနာ, ဝမ်းပြည့် ဝမ်းရောင်နာ, ခံတွင်းနာ, သွားနာကို နိုင်၏၊ သွေးနှင့်ယှဉ်သော အနာ, ဥဋ္ဌဝါတ လေနှင့် ယှဉ်သော သလိပ်နာ, ဝမ်းနှိုက် လေ ပုပ်၊ ဝမ်းမီးမဖြောင့်သော အနာများကို နိုင်၏။

**လက်ချား။** မုတ္တကိတ်နာ, အဆို့နာ အနာများကို နိုင်၏၊ သလိပ်ကို ကြေစေတတ်၏၊ အတွင်း၌ပူသောအပူကို ငြိမ်းစေ၏၊ ရေငတ်နာ, အရိုးအသား၌ စွဲသောအနာ, အသည်းနှလုံး စွဲသော အနာ, လေအားကြီးသော အနာ, မုတ္တကိတ်နာ, ခပ်သိမ်းသော ဝမ်းနာမျိုး ခပ်သိမ်းသောအဖျားနာများကို နိုင်၏။

**လွှန်သီး။** အလွန်ပူသော သည်းခြေနာ, ထိတ်လန့်ရူးသွပ်သော သည်းခြေနာ, သွေးသည်းခြေ ပျက်နာ, ဒေါသ မာန ခက်ထန်သော သည်းခြေနာ,လှိုက်လှဲဆာလောင်သော အနာများကို နိုင်၏။

**လက်ခုပ်စေ့။** နှလုံး ပူလောင်သော အနာ, အားနည်း သော အနာ, အိပ်ခြင်း,နေခြင်း, စားခြင်းများသောအနာ တို့ကို နိုင်၏။

**လင်းပံခွေး။** အပူဝင်သောအနာ, အသက်သို့ လိုက်တက်သော အနာ, ဝမ်းလားနာ, ကိုယ်ခြောက်သော အနာများ ကို နိုင်၏။

**လိမ္မော်သီး။** ကောင်းသော အနံ့ရှိသည်ဖြစ်၍ ချို၏၊ ဖျော်၏၊ လေ ကို နိုင်၏၊ နှုတ်ကို မြိန်စေ၏၊ နှလုံးကို ကြည်လင် စေ၏၊ အော့အန်နာ, သည်းခြေနာကို နိုင်၏။

## (ဝ)

**ဝက်မြေကြီး။** သွေးနု, သွေးသစ်တို့ကိုလည်း ငြိမ်စေ၏၊ ဆံပင် ကိုလည်း နက်စေ၏၊ သလိပ်ခန်းသောအနာ, ကြွက် နို့နာ, ပွေးညှင်းတင်းတိပ်နာတို့ကို နိုင်၏၊ ပညာကို ပွါးစေ၏။

**ဝက်ချေးပနဲ့။** ပျို့အန်သော အနာ, နှလုံး၌ လိုက်သော အနာ, ရေငတ်သော အနာ, အတိသာရဝမ်းနာများနိုင်၏။

**ဝါးမြစ်။** ပေါက်သောအနာ, မြင်းသရိုက်နာ, ကျင်ကြီးကျင် ငယ်ချုပ်သောအနာ, ရောင်ရမ်းနာကို နိုင်၏။

**ဝါးမြစ်နု။** ဖန်သော ရသာရှိ၏၊ ချိုသော ရသာရှိ၏၊ ပူ၏၊ သလိပ်ကို နိုင်၏။

**မြစ်ပုံ၊ မြစ်ရင်း၊ ထန်းနို့ တို့။** ပန်းနာ, ချောင်းဆိုးနာ, ကုပ်ဟိုး နာများကို နိုင်၏။

**ဝက်သား။** သေပြီးသောသုက်ကို ပွါးစေ၏၊ (ပန်းသေနာကို ဆိုလိုသည်) ချွေးထွက်ခြင်းကိုပြု၏၊အစာဟောင်း များကို ပြုပြင်၏၊ အကျိုးဆယ်ပါး ပြီး၏၊ လေနာ ကို အထူးသဖြင့်နိုင်၏၊ ကြေခဲကျက်ခဲ၏၊ အား- အသားကို ပွါးစေ၏။

**ဝမ်းဘဲသား။** ဖျော် ဝမ်းကို ရှင်စေတတ်၏၊ သုက်ကိုပွါးစေ၏၊ လေနာ, ရက္ခပိတ်နာကို နိုင်၏။

ဝက်သည်းခြေ။ ဝက်ရူးနာ, မြေဘီလူးစွဲသောအနာ, ငန်း အစရှိသော အဆိပ်မျိုးနာ, လူမှန်းမသိသော အနာ, မြေစွဲသော အနာများကို နိုင်၏။

ဝက်စွယ်။ ဝက်ရူးနာ, မြွေ, ခွေးရူး, အဆိပ်တို့ကိုဖုင်း၊ ထိတ်လန့်၍ ပယောဂရှိသောအနာ,အလွန်ပူသောအနာ, အသား၌ အပ်နှင့် ဆွသကဲ့သို့ နာသော အနာ, အလျင်အမြန် အဆိပ်ကဲ့သို့ တက်သော အနာ, နာဂဝိသ ငန်းနာ,ကျောက်ဝက်သက်တို့ကို နိုင်၏။

ဝက်ဝံသည်းခြေ။ ဝက်ရူးနာ,အလွန် တက်၍ လူမှန်းမသိသော အနာ, သလိပ်အားကြီးသော အနာ, ခပ်သိမ်းသော အဆိပ်မျိုးတို့ကို နိုင်၏။

(သ)

သနပ်သီးစိမ်း။ ဝမ်ကို ချုပ်စေ၏၊ အဆီမရှိ၊ သွေးကိုခြောက်စေ၏၊ သွေး သည်းခြေကို နိုင်၏။

သနပ်ရွက်။ အတိသာရ ဝမ်းသွားခြင်း, ဝမ်းထဲ၌ ရှိသော အနာ, အပူကြောင့် ဖြစ်သော တေဇောခေတ်မီးများကို နိုင်၏။

သနပ်သီးမှည့်။ ချိုသောရသာရှိ၏၊ ဖေး၏၊ ကြေခဲ၏၊ သလိပ်ကို ပွါးစေ၏။

သနပ်မြစ်။ သွေးကိုငြိမ်စေ၏၊ လေကိုကြေစေ၏။

သင်းခွေမြစ်။ သလိပ်နာ,ပိုးနာ,နူနာ,ကိုယ်၌ ပေါက်သော အနာများကို နိုင်၏။

သင်းဝင်ပေါက်ဖြူမြစ်။ ဝမ်းကြောတင်းသော အနာ, ဝမ်းပြည့်နာ,ဝမ်း၌ အလုံးရှိသောအနာများကို နိုင်၏၊ အသံကို ကောင်းစေ၏။

သင်းဝင်ပေါက်ဖြူရွက်။ သွေးကို ကြေစေ၏၊ နာဂဝိသ ငန်းကို နိုင်၏၊ နှလုံးကို ငြိမ်စေ၏။

**သခြေမြစ်။** သွေးလေတို့ကို ငြိမ်စေတတ်၏။

**သခြေသီး။** ချို၏၊ ဖန်၏၊ ဖော၏၊ အဆီမရှိ၊ ဝမ်းနှင့်တကွ လေကို ပျက်စေ၏၊ သလိပ်သည်းခြေကို နိုင်၏။

**သခြေသီးစိမ်း။** ဝမ်းကိုချုပ်စေ၏၊ မှည့်မှ-ဝမ်းကိုသက်စေ၏၊ ခြောက်သွေ့စေတတ်၏၊ လေကိုဝပ်စေတတ်၏။

**သစ်ဆိမ့်မြစ်။** ဝမ်းမီးကိုတောက်စေ၏၊ ထက်၏၊ အော့အန်ခြင်းကို ပြုတတ်၏၊ လွန်စွာအဆိပ်ကို နိုင်၏။

**သစ်ဆိမ့်သီး။** အသံကို ပျက်စေတတ်၏၊ ပူသည်ဖြစ်၍ လူကို ခြောက်သွေ့စေတတ်၏၊ သုက်နာ,ပိုးနာကို နိုင်၏၊ မျက်စိနာနှင့်သင့်၏၊ ဝမ်းမီးချက်၍ ကျက်ပြီးသည်နောက် စဉ်းငယ်ပူ၏၊ ဖန်၏၊ သလိပ်သည်းခြေကို နိုင်၏၊ သွေး သည်းခြေနှစ်ပါး ဖျားသော အနာ, အတွင်းပူ၍ ဝမ်းကျသောအနာ,ဝမ်းကျ၍ ရေငတ်သော အနာ, ခြေကာဘက်၍ ဖြစ်သောအနာ, လျှာကွဲနာ,သွား၌ဖြစ်သောအနာ,ဆေးအဆိပ်အမျိုးမျိုးသွေးစုနာ, ယားယံနာ, ဆေးဟူသမျှကို ချုပ်တတ်၏၊ အဘိညာဉ် သန္နိပါတ်နာ, အရိုးအဆစ် ကိုက်ခဲသောအနာ, မျက်စိနာများကို ပျောက်စေ၏။

**သစ်ဆိမ့်သီးနု။** သလိပ်သည်းခြေ လေတို့နှင့်ယှဉ်၍ ဖြစ်သောအနာ, သုံးပါးသော ဒေါသနှင့်ယှဉ်သော အလွန်ဖောသော အလွန်ပူသော အနာတို့ကို နိုင်၏။

**သကြားရေစဉ်။** သွေးတို့ကို ငြိမ်းစေ၏၊ အမာနာကို နိုင်၏။ (ယခုလူတို့က အတိုးကြီးထန်းတောင်းခေါ်၏။)

**သံလျက်ကြီးခေါ် သာလမြစ်။** ဓနုလူမျိုးခေါ် ကြေးမြီးမ။

**သံလျက်သိန်ခေါ် ပြီသမြစ်။** ဓနုလူမျိုးခေါ် ကြေးမြီးဖို။ ။ သည်းခြေနာ, သွေးဝမ်းသက်သောအနာ,ဝမ်းသွန်နာများကို နိုင်၏။

**သက်ရင်းကြီးမြစ်။** အောက်အထက် ပေါက်ပြန်သော အနာ၊ သလိပ်နာ၊ လေနာ၊ နူနာတို့ကို နိုင်၏။

**သက်ရင်းကြီးရွက်။** သွေးကို ကြွစေ၏၊ အစာနှင့် လေကိုကြေစေ၏၊ သလိပ်ကို နိုင်၏၊ ဝမ်းကို ဖြောင့်စေ၏၊ လေကို ထုတ်တတ်၏ သွေးစုခဲသော အနာ၊ ဝမ်းကိုက်နာ၊ သွေးအထက်သို့ ဆန်တက်သော အနာ၊ ဒဏ်ပေါင်းနာများကို နိုင်၏။

**သမန်းကြွား။** ဝမ်းလျှောခြင်း၊ သလိပ်နာကို နိုင်၏။

**သပွတ်ကြီးမြစ်။** သွေးကို ကြွစေ၏။

**သမုဒ္ဒရာ၌ဖြစ်သောဆား။** အစာကြေ၏၊ သွေးလေ သလိပ်ကြေ၏၊ ကြည်လင်သောအသံကို ဖြစ်စေ၏။

**သစွတ်မြစ်။** သလိပ်နာ၊ လေနာကို နိုင်၏။

**သစ်ကျပိုး။** ခတ်ချောက်ချားသူ ကိုဎင်း၊ လေ သည်းခြေကို ဎင်း ကြေစေ၏၊ ဝမ်းသွေးကျခြင်းကိုဎင်း သွေး ထွက်သော အနာများကိုဎင်း နိုင်၏။

**သစ်ကဝိုး။** ခါးသော ရသာရှိ၏၊ သလိပ်နာ၊ သွေးနာ၊ သည်း ခြေနာ၊ ချောင်းဆိုးနာကို နိုင်၏။

**သီဟရာဇာ။** သွေးလေတို့ကို ကြွစေ၏။

**သပွတ်သိန်း။** သွေးကိုကြွစေ၏၊ လေကိုကြေစေ၏။

**သပွတ်ရွက်။** လေကို ကြေစေ၏၊ သွေးကိုကြွစေ၏။

**သပွတ်မြစ်။** သလိပ်နာ၊မြင်းသရိုက်နာကိုနိုင်၏၊ အစာဟောင်း အစာသစ်ဇာတ်များကို သုတ်လိမ်းပါက အစာကြေ ခြင်းကို ဖြစ်စေ၏။

**သပွတ်သီး။** ချိုသော ရသာရှိ၏၊ ချေ၏၊ လေသည်းခြေကို နိုင်၏၊ သလိပ်ကို ပျက်စေတတ်၏၊ ကုပ်ဟီးနာ၊ ပိုးနာတို့ ကိုနိုင်၏။

**သခေါ်ခတာမာမြစ်။** သည်းခြေနာ, ကိုယ်ပူနာ,ဖျားနာကိုနိုင်၏၊ သလိပ်ကို ခြောက်ခန်းစေ၏။

**သစ်မယ်ဇယ်မြစ်။** သွေးသည်းခြေကို နိုင်၏၊ ပေါက်သောအနာကို ပျောက်စေခြင်းငှါ တင်ခြင်း, သုတ်လိမ်းခြင်း၌ သင့်မြတ်လှ၏၊ ချမ်းသည်ဖြစ်၍ လူကိုဝဖြိုးစေတတ်၏၊ အသံကောင်းခြင်းဖြစ်စေ၏၊ မျက်စိနာနှင့် သင့်၏။

**သနပ်ခေါ်မြစ်။** ဝမ်းကို ပြေ့စေတတ်၏၊ သွေးသည်းခြေကို ငြိမ်ဝပ်စေတတ်၏၊ ဩဇာရုဏ်ကျ၏။

**သခေါ်ခသစွါး။** ပူ၏၊ လေကို ကြေစေ၏၊ သွေးကို ကြွစေတတ်၏။

**သခက်ဖြူမြစ်။** ချမ်းမြေ့၏ ပေါက်သောအနာကို သုတ်လိမ်းခြင်း၌ ကောင်းမြတ်လှ၏၊ မျက်စိနာနှင့်သင့်၏။

**သခက်ရွက်။** သလိပ်ပူ, လေပူ, အဆိပ်နာ, အဖျားသစ်တို့ကို ကြေစေ၏။

**သရက်သီးစိမ်းနု။** ချဉ်၏၊ အဆိမရှိ၊ ခြောက်သွေ့၏၊ သွေးသည်းခြေကို ပျက်စေ၏၊ နှုတ်ကိုမြိန်စေ၏။

**သရက်သီးစိမ်းရင့်။** သည်းခြေကို ပျက်စေ၏၊ ချဉ်သော ရသာထူးကဲသော်လည်း သလိပ်ကို မပျက်စေတတ်။

**သရက်သီးစိမ်းနုခြောက်။** ဖန်၏၊ ချဉ်၏၊ ဝမ်းကို လျှောသက်စေ၏၊ သလိပ်နှင့် လေကို နိုင်၏။

**သရက်သီးစိမ်းရင့်ခြောက်။** ဖန်၏၊ ချဉ်၏၊ အသံကိုပျက်စေ၏၊ သလိပ်ကို နိုင်၏။

**သရက်သီးမှည့်။** ချို၏၊ ဖေ၏၊အဆင်းကို ပြုတတ်၏၊ နှုတ်ကိုမြိန်စေတတ်၏၊ သုက်ဓာတ် အသားဓာတ်တို့ကိုပွါးစေတတ်၏၊အားကိုလည်းပွါးစေ၏၊လေနာ,သည်းခြေနာနိုင်၏၊ နှလုံးကိုကြည်လင်စေ၏၊ ကြေခဲကျက်ခဲ

၏၊ ဥတ္တုတောဖေါကြောင့် ဖြစ်သောအနာ, ဓါတ်ပျက်ခြင်း, ဆာပူမှလွတ်ခြင်းကို နိုင်၏။

**သရက်စေ့။** ဖန်၏၊ မူးဝေသောအနာ, ဝမ်းပျက်နာ, အော့အန်နာတို့ကို နိုင်၏။

(မှတ်ချက်) ထိုသရက်သီးတို့တွင် နက်တဲ့ စိုင်ပေါင် သလပ်ဖက် မနော်နွယ်တော စသော အမျိုးမျိုးသော သရက်တို့မှာကား၊ ရသဩဇာထူးကဲရာသို့လိုက်၍ ဂုဏ်သတ္တိတို့ကို ယူလေ။

**သခော်ခသီးမှည့်။** ချို၏၊ ဖေါ၏၊ လေသည်းခြေနာကို ပျောက်စေ၏၊ ဝမ်းကိုလည်း ချောသက်စေတတ်၏၊ လေကိုကြေစေ၏၊ ဝမ်းရင်နာ, ကိုယ်ဖေါကိုယ်ရောင်နာ, များကို နိုင်၏။

**သခော်ခသီးစိမ်း။** ပူ၏၊ ဖန်၏၊ ဆီးဝမ်းကို ချုပ်စေ၏၊ သလိပ်ကို ပျက်စေ၏၊ လေကိုကြပ်စေ၏။

**သီးသီးမှည့်။** ချို၏၊ စဉ်းငယ်ချဉ်၏၊ အနံ့ကောင်း၏၊ နှုတ်ကိုမြိန်စေ၏၊ လေသလိပ်ကို နိုင်၏၊ ချက်ပြုတ် စိမ့်သောကာလ ဒေါသသုံးပါးလုံးကို နိုင်၏၊ကျင်ကြီးကိုခိုင်စေတတ်၏၊ ကြေခဲ၏၊ နှုတ်ခမ်းနာ, အဆိပ်သင့်သော အနာတို့ကို နိုင်၏။

**သီးသီးစိမ်း။** ချဉ်၏၊ ဖန်၏၊ စဉ်းငယ်ချို၏၊ အဆိပ်သင့်သောအနာ, ယားနာ, နှုတ်မမြိန်နာများကို နိုင်၏၊ ဆီးဝမ်းကို ချုပ်စေတတ်၏၊ လျှာ, လည်ချောင်းတို့ကိုကြပ်တည်း ခြောက်သွေ့စေ၏၊ လေကို ဖိတ်ဆို့စေ၏၊ ရင်ကို လေးစေ၏။

**သီးရွက်။** ဥကြောင်းခဲသောအနာ, အော့အန်နာ, ဝမ်းကျနာ, လေသလိပ်နာတို့ကို နိုင်၏။

**သမင်သား။** ပျားလဘို့နှင့် တူ၏၊ အစာ ကြေခြင်း, ဒေါသသုံးပါးမှ လွတ်ခြင်း, ဝမ်းမီးတောက်ခြင်း, ကျင်

အောင့်သော အနာများကို နိုင်၏၊ ကိုယ်ကိုပေါ့ပါးစေ၏၊ ချူဆိမ့်သော ရသာရှိ၏၊သုက်ကို ပွါးစေ၏။

**သမင်ချို ဆိတ်ချို ဒရယ်ချို။** လည်ချောင်း စရိတ်ရောင်သော အနာ, ချောင်းဆိုးနာ, ဗရင်ကျိနာ,စမ္ဗဂုဏ္ဏ နူနာများကို နိုင်၏။

**သစ်စွယ်။** ခြေကတက်သော အနာ,ကိုယ်သား-ကိုယ်ရေတို့၌ ပေါက်ပြကွဲအက်သော အနာ,မျက်စေ့ကြက်တက် မမြင်သောအနာ, တေဇောဓာတ် အားကြီးသော အနာများကို နိုင်၏။

**သစ်ကြားသီးဆံ။** သည်းခြေ သလိပ်တို့နှင့် ယှဉ်၍ ဖြစ်သော နှလုံးပူဆာလောင်သောအနာ, အသားအရေသွေ့ခြောက်သော အနာ, နှလုံးမွေ့လျော်သော အနာ, ဝမ်းလားသော အနာ, ရေငတ်သော အနာ, ချွေးထွက်များသော အနာတို့ကို နိုင်၏။

**သဇင်ပန်းပွင့်။** မူးဝေ ငိုက်မျဉ်းသော အနာ, ဥကွောင်းကိုက်နာ, မျက်စေ့နာ, ဆာလောင် မွတ်သိပ်သောအနာ, အဘိညာဉ် သန္နိပါတ်နာ, သလိပ် သည်းခြေ အားကြီးသော အနာများကို နိုင်၏။

**သစ်မည်စည်ပွင့်။** သွေးသည်းခြေနာ, အကြောချောက်သော အနာ, ပူဆာသော သည်းခြေနာ, ရူးသွပ်သော သည်းခြေနာ, အားနည်းသော အနာများကို နိုင်၏။

**သရဖီပန်းပွင့်။** မူးဝေသော အနာ, လက်ခြေ မသိမ်းနိုင်သော အနာ, အလွန်ပူသော သည်းခြေနာ, အဘိညာဉ် သန္နိပါတ်နာတို့ကို နိုင်၏။

**သစ္စာပန်းပွင့်။** ဥကွောင်း မျက်စေ့ ကိုက်ခဲနာ,လေအထက်သို့ တက်၍ ဥကွောင်း၌ သွေးဝင်သော အနာ, ဆာလောင်သောအနာ, ပယောဂနှင့် ယှဉ်သောအနာ တို့ကို နိုင်၏။

**သစ္စာပန်းရွက်။** သလိပ် သည်းခြေနာနှင့် ယှဉ်သော အနာ, လေနာတို့ကို နိုင်၏။

**သစ်မည်စည်ရွက်။** ရင်၌ ရှိသောအနာကို နိုင်၏၊ အဆင်းနှင့် တကွ သုက်ဓါတ်ကို ပွါးစေ၏။

**သစ်စည်းပွင့်။** အတွင်း၌ ကြွက်သည်း မွေးညှင်းထ၍ ချမ်းသော အနာ, ဝမ်းပြည့်နာ, ပိုးနာ, စမ္ပဂူတ္တနာ, ဗရင်ဂျီ နူနာ, ခပ်သိမ်းသော အဆိပ်မျိုးနာတို့ကို နိုင်၏။

**သဲမြက်သီးဆံ။** ခြေကတက်သော အနာ, အသားအရေ ကြုံလှီသောအနာ, တကိုယ်လုံး ကိုက်ခဲသော အနာ, တကိုယ်လုံး ရောင်သော အနာ, နှလုံး မွေလျော်သော အနာတို့ကို နိုင်၏။

**သကြား။** လေ သလိပ် သည်းခြေ တို့သည် ဒုဟ တေဇော ဓါတ်နှင့် ယှဉ်၍ အလွန် အပူရောက်သော အနာ, ဆာလောင်သောအနာ, နှလုံးဆို့တောင့်သောအနာ ရေငတ်သော အနာ, မူးဝေသော အနာ, အလွန် ကြုံလှီသော အနာ, ကုပ်ဟိုး ချောင်းဆိုနာ, စမ္ပဂူတ္တနူနာ, ဓာတ်လေးပါးမညီမျှသော အနာတို့ကိုနိုင်၏။

**သမံပင်မှဖြစ်သောအစေး။** အလွန် ကြုံသော အနာ, ကိုယ်သား ကိုယ်ရေ သွေ့ခြောက်သောအနာ, ဓာတ်လေးပါး ပျက်အနာ, ခြေကစတက်သောအနာ, ဆာလောင် လိုက်လှဲသော အနာ, နှလုံးမွေလျော်သော အနာ, ဓာတ် ချောက်ချားသော အနာ, မွတ်သိပ်သော အနာ, သလိပ် သည်းခြေ အားကြီးသော အနာ, အလွန်ပူ၍ ဆင်းရဲသောဝေဒနာ, အသည်းနှလုံး သရက်ရွက် သွေ့ခြောက်သောအနာ, အစာမကြေ အထွေအပြား ရှိပြားတတ်သော အနာတို့ကို နိုင်၏။ အဆင်းနှင့်တကွ အားကို ပွါးစေ၏။

**သမ္ဘူရာသီး။** ခက်မငါးဖြာသို့ လျှောက်သောလေကို ကြေစေ

၏၊ စဉ်းငယ်ချို၏၊ ချဉ်၏၊ ပူ၏၊ ကြေခဲကျက်ခဲ၏၊ ထိုးကျင်သောလေနာ,လေသလိပ် ဝမ်းမီးနုံ့သော အနာ, အော့အန်နာ, အစာမကြေသောအနာ, ရင်ဘတ်နာကို နိုင်၏။

**သန္တရာခေ့။** သည်းခြေနှင့် ယှဉ်၍ ဖြစ်သောအနာ, ဆာလောင်သောအနာ, စမ္ဗဂုတ္တ နူနာတို့ကို နိုင်၏။

**သခွါး။** အပူကြောင့် ဖြစ်သော တေဇော အခိုးကင်းနာ, ကျင်ကြီးကျင်ငယ်အောင့်သောအနာတို့ကို နိုင်၏။

**သခွါးအရှည်မျိုးအစိမ်း။** ချို၏၊ ဖန်၏၊ ဝမ်းကိုချုပ်စေတတ်၏၊ သည်းခြေကို နိုင်၏။

**သခွါးအရှည်မျိုး အမှည့်။** သည်းခြေကို ပျက်စေ တတ်၏၊ မွတ်သိပ်ခြင်းကို ပယ်၏။

**သခွါးအပုမျိုး။** ချို၏၊ ဖန်၏၊ ခင်းနာ, ကိုယ်ပူနာ, အော့အန်နာ, ရှူးနာတို့ကို နိုင်၏။

**သခွါးပြေတ်မျိုး အစိမ်း။** ချို၏၊ ဖန်၏၊ သည်းခြေကို နိုင်၏၊ မွတ်သိပ်နာ, ကိုယ်ပူနာတို့ကို နိုင်၏။

**သခွါးပြေတ်မျိုးမှည့်။** စဉ်းငယ် ချဉ်၏၊ လေသလိပ်ကို ပျက်စေတတ်၏၊ သည်းခြေကို နိုင်၏။

**သခွါးတဆစ်မျိုး အစိမ်း။** စပ်သော ရသာ၊ ခါးသော ရသာရှိ၏၊ ပိုးနာ, နူနာ, ဂူနာ, ဖျဉ်းနာ, ပန်းနာ, သည်းခြေနာ, သလိပ်နာတို့ကို နိုင်၏။

**သခွါးတဆစ်သီးမျိုးအမှည့်။** ချို၏၊ အဆိပ်သင့်သော အနာ, သုက်ခန်းနာတို့ကို နိုင်၏။

**သခွါးညှနို့။** သလိပ်ကို ကြေစေတတ်၏။

**သခွါးရွက်အကြမ်း။** ခက်ထန်သောဝမ်းတို့ကို ကြေစေ၏။

**သိုးသား။** ဖန်၏၊ ချိုဆိမ့်သော ရသာရှိ၏၊ ကြေခဲကျက်ခဲ၏၊ လူကိုဆူဖြိုးစေတတ်၏၊ ဝမ်းရောင်နာကိုပေးတတ်၏၊ သည်းခြေနာ, သလိပ်နာတို့ကို နိုင်၏။

သိန္ဓော။ အစာကြေခြင်း, သလိပ်ကြေခြင်း, ပျို့အန်သော အနာ, လေနာကို နိုင်၏။
သနပ်ခါး။ ပူ၏၊ သွေးကိုကြွစေ၏။

(ဟ)

ဟင်းနုနွယ်-အမြစ် အရွက်။ ဝမ်းမီးတောက်ခြင်း,အသမာနာ, ထောဖောကြောင့် ဖြစ်သော အပူနာ, အောက်သို့ သက်သော လေနာ, အထက်သို့ ဆန်တက်သော လေနာ, မီးယပ်၌ အဆိပ်နှင့် တူသော သွေးကို ကြေစေ၏၊ ချို၏၊စဉ်းငယ်ငန်၏၊ သွေးသည်းခြေ ကို နိုင်၏၊ ဆီးဝမ်းကို ရှင်စေ၏၊ အဆိပ်သင့် သော အနာ,နူတ်မပြိန်သော အနာတို့နှင့် သင့်၏။
ဟင်းဂလာရွက်။ ဆီးဝမ်းကို သက်စေတတ်၏၊လေနာသလိပ် နာ, အဖျားနာတို့ကို နိုင်၏။
ဟင်းကျွတ်။ လေကိုထုတ်တတ်၏။

(အ)

အောင်မဲညိုဖြူ-နီမြစ်။ ရောင်ရမ်းသောအနာ, ကုပ်ဟိုးနာ,လည် ချောင်းနာ,အဆိပ်အမျိုးမျိုးတို့ကို နိုင်၏။
အလိုက်ကျူ။ အစာသစ်ကိုမှီ၍ ထိုးကျင်သော အနာ, ပကတိ လေနာတို့ကို နိုင်၏၊ သွေးကို ပူစေတတ်၏၊ ကြွ လည်းကြွစေ၏၊ လေကိုကြေစေ၏၊ မုတ္တကိတ်နာ, ဒူလာသရောနာတို့ကို နိုင်၏။
အခိုထုံ။ သွေးကိုကြွစေ၏၊ လေကို ကြေစေ၏၊ ရံခါကြွစေ တတ်၏။
အခကျော်။ အစာကို ကြေစေ၏၊ ပူ၏၊ သလိပ်ကို နိုင်၏။ (အကျော်အနက်လည်း ရှိ၏၊ အကျိုးသွားမထူး။)
အမွှာတင်။ အသရေကို ပြုတတ်၏၊ အလှန်မွှန်မြတ်လှ၏၊ လေ သလိပ်သည်းခြေတို့မှဖေါက်ပြန်သောအနာတို့တွင်

သွေးသည်းခြေနာ,လေသလိပ်ဖျားနာ, အလွန့်ပူ၍ လူမှန်းမသိသော အနာ,နှလုံးမငြိမ်မသက်လှိုက်လှဲ သောအနာ,နှလုံးသွေးဖေါက်၍ ထိတ်လန့်ရူးသော အနာ,အလွန်ပူသော အနာ,အဘိညာဉ်သန္တိပါတ် ရောက်သောအနာတို့ကို နိုင်၏။

**အင်ကြင်းစေ့။** လေသလိပ် သည်းခြေနာ, ဓာတ်လေးပါးပျက် သောအနာ, ဝမ်းပြည့် ဖောအန်နာတို့ကို နိုင်၏။

**ခုန်းနဲ့သီး။** သည်းခြေအားကြီးသောအနာ,လေအားကြီးသော အနာ, အလွန်း အလွန်ပူသောအနာ, ဝမ်းကိုက် နာ,ဆာလောင်နာ, ဆံပြွန်နာတို့ကို နိုင်၏။

**ခုန်းနဲ့စေး။** ခြေကတက်သောအနာ,လေအားကြီးသောအနာ, ရင်ခို့ရှိသော လေနာ, အသား အရေ ခြောက်ကပ် ကြုံလှီသောအနာ,ပိုးနာ,စဠဂုဏ္ဍနူနာ,ခေါး,လှံ,လေး မြွား ထိကွဲပေါက်ပေါက်သော အနာတို့ကို နိုင်၏။

**အင်တွဲစေး။** ဝမ်းလားသောအနာ, ဝမ်းကိုက်နာ, ချောင်းဆိုး နာများကို နိုင်၏။

**ခုန်းပွင့်။** နှလုံးသို့ သွေးပုပ် ဝင်သောအနာ,လေပုပ်လှိုက်လှဲ တက်၍ ဆာလောင်သောအနာ, သည်းခြေကြောင့် ရူးသောအနာ, ငန်းပါးနာတို့ကို နိုင်၏။

**ခုန်းရေ။** ရင်နာ,ချက်အောက်တွင် နာသောအနာ,သည်းခြေ ပျက်နာ, ချောင်းဆိုးနာ, အစာမကြေသော အနာ တို့ကို လျင်မြန်စွာ ပျောက်စေ၏ ဝမ်းမီးတောက် ခြင်းကို ပြု၏။

**ခုန်းသီး။** ဇော်၏၊ လေတွဲ၏၊ ချိုဆိမ့်သော ရသာရှိ၏၊ သိမ်မွေ့ ၏၊ အား,အသားကို ပွါးစေ၏၊ နှလုံးကိုကြည်လင် စေ၏၊ ဝမ်းကိုချုပ်စေ၏၊ သည်းခြေနာ,ကိုယ်ပူနာ ရက္ခပိတ်နာ, ဆီး များသော အနာ, ကိုယ်ပေါ

ကိုယ်ရောင်နာ၊ ကျင်ကြီးကျင်ငယ်အောင့်သော အနာတို့ကို နိုင်၏၊ အာပေါခါတ်ကို ကြွစေ၏။

**ခုနှိုးသီးနု။** သည်းခြေဖျားနာ၊ သည်းခြေပျက်နာ၊ ပုလောင်သောအနာ၊ရေမွတ်သိပ်သောအနာ၊ အော့အန်နာ၊ သွေးနှင့်တကွသည်းခြေလျှင်အကြောင်းရင်းရှိကုန်သော ပေါက်ပြန် နာတို့ကို လျင်စွာပျောက်စေ၏။

**ခုနှိုးသီးရင့်** **ခုနှိုးသီးခြောက်။** ပူ၏၊ငန်၏၊လေတွဲ၏၊သည်းခြေကို ပျက်စေတတ်၏၊ ဝမ်းသျှောသက်စေ၏။

**အရက်။** ချောင်းဆိုး၍ ကိုယ်ခြောက်သော အနာ၊သွေးလွန်သွေးကျန်နာ၊ အောင်းမေ့သင့်သကဲ့သို့အနာ၊ ကုပ်ဟိုးနာ၊ချွေးမထွက်သောအနာ၊ ကျင်အောင့်သောအနာ၊သည်းခြေနာ၊ သွေးသွန်သောအနာ၊ မန်းနာ၊ အမ်းနာ၊တံထွေးများခြင်းလေပုပ်ခြင်းတို့ကိုနိုင်၏။

(ဥပမာ) သိကြားမင်း၏ လက်နက်ဖြစ်သော မိုးကြိုးစက်နှင့် ထိမှန်သောအခါ၊ တော-တောင်-သစ်ပင်-ကျောက် စသည်တို့သည်၊ ကြေမွ-ကျိုးပျက်ပြိုကွဲသကဲ့သို့၊ ဤအရက်သည်ကား၊ဝမ်း၌ရှိသော ရောဂါအပေါင်းတို့ကို ကင်းစင်လွင့်ပျောက်စေနိုင်၏။

## ( ဣ )

**ဣသရမူလီစွက်။** နတ်၊ဘီလူး၊ စုံး၊ ဖုတ် ပယောဂအမျိုးမျိုးမှ စ၍ သွေးပေါက်ခြင်း၊ မူးဝေခြင်းတို့ကို နိုင်၏။

## ( ဥ )

**ဥပသကာ။** သွေးသည်းခြေ ငြိမ်စေ၏၊မူးဝေသောအခါခေါင်းဆံပင် တို့ကို သုတ်လိမ်းပေးရာ၏၊ဖျားနာ၊ အပူကိုဖြေစေ၏၊လေကိုနိုင်၏၊ အနံ့မကောင်းသော ချွေးကိုပျောက်စေ၏၊ ဆိမ့်သော၊ ခါးသော ရသာရှိ၏။

**ဥသျှစ်မြစ်။** ကိုယ်အတွင်းကို ပူစေ၏၊သွေးလေ၊သလိပ်၊သည်းခြေနာ၊ခြေဆတ်နာ၊အော့အန်နာတို့ကို နိုင်၏။သုတ်လိမ်းသော် အနာအပေါင်းကို ငြိမ်းစေ၏။

**ဥသျှစ်ရွက်။** အတိသာရ ဝမ်းကိုရင်း၊ လေကိုရင်း၊ သွေးကျသောအနာ, ဝမ်းမီးတောက်ခြင်း၊ အစာကြေခြင်း၊ ကျင်ငယ်အောင့်ခြင်းတို့ကို နိုင်၏။

**ဥသျှစ်သီးနု၊ အကောင်းအခို။** ပူ၏၊ ဖန်စပ်သော ရသာရှိ၏၊ဝမ်းမီးကိုကြွစေ၏၊ကျင်ကြီးကို ချုပ်စေ၏၊ခတ်လေးပါးပျက်နာ,လေသလိပ်နိုင်၏၊ ဒဏ်နာပျောက်၏။

**ဥသျှစ်သီးအနု၊ အကောင်း၊ အခြောက်။** သလိပ်နာ, လေနာ, အစာသစ်အိမ်၌ ထိုးကျင်သောအနာတို့ကို နိုင်၏၊ ဝမ်းကို ခိုင်စေတတ်၏၊ပအုံးရေဖြင့်စိမ်ချ်ရင်းပြုတ်၍ ချိုင်း စားမူ ဝမ်းမီးညံ့သောသူတို့နှင့်သင့်မြတ်၏။

**ဥသျှစ်သီးမှည့်။** ချိုသောရသာရှိ၏၊ပူ၏၊ လေတွဲ၏၊ မွှေးကြိုင်သော အနံ့ရှိ၏၊ သွေးသည်းခြေ လေသလိပ်တို့ကို ပျက်စေ၏၊လေပုပ် ဝမ်းပုပ် နိုင်၏၊မှည့်ခါစသည် ဝမ်းကိုခိုင်စေ၏၊အလွန်မှည့်မှုလေကိုသက်စေ၏။

(မှတ်ချက်) အသီးမျိုးဟူသမျှ မှည့်မှ အကျိုးရှိသည်။ ထိုဥသျှစ်သီးမှာမူကား၊ အစိမ်းအနုသာလျှင်၊ အကျိုးရှိ၍ အမှည့်မှာကား-အကျိုးအလွန်မရှိ။

**ဥဒေါင်းသား။** ဆံနက်ခြင်း၊ အသံသာခြင်း၊ သွားခိုင်ခြင်း၊ ပညာပွါးခြင်းကို ဖြစ်စေ၏၊အကြောကို ငြိမ်စေ၏။

## ( ဧ )

**ဧကရာဇ်။** သွေးကိုတက်ကြွစေ၏၊ လေကိုငြိမ်းစေတတ်၏။

## (ဩ)

**ဩဇာရွက်။** ပူ၏၊သွေးကိုကြွစေ၏၊ အစာကိုကြေစေ၏။

**ဩဇာသီးမှည့်။** ချို၏၊ ဖန်၏၊ ကိုယ်ကိုခြောက်သွေ့စေ၏၊ အားဖြစ်၏၊အသားပွါး၏၊ နှလုံးနှစ်သက်၏၊လေနိုင်၏၊ သလိပ်သည်းခြေနှင့် ဆန့်ကျင်၏၊ ဝမ်းမီးနှင့်တွေ့လျှင် အပူတက်ကြွသည် ဖြစ်၍ အာခံတွင်းခြောက်သွေ့၏၊ သိမ်မွေ့၏၊ကြေလွယ်၏၊ ကျင်ကြီးခိုင်၏။ ငြိမ်း၏။

# နောက်ဆက်တွဲ

ဤသို့ အစရှိသဖြင့် တခုစီ အသီးသီး အကျိုးသွား ဂုဏ်တို့ကို ပြပြီး၍၊ ရှေးဆရာတို့သည် ဤဟာစုကား-ပထဝီစာ၊ဤဟာစုကား အာပေါစာ၊ ဤဟာစုကား ဝါယောစာ၊ ဤဟာစုကား-တေဇော စာ၊ ဤဟာစုကား-သည်းခြေစာ၊ ဤဟာစုကား အပုပ် အာဟာရ စာ၊ ဤဟာစုကား-ဓာတ်မီးစာ၊ ဤဟာစုကား-အာကာသစာဟု အသီးသီး ဓာတ်စာတို့ကို ဆိုကြသဖြင့် ယခု လူတို့မှီဝဲစားသောက် နေကြသော ဟင်းရွက် ဟင်းသီး သား-ငါး ပုဇွန်-ကြက်,ဝက် စသော အစာအာဟာရ ဓာတ်စာအမျိုးမျိုးတို့ကိုဂင်း၊ ဆေးဟူ၍ မှီဝဲသုံးဆောင်ကြကုန်သော သက်ရင်း၊ဩဝဲလဲဆေးပုလဲစသော တောပရဆေး အမျိုးမျိုး တို့ကိုဂင်း ပေါင်းစပ်၍ အနာရောဂါ အမျိုးမျိုးတို့ကို ကုသ, ကျွေးမွေး ကြပုံများကို နည်းရစေခြင်း အကျိုးငှါဂင်း၊ ဤအစာ-ဤဆေးမြစ်တို့သည် သွေးသက် သွေး တက်ဟူ၍ဂင်း၊ အပူ-အအေးဟူ၍ဂင်း အလွယ်တကူ သိရှိကြစေခြင်း အကျိုးငှါဂင်း။ ။စာအုပ်မူပိုင်ရှင် ရန်ကုန်မြို့ ဘုရားကြီးဈေး ဆိုင်နံပါတ် ၆၃-နေ မောင်ချစ်တင်က ဈော်ကထားချက်အရ အကျွန်ုပ် ရဟန်းပျို (အသျှင်သုတဓရ) သည် သမားလက်စွဲခေါ် ဆေးအဘိဓာန် အဖွင့်ကျမ်း၏ နောက်ဆက်တွဲဟု ပြုလုပ်ခါ အကျဉ်းမျှ ထည့်သွင်းလိုက်ပါကြောင်း။ အကျယ်ကို ကျွန်ုပ်ရေး ထားသော လက်တွေ့ ကုထုံးခေါ်-ရောဂါမူလ ဒိပနီဆေးကျမ်း၌ ကြည့်ရှုကြပါကုန်။

### ပထဝီဓာတ်ကြိုက် သွေးတက်အစာ

မှတ်လေ့လူများ၊ အမျိုးသားတို့၊ စားသည့်ထမင်း၊ ဆိမ့်ခြင်း မပျက်၊ကြက်ငှက်ဥက၊ နှမ်းဆီစသည့်၊ ချိုမြဩဇာ၊ ကြံသကာ- သကြား၊ ဖြူထွားထောပတ်၊မုံ့နှပ်-မုံ့နှီ၊ တလီထန်းလျက်၊ ချိုချက်

တဖို၊ ရွှေပဒုံမှည့်၊ ပိန္နဲစေ့လက်ချပ်ဆံ၊ အမှန်ပဲကြီး၊ တသီးပဲလွန်း ပဲယွန်း ပဲပိစပ် ပဲမြွော်ဆိမ့်ချို၊ ထိုမှပဲနော်၊ ပဲမျောက်တထွေ၊ ပဲခွေ ပဲတက်၊ တချက်ပဲစောင်းလျား၊ ပဲနပျားပဲရင်း၊ ပဲမင်းဇင်းခုံ၊ ပဲမျိုး စုံနှင့်၊ တဖုံခွဲသား၊ နွားနို့များက၊ ဖွတ်သား ပဒတ်၊ မှတ်လော့ ကြက်ငယ်၊ ငြှိ၊ငပိ၊ဒရယ်၊ ယုန်ငယ်၊သမင်၊ ဂျောင်၊ ကြွက်ဖိုင်၊ မြေဆိုင် ပုဇွန်လုံး၊ ငါးခုံးမ ငါးဖြေမ၊ ငါးဖယ်စသည်၊ ငါးဖန်းမ ငါးစင်ရိုင်း၊ ငါးသိုင်း ငါးသလောက်၊ ငါးနောက်သွား၊ ငါးပိုက် လိပ်တိုက် ငါးကြွင်း၊ တသင်းတထွေ၊ ငါးမြွေ ငါးရှူ၊ ငါးဘဲဖြူ ငါးခင်းစပ်၊ ပုန်းရေဘတ် ရေကြည်၊ သည်မှမုံလာ၊ နီစွာချဉ် ပေါင်၊ သွေးကက်ဆောင်ဖျေ၊ ရှောင်လေမသင့်၊ သွေးသက်နှင့် သား၊ ပေးအပ်စွာသည်။ ။မဟာပထဝီဓာတ်ကြိုက်တည်း။

## အာပေါဓာတ် ကြိုက်အစာ

အာပေါဓာတ်ကြိုက်၊ ရသာ၌တွင်၊သမိုက်ဝေါဟာ၊ ဤွန်းထုတ် ဖြာပိမ့်၊ ချိုစွာဟင်းရည်၊ တလည်ငှက်ပျော၊ ကြိမ်ရောသကြား၊ သကာပျားနှင့်၊ သခွါးမှည့်ဝင်း၊ ကျွဲချင်း ကျွဲသား၊ ကျွဲနို့များနှင့်၊ ဝက်သား ကြက်ဖြူ၊ လိပ်မှုဉသား၊ မိကျောင်းများလည်း၊ ထည့် ငြားဥ၁၊ မြွေမှာဆိပ်မဲ့၊ မဘွဲ့မထား၊ ကြောင်ကျားခွေးရိုင်း၊ငှက်ဥ မျိုင်းက၊ ထိုးနှိုင်းဒင်ကြီး၊ တနည်းငှေဟစ်၊ တလှစ်ရေကြက်၊ ကြင် ဘက်ဟသ်ာ၊ ကြိုးကြားဝန်ဗို၊ ထိုမှဝမ်းဘဲ၊ တနဲငါးမှာ၊ ဆုစွာ တထွေ၊ငါးခြမ်းခြားပိုင်း၊ ငါးရံ့တိုင်း ငါးပတ်၊ ငါးနှပ် ငါးကြွင်း၊ တသင်းငါးသူ၊ တထူးငါးကျောင်း၊ စားကောင်းသမျှ၊ ဖြူဆွ ကြက်သွန်၊ ပုဇွန်ထုတ်သားပြွန်း၊ ကဇွန်းရွက်ဥ၊ သခွါးနုနှင့်၊ သပြု ခဝဲ၊ဗူးပဲမြေမြစ်၊ ဂုံမင်းမြစ်၊ ကြက်သဟင်း၊ နုကင်းမရမ်း၊သဖန်း သီးရွက်၊ သရက်သီးနု၊ ကြဇုဖန်ခါး၊ ပြောင်းဖူးများနှင့်၊ သပွတ် ခါး သပွတ်ချို၊ ထိုမှငှက်ပျောဖူး၊ အထူးဟင်းနုနွယ်၊ တသွယ် ထိကရုန်း၊ ဟင်းကရုန်း ကညွှတ်ရွက်၊ ကုလားမျက်-ကုလားအုပ်၊ ထုတ်ဆိုသမျှ၊ သွေးသက်ရဏ်၊ ဝမ်းကျသူမှာ၊ မစားရာတည်း။ အာဟာရ အာပေါဓာတ်ကြိုက်တည်း။

## ဝါယောဓာတ်ကြိုက် အစာ

ဝါယောဓာတ်သက်၊ အစာဆက်မူ၊ လဘက်တမာ၊ ဂန့်ဂလာနှင့်၊ ပြောင်းစွာဆူးပုပ်၊ အဟုတ်ကြောင်ဘန်း၊ တခန်းကြောင်လျှာ၊ ကျီးအာကင်းပုံ၊ ပိုလုံသယ်ဟင်းခါး၊ ထိုလား ခွေးတောက်၊ တောရှောက်သပွတ်၊ နွထွက်မသွေး၊ ကြက်ဆူစသည်၊ ထိုမှခရမ်း၊ တခန်းသဘော်၊ သီးရောရွက်ပါ၊ ဂုံမှာအခါး၊ ကုလားမျက်စိ၊ ရှိသည့်ငရုန်းပလူ၊ ကြက်ဆူကစော့ရွက်၊ ဆားချက် ဆယ်ပါး၊ အခါးဟူသမျှ၊ လေဓာတ်ကြွ၏၊ ပျက်ကပေးလေ၊ ဓာတ်လွန်ချေသော်၊ မလျော်နောင်မှတ်၊ ရှောင်ကြဉ်ဒေးပ်သည်။ ။လေဓာတ်ဂါယောကြိုက်သဘော။

## တေဇောဓာတ်ကြိုက် အစာ

တေဇောဓာတ်သက်၊ ယုတ်၍ပျက်မူ၊ ဆက်ဇံ့အစာ၊ ပေးသည်မှာကား၊ သန္တာရာ ရှောက်သီး၊ ဆီးနှင့်မရမ်း၊ ဇင်းပြွမ်းတောင်သလဲ၊ တနဲမန်ကျီးရွက်၊ ကတက်ချဉ် မုံလာမျိုး၊ ကနစိုးတလိုင်းနွဲ့၊ ရဲရိုကြက်ပေါင်၊ ခရမ်းကြောင် ခရမ်းစပ်၊ ခရမ်းကြွပ် ခရမ်းကြီး၊ တသီးနံ့နံ့၊ အမှန်ကင်ပလင်း၊ ပူခြင်းငရုတ်၊ အဟုတ်ပင်စိမ်း၊ မယိမ်းကုက္ကို၊ ထိုမှဒန့်ဒလွန်၊ တသွန်ကဖော်၊ လျော်ဇာထန်းရည်၊ ချဉ်စေပုံးရည်၊ ဘတည်ထို့လား၊ ဆိတ်သားသည်မြွေ၊ ပေးလေနောင်ခါ၊ အရသာမှာ၊ ချဉ်စွာပူစပ်၊ သုံးဆောင်အပ်သည်။ ။မီးဓာတ်တေဇော ကြိုက်သဘော။

## အာပေါ သည်းခြေကြိုက် အစာ

အာပေါသည်းခြေ၊ ယုတ်ညံ့လေသော်၊ ဆက်ပေ အစာ၊ တမာရွက် ချွန်း၊ ချဉ်ရေသွန်း၍၊ ကဇွန်းကြီးငယ်၊ တသွယ်သခွါး၊ သီးကားနူရင့်၊ ဗူးနှင့်ဖရုံ၊ စာတုံဖရဲ၊ တနဲဖီးယို၊ ထိုတူကြိရေ၊ တထွေထန်းလျက်၊ ဘက်လေသဘော်ာမှည့်၊ ချိုသည့်ထန်းရည်၊ တထွေရသာ၊ ကြံသကာနှင့်၊ ဩဇာသီး မည်၊ ပျားရည် ပေါက်ပေါက်၊ စားသောက်စေရာ၊ ဟင်းမှာမဲ့ဇလီ၊

အညိုကျိုသောက်၊ သည်းခြေမြောက်လည်း၊ စားသောက်ပစေ၊ ယုတ်ညံ့စေသော်၊ ပေးလေမှား၊ ဓာတ်ကြိုက်ထားသည်။ ။ အများလူတို့မှတ်ဘွယ်တည်း။

## အပုတ်အာဟာရ ဓာတ်ကြိုက် အစာ

အပုတ် အာဟာရ၊ လွန်ထယုတ်လာ၊ ပျက်ခြင်း မှာကား၊ အစာထန်းလျက်၊ စွက်လေ့ မန်ကျီးမှည့်၊ ထည့်၍ ဆားခတ်၊ တိုက်လတ်တိုဝ၊ သည့်ပြင်မှလည်း၊ ချိုစွတ့်ထန်းလျက်၊ သီးသီး ဘက်လော၊ အရွက်သက်ရင်း၊ ဟင်းလည်း ကျိုသောက်၊ ဘိုး ဝမ်းခြောက်မူ၊ သောက်စေအဆော၊ သဘော်မဲဇလီ၊ တခါစီ ထည့်၊ အညီမပျက်၊ ဤဆယ်ချက်ကို။ ။ချင့်တွက် ပေးလေ မြဲမှတ်လေ။

## အာကာသဓာတ်ကြိုက်အစာ

အာကာသဓာတ်၊ အခိုးလျှပ်မူ၊ ပေးအပ်အစာ၊ ညွန့်ထုတ် ဖြာပိမ့်၊ နှမ်းမှာဆီလျှော်၊ ဆီကျော်မုန့်ပြု၊ နည်းတူထန်းလျက်၊ ထည့်စွက် ခုံးသီး၊ စားပြီးထို့နောက်၊ ဆီသောက် ဆီလိမ်း၊ ချွေးစိမ်းထုတ်ပစ်၊ နှမ်းပြစ်ခွာသား၊ မီးဖုတ်စား၍။ ။ဓာတ် အားဆက်လေပေးမြဲပေ။

## ဓာတ်မီးလွန်အစာ

ဓာတ်မီးလွန်လျက်၊ ယုတ်ညံ့ပျက်မူ၊ ကြိငှက်ပျောအခုန်း၊ စား သုံးဆိမ့်ညား၊ နို့များလည်းသောက်၊ ထို့နောက် ထန်းရေ၊ တထွေ ခုံးရည်၊ ဆီကြည်ထောပတ်၊ မုန့်နပ် မုန့်ချို၊ ဖရုံယို ဖရဲဟင်း၊ မှည့်ဝင်း သဘော်၊ ထည့်ရော ထန်းလျက်၊ သရက် မှည့်ချို၊ ထိုမှနာနတ်၊ သီးမြတ်ဩဇာ၊ ရသာချိုအိမ့်၊ အဆိမ့် အကောင်း၊ ဓာတ်သက်လောင်း၍။ ။လျှင်ကြောင်းမသွေ ပေး ဆက်လေ။

## ဓာတ်လွန် လက္ခဏာနှင့် ဖြေရန် အစ၁

ဓာတ်လွန် ဓာတ်ဖြေ၊ ထုံးပုံဖွေအံ့၊ လွန်လေပထဝီ၊ ဤသည့် လက္ခဏာ၊ ကိုယ်မှာချွဲချွဲ၊ ထုံခဲ့ခြေလက်၊ ဇကျောင်တက်သော်၊ ဖြေဆက်အချဉ်၊ တောဖောပင်တည်း၊ ယခင်တေဖော၊ လွန်သ ဘောကား၊ နှောသည့်ခွေးဝန်း၊ ပူလွန်းပြင်းပြ၊ ဝမ်းလည်းကျဖြဲ၊ ဖြေထဓာတ်မှာ၊ ဝါယောသာထည့်၊ စားပါအခါး၊ လွန်းငြား ဝါယော၊ သဘောမမှား၊ လှုပ်ရှားခြေလက်၊ တချက်ရုံရွှဲ၊ မှုံခဲ့ အမှန်၊ ဖြေရန်အာပေါ၊ စားသောဓာတ်ကြိုက်၊ တလိုက်အာပေါ၊ လွန်သောလက္ခဏာ၊ ဝါမှာသည်းခြေ၊ မြင်လေအဟုတ်၊ အပုပ် သသိပ်၊ အဆိပ်တက်ဟန်၊ ပြင်းထန်လိုက်ဆူ၊ မီးသို့ပူ၍၊ ရေမူ ခုခု၊ သောက်ပြုပြု၏၊ ဖြေမှုဓာတ်မှာ၊ အာကာသဓာတ်၊ မှတ်လော့ အစ၁ လွန်စွာအာကာသ၊ အခိုးပြမူ၊ မရချွေးဒုပ်၊ အလှုပ်မရှင်၊ စိတ်လျှင်မလင်း၊ ကိုယ်အတွင်းသို့၊ ပူပြင်းလောင်ဆာ၊ ရေမှာ လည်းဝတ်၊ ကိုယ်လုံးညွတ်၏၊ လွတ်အောင်ဆေးကား၊ အုံးသီး များနှင့်၊ ချိုသားထန်းလျက်၊ လျော်ရုံဘက်မှ၊ ထည့်စွက်အုံးရည်၊ ကြည်ကြည်သိခတ်၊ သုံးဆောင်အပ်၏၊ တရပ်တေဖော၊ ဓာတ် ဆောင်နှောမူ၊ အာပေါဓာတ်ဒုပ်၊ မှန်မဟုတ်ရှင့်၊ ဒုပ်အာပေါ ဓာတ်၊ ဤဥပါဒ်ကြောင့်၊ ဝမ်းကြပ်ကျင်ချုပ်၊ ချွေးလျှင်ဒုပ်မူ၊ ကိုယ်လုံးပူ၏၊ ထူထူရှိုးသစ်၊ ဆီလိမ်းသတ်၍၊ ဓာတ်ကိုလင်းဖွင့်၊ စားသင့်ထန်းလျက်၊ အုံးသီးဘက်မှ၊ မြိန်ယှက်သောက်စေ၊ တထွေ အာပေါ၊ ဓာတ်ဆောင်နှောမူ၊ ဒုပ်ချော ပထဝီ၊ အခိုးမှီက၊ မအီ ဖြေ၊ ပေါ်ထကိုယ်လက်၊ ငွေမထွက်တည်း၊ မှုံညက်ထုံရည်၊ ကြည် ကြည်လည်းစွက်၊ ထန်းလျက်ချော်စွာ၊ ကျိုပြီးခါမှ၊ သောက်စေ ရ၏၊ ဤမျှလက္ခဏာ၊ ဓာတ်ဒုပ်မှာသည်။ ။ဆရာ သူဟောင်း အဆိုတည်း။

## ဓာတ်ဒုပ်လက္ခဏာနှင့် ပေးရန်ဓါတ်စာများ

ဓာတ်ဒုပ်သက္ခဏာ၊ ပြည့်ဖွန်းမှာပိန့်၊ မဟာပထဝီ၊ အစချို၍၊ ဆောင်သည့်အဟုတ်၊ ဓာတ်မီးဒုပ်၍၊ ဒုပ်သော်တဆွေ၊ စားမကြေ၍၊ ပွေသည့်ဝမ်းမီး၊ အခိုးကြီးမှု၊ အသီးအာကာသ၊ ဒုပ်ခဲ့ကလျှင်၊ မှုလလက္ခဏာ၊ ဝမ်းနှာကျင်ချုပ်၊ ဆက်ထုတ်ကြောအောင့်၊ တောင့်တောင့်ရိုက်ရိုက်၊ ခေါင်းကိုက်တုံတိ၊ မျက်စိမပွင့်၊ မှိတ်သဖြင့်မှု၊ သင့်သည့်နွားသား၊ ဖုတ်ခါစားလော့၊ တခြား အာကာသ၊ ဆောင်လာကမှု၊ အာဘာရအပုပ်၊ သည့်ဓာတ်ဒုပ်ပြီမှ ဒုပ်လျှင်ဘုန်ဘက်၊ ဝမ်းလည်းသဟော်၍၊ မကျက်မကြေ၊ ခံလေစမြင်း၊ ဒေါသပြင်းအံ့၊ မှည့်ခင်းငှက်ပျော၊ ထန်းလျက်ချော၍၊ ဖေါဖေါလည်းစား၊ ဘနည်းဘားလျှင်၊ ဆောင်ငြား အာဟာရ၊ အပုပ်ထမှု၊ ငင်စွသည်းခြေ၊ မပေါ်နေ၍၊ သည်းခြေဒုပ်လျှင်၊ မရှင်မလန်း၊ ညှိုးနွမ်းဘုန်ငြား၊ စကားမဆို၊ ကိုယ်ကိုဦးနှိမ်၊ ကြောက်ရွံ့နှိန်အဟုန်၊ ဘမှုန်ဆန်ဆန်၊ မျက်မာန်ဒေါသ၊ ကြီးစွာထလိုက်၊ ကြွက်ဒိုက်သောထွေ၊ အိပ်နေနည်းပါး၊ သို့ရှိငြား၍၊ စားစေဖို့သီး၊ ကျီးပြီးထန်းလျက်၊ ချိုစွာဖက်လော့၊ တချက်သည်းခြေ၊ ဓာတ်ဆောင်လေမှု၊ ဝါယောဟုသား၊ ဓာဒုပ်ငြားအံ့၊ ကိုယ်သားကိုယ်ရေ၊ တောင့်လေအကြော၊ ဝမ်းဖေါမ်းရောင်၊ လေပုပ်ဆောင်၍၊ ကချောင်ကတန်း၊ ကသန်းဟယ်-ဟယ်၊ လေခလယ်တည်း၊ စားဘွယ်ဆေးမှာ၊ ဂန့်ဂလာနှင့်၊ တမာနုထွား၊ ကြက်ဟင်းခါးကို၊ များများပေးလေ၊ ဘထွေဝါယော၊ ဓာတ်ဆောင်းနှောမှု၊ ဘေဇာဒုပ်မှု၊ ဒုပ်ခဲ့စွာရှင့်၊ ပုပ်ထလက္ခဏာ၊ သရုပ်မှာဘား၊ ကိုယ်သားအထဲ၊ မီးခဲမီးပြင်း၊ တိုက်လျှင်းသောတူ၊ စိတ်ပူရင်ဆာ၊ မသာနှုလုံး၊ မီးအုံးသောသွင်၊ ဝမ်းကျင်နာချုပ်၊ မလှုပ်မရှင်၊ စားသောက်လျှင်လည်း၊ မဝင်ညှိုးပိန်၊ တလိန့်လိန့်သည်။ ။ဓာတ်ရှိန်ကင်းဒုပ် ခေါ် သမုတ်။

## ဓာတ်ကင်းလွန် လက္ခဏာနှင့် ဓာတ်စာများ

ဓာတ်ကင်းလွန်ရာ၊ လက္ခဏာကို၊ ဘော်ထုတ်ဆိုအံ့၊ ကိုယ်သား ခြေလက်၊ ကိုက်တက် ထုံကျင်၊ သွေးကင်းယှဉ်၍၊ ပေးလျှင် ထန်းလျှက်၊ ထန်းရေဘက်လော့၊ တချက်သလိပ်၊ အကင်းဆိတ် ၍၊ စိတ်ပူလောင်ဆာ၊ ရှိတတ်စွာ၍၊ ချိုစွာထန်းလျှက်၊ ရှောက်သီး ဘက်၍၊ သုံးရက်သုံးခါ၊ စားစေပါလော့၊ လေကင်းမှာကား၊ ကိုယ်လုံးယား၍၊ ကြက်ဟင်းခါး တမာ၊ ပေးရာသင့်လှ၊ ထိုမှ သည်းခြေ၊ ကင်းဒုပ်လေမူ၊ သန်းဝေမှုန်တတ်၊ စုန်း နတ် တန္တြေ၊ ဖမ်းလေသဏ္ဍာန်၊ အတန်ထူယောင်၊ ချဉ်ပေါင်ကင်ပွန်း၊ မှည့်ယွမ်း ဇီးသီး၊ သုံးဆောင်ပြီးမှ၊ တသီးအာဟာရ၊ လွန်လေကမူ၊ နှေညှ ပူ၍၊ မသာလူးလဲ၊ ရှိစမြဲတည်း၊ မန်ကျီးမှည့်ဖွင်၊ ပေးထည့်ထန်း လျှက်၊ ဆားလျော်ရုံဘက်မှ၊ သောက်စေရမူ၊ ခဏမကြာ၊ လွတ် ချမ်းသာသည်။ ။ဓာတ်မှာ ကင်းလွတ်စေကြောင်းတည်း။

## ဓာတ်ကင်းဒုပ် လက္ခဏာ လက်ာ

ဓာတ်ကင်းဒုပ်ရာ၊ လက္ခဏာကား၊ အာဟာရအပုပ်၊ အကင်း ဒုပ်မူ၊ ဝမ်းချုပ် ကျင်အောင့်၊ မဖြောင့်မငြိမ်၊ တပိန်ပိန်တည်း အရှိန်သည်းခြေ၊ ကင်းဒုပ်လေမူ၊ မနေမသာ၊ ကိုယ်မှာကြောင့်ကြ၊ ဒုက္ခလည်းများ၊ စကားမပြော၊ ဆိတ်ဆိတ်ပျော၍၊ ဝါယော လေကင်း၊ ဒုပ်လျှင်းတုံထန့်၊ (ဆွံ့) (အ) ခြေလက်၊ လှုပ်ချက်မရွှင်၊ လေးလံချင်၍၊ ထိုပြင်သလိပ်၊ ကင်းဆိတ်ဒုပ်မူ၊ ကိုယ်ပူလျော်၊ မထွက်စကား၊ မေးဖျားခိုင်ချုပ်၊ သွေးကင်းဒုပ်မူ၊ မီး၏အတူ၊ ပူသည်လူးလဲ၊ ရှိစမြဲတည်း၊ ဖြေလွှဲဝါယော၊ သင့်သော ဓာတ် ဘက်၊ အစာဆက်သည်။ လွန်ပျက်ဓာတ်တွေ နှုတ်ဆက်လေ။

## ခေတ်စာ အမျိုးမျိုးတို့သည်၊ ခေတ်အမျိုးမျိုးတို့နှင့် တကွ သက်ပုံ တက်ပုံကို ပြပေဦးအံ့

ငါးသိုင်း ငါးကြွင်း ငါးဖယ်သည် သွေးတက်ဖြစ်သည်၊ ငါးကြွင်းသည် သွေးသက်အခန့်သာ ရှိသည်၊ ငါးသိုင်းသည် သွေးတက်မျှသာရှိသည်၊ ငါးပြေမသည် အပုပ်နှင့်တကွ တက်သည်၊ ငါးဖယ်သည် ခေတ်မီးနှင့်တကွ တက်သည်၊ ငါးကြွင်းသည် သည်းခြေနှင့် တကွတက်သည်။ ငါးသိုင်းသည် သလိပ်နှင့် တကွ တက်သည်၊ ငါးတန် ငါးမြင်းရင်း ငါးရှူ အစရှိသော ငါးတို့တွင် အကြေးရှိသောငါး အကြေး မရှိသော ငါးများကို ဆင်ခြင်၍ ပေးပါလေ။

(မှတ်ချက်) ပေးရာ၌ အကြေးမရှိသော ငါးတို့သည် သွေးသက် ဟူ၍မှတ်၊ အကြေးရှိသော ငါးတို့သည် သွေးတက် ဟူ၍ မှတ်လေ။

ပုဇွန်ဆိတ်သည် သွေး တက်ရာ၌လည်း ဝါယောနှင့် တကွ တက်သည်။

(မှတ်ချက်) လက်ညှိုး လက်မလောက်ရှိသော ပုဇွန်ဆိတ်သည်လည်း သွေးတက်ဟူ၍ မှတ်လေ။ ပုဇွန်ထုပ်ကြီးသည် ပထဝီနှင့် တကွ တက်သည်၊ ပုဇွန်ဆီကား သွေးတက်သည်။(တက်စရာမရှိ)။ ငါးကြွင်းသည် ခေတ်ခြောက်ပါးနှင့်တကွ တက်သည်၊ လိပ်ဥသည် အပုပ်လေကင်းနှင့် တကွတက်သည်၊ လိပ်ကျောက်သည် လေကင်းခေတ်မီးနှင့် တကွတက်သည်၊

(မှတ်ချက်) ထိုဆိုအပ်ပြီးသော အာဟာရသည် ခေတ်အခိုး အဆောင် အတက် အသက်ကို ဆင်ခြင်၍ ပေးလေ။ ပေးလေဆိုရာ၌လည်း ရာသီအလိုက် ခေတ်ကြိုက် ဖြစ်သော အာဟာရကို ရင်းရာသီတွင် ပေးလျှင် အာဟာရ လွန်ကြောင်း အာဟာရ ယုတ် ကြောင်းများကို ကျမ်း အစောင် စောင်မှာ ဆိုသည်၊

(အကျွန်ုပ် ရေးသားသော လက်တွေ့ ကုထုံးခေါ် ရောဂါမူလ ဒီပနီဆေးကျမ်း၌လည်း ရာသီနက္ခတ် နဝင်း ကြွင်း ဥတု-ရတုတို့ ကြောင့် ရသာဓာတ်ဖြစ်ပုံ ကြိုက်ပုံ အားကြီးပုံ အားနည်းပုံအသီး သီးတို့ကို အကျယ် ရေးသားထားသဖြင့် ထိုကျမ်းမှာ ကြည့်ရှုကြ ပါကုန်) နွားသားသည် ဓာတ်မီးနှင့်တကွကြေ၏၊ ဓာတ်လည်း ပထဝီဓာတ် ကြိုက်၏၊ သမင်းသားသည် ဓာတ်ခြောက်ပါးနှင့် တကွ တက်၏၊ ဆတ်သားသည် သည်းခြေနှင့် တကွ တက်၏၊ ဆိတ်သား ဒရယ်သားသည် ထို့အတူ သည်းခြေနှင့်တကွ တက် ၏၊ ကျားသားသည် တေဇောဓာတ် သည်းခြေနှင့် တက်၏၊ ဝက်သားသည် ဝါယောဓာတ်၊ အပုပ်ဓာတ်၊ ပထဝီ စသော အာဟာရတို့နှင့် တကွ သက်၏၊ ဝမ်းဘဲသားသည် အပုပ်နှင့် တကွ တက်၏၊ ခါချဉ်သည် အာပေါဓာတ်၊ ဝါယောဓာတ်နှင့် တကွ တက်၏။

(မှတ်ချက်) ထို့ပြင် ကြွင်းသော အာဟာရတို့ကို ရာသီ အလိုက် ဓာတ်အကြိုက်ကို ဆင်ခြင်၍ ပေးပါလေ၊ ကြွက်သွန် သင်္ဘရာ ဆီစသော အာဟာရတို့သည် အဖုတ် အသုတ် အချက် များကို ရက်ရောက်ရာ အနာရောက်ရာတို့ကို ကြည့်ရှု ဆင်ခြင်၍ ပေးပါလေ။ ဇီးသီးသည်သည်းခြေသလိပ် ကင်းနှင့် တကွ တက် သည်၊ မန်ကျီးမှည့်သည် လေကင်းနှင့်တကွ တက်သည်၊ မန်ကျီး ရွက်သည် သွေးသက်သော သူကိုတက်၏၊ သွေးတက်သောသူကို သက်၏၊ မရမ်းသီးသည် သလိပ်လေ ကင်းနှင့် တကွတက်၏၊ ချဉ်ပေါင်ရွက်သည် အပုပ်နှင့် တကွတက်၏၊ ရှောက်ရေသည် သည်းခြေကင်း သလိပ်ကင်းနှင့်တကွ တက်၏၊ လိမ္မော်သီးသည် ဓာတ်မီးကိုချေ၍ တက်၏၊သရက်သီးကား မည်သည့်သရက်မဆို အိမ်စာ-တောစာ မဆို ဆင်ခြင်၍ ပေးပါလေ၊ သက်သည်လည်း ဓာတ်မီးနှင့်တကွ သက်၏၊ တက်သည်လည်း ဓာတ်မီးနှင့် တကွ တက်၏၊ မှန်ကူသီးသည် တက်သောသူကိုသက်၏၊ သက်သော

သူကိုတက်၏၊ နာနတ်သီးသည် လေကောင်းသလိပ်ကင်းနှင့် တကွ သက်၏။

(မှတ်ချက်) ၎င်းဆိုအပ်ခဲ့ပြီးသော အာဟာရတို့ကို ခဝတ်မီးနှင့်တကွ ပါအောင် ဆင်ခြင်၍ပေးလေ။ ထိုမှကြွင်းသော အာဟာရတို့သည် ရာသီအလိုက် ခဝတ်အကြိုက် များကို ဆင်ခြင်၍ ပေးပါလေ။

သဘော်ာရွက်သည် လေကောင်း သည်းခြေကောင်း သွေးကင်းကြိုက်၏၊ သဘော်ာပွင့်သည် သည်းခြေကောင်းနှင့် ပထဝီ ကြိုက်၏၊ သဘော်ာသီးစိမ်းသည် ကြေရုံမျှရှိ၏ ငှက်ပျောသီး ဘီးခြမ်းသည် သွေးသက်ပထဝီကြိုက်၏၊ အစိမ်းအခိုးဖေါကာစသည်ကြေရုံမျှသာ ရှိ၏၊ ငှက်ပျောရခိုင်သည် သွေးကင်းကြိုက်၏၊ တေဇောခဝတ် လည်း ကြိုက်၏၊ ငှက်ပျောသူငယ်စာသည် ပထဝီ အာကာသ ကြိုက်၏။

(မှတ်ချက်) ထို့ပြင် ကြွင်းသော ခဝတ်များမကြိုက်၊ ထိုမှ ကြွင်းသော ငှက်ပျောတို့ကို အပူ အအေး အတက် အသက်တို့ကို ဆင်ခြင်၍ ပေးပါလေ။

တလိုင်းပိန္နဲသီးသည် (အိမ်ပျော့ကိုခေါ်၏) သွေးသက် ပထဝီ ကြိုက်၏။ ကုလား ပိန္နဲသီးသည် (အိမ်မာကိုခေါ်၏) သွေးကင်း ကြိုက်၏။ ထိုပြင် ကြွင်းသောခဝတ် မကြိုက်၊ ဒုန်းသီးဆံသည် ပထဝီတေဇော သွေးတက်ကြိုက်၏။ ဩဇာ သီးသည် ခဝတ်အာ ဟာရ အပုပ်ကြေ၏။ သီးသီးမှည့်သည် ဝါယောခဝတ်ကြိုက်၏။ အစိမ်းသည် ဝါယောခဝတ် မကြိုက်၊ ဥသျှစ်သီးသည် တေဇော ခဝတ်ကြိုက်၏ ဆိုရာ၌လည်း သွေးတက်ကိုကြိုက်၏။ ဒုန်းရေ သည် လေကောင်းနှင့် ခဝတ်မီးကြိုက်၏။ သွေးတက်လည်းကြိုက် ၏။ ထန်းသီးသည် ခဝတ်မီး အခိုးအကင်းကြိုက်၏။ ထန်းလျက် သကာသည် ခဝတ်မီးဖြစ်၍ ခဝတ်ခြောက်ပါးကိုပင် ကြေစေ၏၊ ပေရည်သည် သွေးတက်ကြိုက်၏။ လေကောင်းနှင့် ယှဉ်သော ခဝတ်

မီးကြိုက်၏။ ခန့်ရေသည် သွေးသက်စာ လေကင်းသလိပ်ကင်း ကြိုက်၏။

ကြွက်ဟင်းခါး တမာ ဂန္ဓကလာ မဲဇလီ ဆားထန်းလျက်ဟု ဆိုအပ်ကုန်သော အခါးမျိုးတို့တွင် ကြွက်ဟင်းခါးသည် သည်းခြေကြိုက်၏။ တမာသည် သည်းခြေကင်းနှင့် တကွ သွေးကင်း ကြိုက်၏။ ဂန္ဓကလာသည် သလိပ်နှင့်တကွ သည်းခြေကြိုက်၏။ မဲဇလီသည် အပုပ်ကင်းနှင့်တကွ သည်းခြေကြိုက်၏။ ဆားထန်း လျက်သည် လေကင်း သည်းခြေကင်း ကြိုက်၏။ ဘက်စပ်၍ ပေးလေ။

ထိုနောက် ကြီးသကာ ပျားသကာတို့မှာ သွေးကင်းကြိုက်သည့် အာဟာရဖြစ်၍ အပူအဇောတက်အသက်များကို ဆင်ခြင်ပေးလေ။ မုံ့ဖြူဆီကျော်သည် ပထဝီကြိုက်၏၊ မုံ့နီ ဆီကျော်သည် ပထဝီ အာကာသ ကြိုက်၏။ မုံ့နပ်သည် ပထဝီဓာတ်ကြိုက်၏။ ဆီထမင်း သည် သလိပ်ကင်းနှင့်ယှဉ်သောအာကာသကြိုက်၏။ ခနန်းထမင်း သည် တေဇောဓာတ်နှင့် ယှဉ်သော အာကာသကြိုက်၏။(ဆိုအပ် ခဲ့ပြီးသောအာဟာရတို့သည်သွေးတက်စာဟူ၍ မှတ်လေ)။ကောင် ညှင်းသည် ပထဝီတက် တေဇောဓာတ်ကြိုက်၏၊ ပဲဖျော်သည် အာကာသဓာတ်၊ ဝါယောဓာတ်ကြိုက်၏။ ပဲကြီးပင်ပေါက်သည် ဝါယောဓာတ်ကြိုက်၏။ ပဲလွန်းသည် သွေးတက်ဓာတ်မီးကြိုက်၏။ ကြွက်မှန်ရွက်သည် လေကင်းဓာတ်မီးကြိုက်၏။ နွားနို့သည်ဓာတ် မီးလေကင်းနှင့်တကွ သွေးတက်ကြိုက်၏။ ကျွဲနို့သည် အပုပ်နှင့် တကွ သွေးသက်ကြိုက်၏။ ဆိတ်နို့သည် တက်သောသူကို သက် ၏။ သက်သောသူကို တက်၏။ ယုန်သားသည် တေဇောဓာတ် ကြိုက်၏။

(မှတ်ချက်) ဤကား ဈေးဆရာတို့သည် အသီးသီးကောက် နုတ်သူပုံများကို နည်းရကြဲစေခြင်းအကျိုးငှါ အကျဉ်ရေးသား လိုက်ရပေကြောင်း၊ အရာရာမှာ သတိပြုပါ။

သက်ရင်းသြလဲ စသည်များကို ရှေးဆရာတို့ ၁၂-ရာသီဆေး ပြုလုပ်၍ ရာသီမရွေး အနာမရွေးဘဲ အနာလက္ခဏာမြင်ရာ ရေလဲ အမျိုးမျိုးနှင့် ကုသပုံ။ ၁၂-ရာသီ ဆေးနည်းများနှင့် တကွ ဆေး တက်ပုံများကို ပြပေအံ့။

## ဆယ့်နှစ်ရာသီ ဆေးဖေါ်နည်း

| | | |
|---|---|---|
| ၁။ စောင်းချမ်း | ၅။ သြလဲ။ | ၉။ မဏိသြဇာ။ |
| ၂။ ခတာက်။ | ၆။ ဆေးပုလဲ။ | ၁၀။ တပဆေး။ |
| ၃။ ဆူးခေါက်နက်။ | ၇။ ရှင်ပါကူ။ | ၁၁။ ထောက်ရှာ။ |
| ၄။ သက်ရင်း။ | ၈။ ရှင်ကစ္စည်း။ | ၁၂။ ရင်ဂတ်။ |

(အမျှစီ)

## တနည်း ဆယ့်နှစ်ရာသီဆေး

| | | |
|---|---|---|
| ၁။ သက်ရင်းကြီး | ၅။ သြလဲ။ | ၉။ ထောက်ရှာ။ |
| ၂။ ဥသျှစ်။ | ၆။ ဆေးပုလဲ။ | ၁၀။ မဏိသြဇာ။ |
| ၃။ ဆူးခေါက်နက်။ | ၇။ တပဆေး | ၁၁။ ရှင်ပါကူ။ |
| ၄။ စောင်းချမ်း။ | ၈။ မျောက်ဆိပ်။ | ၁၂။ လက်ထုပ်ကြီး။ |

(အမျှစီ)

## တနည်း ဆယ့်နှစ်ရာသီဆေး

| | | |
|---|---|---|
| ၁။ ထောက်ရှာ။ | ၅။ သြလဲ။ | ၉။ သင်းဝင်ပေါက်ဖြူ။ |
| ၂။ ရှင်ပါကူ။ | ၆။ ကြောင်လျှာ။ | ၁၀။ တပဆေး။ |
| ၃။ ရှင် ကစ္စည်း။ | ၇။ သမက။ | ၁၁။ ဆေးပုလဲ။ |
| ၄။ မျောက်ဆိပ်။ | ၈။ မဏိသြဇာ။ | ၁၂။ ဆေးပွတ်ဒိုး။ |

(အမျှစီ)

၎င်းအထက်က ဖေါ်ပြထားသော တဆယ့်နှစ်ရာသီ ဆေးသုံး နည်းဘို့ကို မိမိဘို့ ကြိုက်နှစ်သက်ရာ တခုခုကို ဖေါ် စပ်၍ထောင်း။ အမှုန့်ပြု၊ ၎င်းကို ဆေးပြုခေါ်၏။

ဒုင်း ဆေးဖြူအမှုန့်ကို ၅စ်ပုံ-ပုံ၊ တပုံကို ဆေးဒါန်း ဝါဖွာ အောင်ထည့်။ ၎င်းကို ဆေးဝါဟု ခေါ်၏။

၎င်း ဆေးဖြူအမှုန့် တပုံမှာ ကျပ်ခိုး တကျပ် သားတမတ် ထည့် အာဟာရ သည်းခြေသက်၏။ ၎င်းကို ဆေးနက်မှုန့်ဟု ခေါ်၏၊

၎င်းဆေးဖြူ အမှုန့်တပုံမှာ စမုံနက် ထုံး ကျပ်ခိုး သား နန္ဒင်းရည် ပဲလွန်းစေ့ခန့်ပြား၊၎င်းကို ဆေးနက်ပြားဟု ခေါ်၏။

၎င်းဆေးဖြူအမှုန့်တပုံမှာ နန္ဒင်းနိုင်းခြင်း ထုံးနီရုံထောင်းထည့် ၎င်းကို ဆေးနီဟုခေါ်၏။

ဆယ့်နှစ်ပါးစီ၊ ရာသီဖြူဝင်း၊ ဆေးစာရင်းကို၊ အင်းနှင့်စေ့စုံ၊ ပုံထားသည်မှာ၊ နည်းဖြာဖြာပင်၊ ယုံရာသည်ချည်း၊ တနည်းနည်း ကို၊ ပေါင်းစီးလေးတူ၊ အမှုန့်မူမှ၊ဆေးဖြူရာသီ၊ ဆေးနီ,နက်,ဝါ၊ အလိုင္ဓါလည်း၊ ပုံပါလေ၏။ ပုံမှာကြည့်၍၊ ထည့်လေ လောင်း လေ၊ သိစေလွယ်ကာ၊ ထပ်ဆင့်မှာအံ့၊ဖျားနာသမျှ၊ ဘဝါးကသာ၊ မူလ ပထဝီ၊ ဓာတ်ကိုမှီ၍၊ မညီသည်းခြေ၊ ပျက်ထွေခြင်းရာ၊ ထိုကြောင်းချာကြောင့်၊ အာဟာရ ဓာတ်ကင်း၊ ရောက်ခြင်း တို့ကို၊ အဖျားဆို၏၊ ထိုအဖျားဝေး၊ ကြာမနှေးအောင်၊ သွေး သုံးရက်ပယ်၊ အလွယ်တကူ၊ ဆေးဖြူကိုပြု၊ အာဟာရ သည်းခြေ၊ ပယ်ထွေ လေးရက်၊ ဆေးနက်မှုန့်ပြု၊ ဤမျှအားဖြင့်၊ ဘဝါး ဓာတ်သက်၊ ခုနစ်ရက်ပြီး၊ ထုံးမှီးမပျက်၊ နောက်သွေးသက်ပင်၊ ငါးရက်တိုင်ပယ်၊ ရှေ့ဝယ်နည်းတူ၊ ဆေးဖြူဦးဒသချောင်၊ ရက်ရ လေပြီ၊ ပထဝီတသီး၊ ဓာတ်မီးတထွေ၊ သည်းခြေတခ၊ အာဟာ ရတဖြာ၊ ဆောင်ရက်လာ၍၊ အာပေါဓာတ်လွန်၊ ဖြစ်သည်မှန်က၊ သန္နိပါတ်နာ၊ ဆိုကြရာဝယ်၊ ရက်ဦးဒသင်၊ သွေးရိုးတွင်၍၊ မည်း မှင်ရောင်ပြေး၊ နက်ပြာ ဆေးဖြင့်၊ အရေး ယူလျက်၊ သည်းခြေသက်ကို၊ သုံးရက်ပယ်မှ၊ ပြယ်သန္နိပါတ်၊ ငြိမ်းသတတ် ဟု၊ နာဂတ်သိရုံ၊ ပြစေစုံသည်။ ။နှုန်းပုံရွေချည် တမျဉ်းတည်း။

**ငှင်းလင်္ကာ အဓိပ္ပါယ်ကား-** အထက်က ပေါ်ပြထားသော ၁၂-ရာသီဆေးနည်းများကို ဆိုခဲ့သည့်အတိုင်း ဆေးဖြူ-ဆေးနီ ဆေးဝါ-ဆေးနက်ဟု ပြုလုပ်၍ ထားပါလေ။ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော၊ သည်းခြေ၊ အပုပ်စသော ဓာတ်တို့၏ မညီ မညွတ်ခြင်းများကို အဖျားဟုခေါ်သည်။ ထိုအဖျားတွင် ပဌမ သွေး-သုံးရက် လေ-လေးရက်။ သည်းခြေ-ငါးရက်။ အပုပ် ခြောက်ရက်။ ဓာတ်သက် ၇-ရက်ဟု ဆိုသဖြင့် ပဌမဖျားစ သွေးသုံးရက်ကို ဆေးမပေးနှင့်အုံး နောက်-လေ လေးရက် မြောက်သော နေ့မှာ ဆေးဖြူမှုန့်ကိုတိုက်ပါ၊ နောက် သည်းခြေ ရောက်သော ငါးရက်နေ့ မြောက်သောအခါ ဆေးနက်မှုန့်ကို နှစ်ရက်တိုက်ပါ။ ခုနစ်ရက်မြောက်သော ဓာတ်သက် ရက်မှာ ပျောက်ကင်းရမည်။ အကယ်၍ မပျောက်ခဲ့သော် ငှင်းနေ့တဝက် ကစ၍ အသက်သို့ ရောက်လာ ပါ၏။ ငှင်းဓာတ်သက်မှာ (၁-ရက်က ၆-ရက်)အထိ ဓာတ်သက်၏။ ငှင်းအသက် ၁-ရက် ကစ၍ ငါးရက်အထိ ဆေးမပေးဘဲ သင့်လျော်သော ဓာတ်စာ များသာ ပေးရမည်၊ ငှင်းခြောက်ရက် အပုပ် အသက်ရောက် သောနေ့၌ ဆေးဖြူကို ပြန်ပေးရမည်။ ငှင်း ၁၂-ရက်စေ့၍ အနာ ရောဂါ မဆုတ်-မပျောက်၊ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော၊ သည်းခြေအပုပ် ဓာတ်တို့ ဆောင်ရွက်လာသဖြင့် သန္နိပါတ်နာ သို့ရောက်သည်ဟု ဆိုရာ၌ ထိုအခါ ဆေးနက်ပြားကို သုံးရက် တိုက်ပါက သန္နိပါတ်နာ ငြိမ်း၏ဟု ဆို၏။

## ဆေးဖြူ-ဆေးနီ-ဆေးနက်-ဆေးဝါ

### အကျိုးသွားပြ လင်္ကာ

အာဂန္တု [ဖျား၊ ရှည်းလျှားခဲ့သော်၊ ဆေးဖြူပေါ်တွင်၊ ဆားလျော် ကိုပျက်၊ ညနံနက်ပင်၊ သုံးရက်တိုက်လစ်၊ လူကြီးဖြစ်မူ၊ ဆေးဖြူ ရာသီ၊ သုံးရက်လီတိုင်၊ ဆိန္နှင့်လိမ်းခြား၊ ငါးရက်-ခုနစ်၊ ဖြစ်

သော်ဖြစ်စေ၊ ရက်ဖြတ်နေ၍၊ ကောင်းတွေ့အစာ၊အာဟာရဆက်၊ သွေးတက်-သွေးသက်၊ ထိုခြောက်ရက်၌၊ ဝမ်းပျက်ဝမ်းသွန်၊ မလွန်စေရာ၊ လုံ့ဖွာကုမ၊ ဝမ်းကျချောချောင်၊ သုံးရက်တွင်သော်၊ ပြုစင်ဆေးမွှန်၊ ဆယ့်နှစ်တန်ကို၊ ပြန်၍မနှေး၊ တိုက်ပေးရမည်။ သို့တိုက်ပေးသည်မှ၊ စ၍ရက်သစ်၊ ဆယ့်နှစ်စာပီ၊ ရေတွက်လီသော်၊ ဆေးနှိုအကျိုး၊ အခိုးအကောင်း၊ ဝမ်းဒုပ်ခြင်းကို၊ တုတ်လျှင်းနိုင်၏၊ ဆေးနက်မှာကား၊ အာဟာရသည်းခြေ၊ ယွေထွေ ထူးဆန်း၊ ငန်းသန္နိပါတ်၊ ရေငတ်ဝမ်းကျ၊ ဆိုသမျှကို၊ တိုက်ကချမ်းသာ၊ ဆေးဝါ မှာကား၊ ရှည်ကြာနေ့ရက်၊ ဝမ်းပျက်, ဝမ်းကျ၊ ဝမ်းရောင်စသည်၊ များလှသွယ်သွယ်၊ သူငယ်နာ ပေါင်းချုပ်၊ အပုပ်ပျက်ခြင်း၊ နာမကင်းသော်၊ ထမင်းညစာ၊ စားပြီးခါတွင်၊ "ဆေးဝါဆေးနက်"၊ သုံးရက်တိုက်ငြား၊ သုံးရက်ခြားလော့၊ အဖျားကြိုက်ကြို၊ သွေးသက်ကုံ၍၊ ပန်းတုံဟိုက်ဟော်၊ နာထွက်ပေါ်လည်း၊ညည့်သော်တခွေ၊စက်မွှေ့တဖန်၊ နိုးချိန်တန်တွင်၊ ရက်ချန်ပေးမူ၊ကောင်း၏ဟူ၍။ ။မှတ်သူရာ၏ အကျဉ်းတည်း။

ဎင်းလင်္ကာအဓိပ္ပါယ်မှာကားပေါ်လွင်ပေ၏။တိမ်မြုပ်နေသောလင်္ကာပိုဒ်လောက် ထုတ်ဖေါ်လိုက်၏။

စ၍ရက်သစ်၊ ဆယ့်နှစ်သီ၊(လ)၊ထွေထွေထူးဆန်း၊ ငန်းသန္နိပါတ်၊ စသော စကားရပ်စုများ၌ အတက်ခြောက်ရက်, အသက်ခြောက်ရက်ကို ဆိုလိုရင်းဖြစ်၏။ "ဥပမာ"၁-ရက်ကစ၍ခြောက်ရက်အထိ တက်၏၊ ခုနှစ်ရက်မြောက်သောနေ့ကား ခေတ်ကြေရက်ဖြစ်၍ ဎင်းနေ့ကား-ကြေလိုကြေ၊မကြေသော် နောက် ၁-ရက်ကစ၍ ၆-ရက်အထိ အသက်၏နောက်ခုနစ်ရက် မြောက်သောနေ့မှာကြေ၏၊ ဎင်းနေ့မှ မကြေသော် နောက်ကကဲ့သို့ ၁၂-ရက်ဖြစ်၏။ ထိုစကားနှစ်ရပ်ကို ပေါင်းသော် စာလီရက် ၂၄ ဖြစ်၏။ ဎင်း ၂၄-ရက်မှာ ငန်းသန္နိပါတ် ဖြစ်တတ်သည်ဟူ၏။ ထိုပြတက်ခွေးဝမ်း၊ကြိဒေါသ၊ အဘိဉာဏ်သွေး၊ သန္နိပါတ်ငန်း-မန်း-အန်းလက္ခဏာများကို လက်တွေ့ ကုထုံးခေါ် 'ရောဂါမူလ ဒီပနီ'

ဆေးကျမ်းမှာ အကျယ်ရေးပြီးသဖြင့် ထိုကျမ်းမှာ ကြည့်ကြပါ ကုန်၊ အထူးမှတ်ရန်မှာ ၂၄-ရက်ကျမှ ငန်း, မန်း,အန်းရောက် သည်ဟုမမှတ်နှင့်၊ ယနေ့ပင် ဖျားနာသော် ယနေ့ပင်လျှင် ငန်း, မန်း,အန်းတို့ကို ရောက်စေတတ်၏။ (အထူးသတိပြု)။

ချက်ကမှ အောက်၊ ထက်သို့မြောက်၍၊ မောက်မောက်မို့မို့၊ မည်ညို့စုရုံး၊ဖုလုံးဖေါရောင်၊ နာမြားမြောင်ကို၊ မြန်ဘောင်တိုင်း၌၊ အန်းငန်းခိုက်ဟု၊ သမိုက်ရာဝယ်၊ ဆေးလိမ်းဘွယ်ကား၊ ဆယ်ထပ်ချင်းစ၊ ဩဇာမန့်၊ ကြီးဘိငပြု၊ ထိုတူခပေါင်း၊သောင်းမြောင်း လေးကို၊ သွေး၍ထက်ပက်ယှဉ်၊ လစဉ်ရာသီ၊ အညီဝေါဟာ၊ သောက်ဆေးမှာကား၊ မည်သာကြော်သဲ၊ အောလဲဘွားဘက်၊ လက်ထုပ်မျောက်ဆိပ်၊ လေးကိုကြိတ်၍၊ သိဋ္ဌ မြောက်လေ၊ တထွေဘွားဘက်၊ သက်ရင်းကဘိုး၊ ကျော်ဟိုး တောက်ရှာ၊ ရှင်ပါကူလ ဆေးဇယကို၊ အမျှသောက်စေ၊ မပြေအရေး၊ မရ သေးသော်၊ လိမ်းဆေးငပြု၊ အတူဘက်စပ်၊ ဆယ်ထပ်ခြင်း ခပေါင်း၊ သောက်ဆေးကောင်းမူ၊ ငပြုကန့်ကော်၊ မနိုဩော်ထည့်၊ ဆီလျှော်ဆီပင်၊ ရေတန်လျှင်လည်း၊ ရေစင်နှင့်တိုက်၊ အန်းမန်း ခိုက်၏၊ ကြိုကြိုက်သော်ရှိ၊ တနည်းသိလော့၊ မဏိဩဇာ၊စသည် မကြွင်း၊ ဆယ်ထပ်ချင်းတွင်၊ ဆိုရင်းဆေးဟောင်း၊ လစဉ် လောင်း၍၊ ကြပ်ပေါင်းနှမ်းဆီ၊ ခုနစ်ထီနှင့်၊ အညီ ခုနစ်ရက်၊ မပျက်အုပ်မှ၊ လစဉ်ဆေးမြစ်၊ ရှစ်ပါးမကျန်၊ ရည်ကြိတ်မှန်နှင့်၊ ညပြန်နံက်၊ သုံးရက်တိုက်သောက်၊ နောက်ကိုနာမဲ့၊ ဆေးမချွ လင့်၊ နှစ်ဆဲ့လေးရက်၊ သက်သက်ပြတ်ပယ်၊ သိလျှင် လွယ် သည်။ ။မိပ္ပါယ် မခဲမယဉ်းတည်း။

ငါတ္တိုဆရာ၊ မိန့်ခဲ့မှာရှောင်း၊နည်းတကြောင်းကား၊မိုးဆောင်း ရောက်လျှင်၊ ရှေ့ယခင်က၊ သင်းဝင်ပေါက်ပြု၊ အစမှု၍၊ အတူ စုရုံး၊ အဆုံးမျောက်ဆိပ်၊ ကြိတ်သည့်ဆေးကို၊ သုံးစေလို၏၊ ထိုတွင်ဆင့်တိုး၊ မရိုးရင်ကပ်၊ အိုးပွတ်ကြောင်လျှာ၊ မည်သာ တွင်ဘိ၊ မနိုဩဇာ၊ လောင်းပြီးမှလျှင်၊ သတ္တရသ၊ ဆေးပြုလှကို၊

နွေလရောက်သော်၊ ပေါ် ၍ခွဲသုံး၊ကျောက်ထုံးနှင့်၊ ကျပ်ခိုးသွင်း ၍၊ နိုင်းခြင်းညီမျှ၊ ထိုသုံးဆနှင့်၊ သမလေးတူ၊‘ဆေးဖြူ’ ကိုထည့်၊ ‘‘ဆေးနီ’’၏ရှင့်၊ ထိုသည့်ဆေးမြတ်၊ မပေါင်းတတ်မူ၊ တွတ်တွတ် ရဲရဲ၊မနီဘဲနှင့်၊ စိမ်းမြမြစ်ရိုး၊ ညိုစနိုး၏၊ ကျပ်ခိုးတပုံ၊ စမုံတလီ၊ ‘‘ဆေးနီတပု’’၊ ‘‘ဆေးနက်ပြုလော့၊ ဥတုလည်းရွေး၊ ဖြူဖွေးလှ သည့်၊ ‘‘သွေးဆေး’’ ချိန်ထွေ၊ ဆယ်မူးနေတွင်၊ လင်းလေငါးမူး ရောင်မြူးဝါ ရွှန်း၊ ဆေးဒါန်းတမတ်၊ ကောင်းမြတ်ရှိန်းရို၊ ချိန်လို မတ်ဝက်၊ မူရှိပက်မှ၊ အညက်ကြိတ်၍၊ ရိတ်တွင်သွေ့ဖွဲ့အောင်၊ ဝါစေ့ပမာ၊ လုံးလှန်းရာသည်။ ။‘‘ဆေးဝါရူပ’’သုဝဏ်တည်း။

## ဆေးဖြူ-ဆေးနီ-ဆေးနက် အကျိုးသွား
ဂုဏ်ကိုပြလင်္ကာ

‘‘ဆေးဖြူ’’မှာကား၊ ယောကျ်ား-မိမ္မ၊ကြီးငယ်စသည့်၊ ကာလ ဖျားသစ်၊ ဖျားဟောင်းဖြစ်စေ၊ ဆေးမြစ်အညီ၊ ရာသီအလိုက်၊ ထိုက်ရာဆယ့်နှစ်၊ တမြစ်မြစ်နှင့်၊ မလစ်စွဲမှီ၊ ခွာတ်ဖြောင့်ညီ လျက်၊ ဆေးနီ ပေးရိုး၊ ရေချိုးစားမွား၊ ဆေးဝါးဆိပ်တောက်၊ ရောက်သည်မကြွင်း၊ ဝုပ်အကင်းကြောင့်၊ စိမ့်ခြင်း ချမ်းခြင်း၊ တုန်ခြင်း ထိုပြင်၊ နာစင်နာပေါက်၊ ကျောက်ရောဂါကပ်၊ မီးယပ် ပူငုပ်၊ သိမ်းချုပ်ဆိုရိုး၊ ငန်းအမျိုးကို အခိုးထုတ်ပေါ်၊ သင့်လျော် စွာလျက်၊ ငြိမ်ငြိမ်သက်၏၊ ‘‘ဆေးနက်မှုန့်ကား’’၊ဖျားသန္နိပါတ်၊ ရေငတ်ဝမ်းကျ၊ ပြင်းပြပူလောင်၊ လွတ်ကင်းအောင်ကို၊ ရည် ဆောင်သင့်လျော်၊ ဖျော်ခါတိုက်ပေး၊ လွတ်ကင်းဝေးလိမ့်၊ မဇ မပူ၊ နာမူတလီ၊ ဆေးနီ,ဆေးနက်၊ ထက်ဝက်တန်သည်၊ ညာရည် ဖျော်ရှု၊သုံးစုပြု၍၊တစုတန်သည်၊ ကြိစည်ဘက်စပ်၊တိုက်ပေးအပ် ၏၊မရုပ်ကြောပူ၊ခေါင်းနည်းတူဟု၊ ယယ်သူကြုံလို့၊ ရောဂါမှီသော်၊ ဖြူနီဆေးနက်၊ တချက်ချက်တွင်၊ သက်ရင်းငယ်မွေး၊ တပဆေး လောင်းလေ၊ ရေတော်မွှတ်သစ်၊ ထိုဆေးနှစ်နှင့်၊ ချုပ်ရှစ်ခွဲရည်၊

လောင်းရမည်ကို၊ အရှည်နောင်လာ၊ သိစိမ့်ငှါဟု၊ ဆရာဒေွ ထုတ်၊ ကောက်ရိုက်သည်။ ။ရွှေနွယ်ဖွေးသရကွန်ဘည်း။

## ဆေးဝါကြီး အကျိုးသွား ဂုဏ်ကိုပြလက်ာ

ဆေးဝါ,အုံဘွယ်၊ အကျိုးဝယ်ကား၊ သူငယ်တို့မှာ၊ ရောဂါ ထွက်ဘွဲ၊ သုံးဆယ့်နှစ်ပါး၊ ဆိုသည်များနှင့်၊ ယောကျ်ား မိန်းမ၊ ကြီးငယ်စသည်၊ ကာလရှည်လျား၊ ငမ်းလားသည့်သူ၊ သောက်မူ ချမ်းသာ၊ သူငယ်နာသည်၊ ကြောင်းမှာဘာရေး၊ အစေးအချွဲ၊အပုပ် စွဲသော်၊ ဆေးပုလဲပညာ၊ နှစ်ပါးဖြစ်စေ၊ ပွတ်ရေ အများ၊ ဘပါးဘန်သည်၊ ရေကြည်နှင့်သွေး၊ ဆေးပြု,နို့,နက်၊ တချက် ချက်ကို၊ဘက်သင့်မျှယှဉ်၊ ထုံကျင်သည့်သူ၊ ဖြစ်ခြေမူကား၊ ဆေးပြု မှုန့်ဝယ်၊ ဆယ်ထပ်ခြင်းမရိုး၊ မိုးနံ့သူးခေါက်၊ မှောက်ဆင်ပ်မည်ရှိ၊ မနိုဩဝါ၊ ဥသရုဧပါင်း၊ အရည်းလောင်းသျှက်၊ တိုက်ကောင်းရာ သည်၊ ပွါးစီခိုက်ရန်၊ ထောင်းရိုက်ဒဏ်ကြောင့်၊ အမှန်ဖြစ်စေ၊ တထွေထူးခြား၊ ဖျားချ်ဖြစ်စေ၊ လက်ခြောခုံး၊ ကိုယ်လုံးနာကျင်၊ ကိုက်ခဲလျှင်မူ၊ ဂုဏ်အင်လွန်ကဲ၊ ဆေးပြုထဲတွင်၊ အော်လဲပျံသင်း၊ သက်ရင်းကတိုး၊ နာမျိုးကင်းေး၊တပဆေးမြစ်၊ လောင်းပြီးလစ် မှ၊ပွတ်သစ်နှမ်းဆီ၊ ဒေါ်လီပြုလိမ်း၊ ကျေးဇူးချိန်းလိမ့်၊ ကင်းငြိမ်း အန္တရာယ်၊ အကိုက်ပြယ်သည်။ မှတ်ဘွယ်မှတ်ရန်မှတ်ပုံတည်း။

မီးယပ်တွင်းတွင်၊ သားမိခင်သည်၊ သေရှင်မသိ၊ တုံးသို့ ရှိ လျက်၊ မချိမိန်းမော၊ မဆိုပြောသော်၊ ဝရောသဓါ၊ ဆေးမြတ်စွာ ကား၊ "ဆေးဝါ"မှုန့်ညက်၊ ကိုးကျပ်နက်တွင်၊ တဝတ်ယူကျုံး၊ ညဖျော်သုံးမှ၊ ကိုယ်လုံးလည်းလိမ်း၊ ငယ်ခြိုသိမ်း၍၊ မငြိမ်းမီးခဲ၊ ကပ်အောင်ကြဲလျက်၊ မြင့်မြဲမကြာ၊ ချွေးထွက်ဖြာ၏။ ချမ်းသာ မည့်ရှင်၊ ညမိုးစင်းချုပ်တွင်၊ တိမ်ပုင်လှစ်ခွါ၊ လရောင် ဝါသို့၊ ညိုပြာလွဲ့ညက်၊ သေတွင်းထွက်ကို၊ တဝက်မှန်မှန်၊ ဆေးအကျန် နှင့်၊ အတန်ယူလျက်၊ ရေနွေးကျက်နှင့်၊ တခွက် သောက်စေ၊

လွှတ်ငြိမ်းလေအံ့၊ တထွေသော်လည်း၊ ဤသို့နည်းဖြင့်၊ အဆီး အထန်၊ မီးယပ်ရန်ကြောင့်၊ တုံ့ပြန်ရေရွတ် မဆိုတတ်သော်၊ နှာနှပ်စရာ၊ ဖိုလယ်ပြာနှင့်၊ ဝေလာသာမ၊ အောင်ပွဲရ၍၊ မုက္ခ မသွေ၊ ဒုက္ခဘွေသည်။ ။ဈော့ရေကြာ ပိန်းဘက်နှယ်တည်း၊

သူနာတသွယ်၊ ဗိုးရိုင်ဘွယ်ပင်၊ မရယ်မပြုံး၊ သစ်သား တုံးသို့၊ ကိုယ်လုံးဖွေဖြေ၊ မေးမချေသော်၊ရွေးမျှချိန်လိ၊ "ဆေးရာသီ" ပင်၊အညီထောက်ရှာ၊ မဟာသက်ရင်း၊ရေနွေးသွင်း၍၊ကြိုင်သင်း နှမ်းဆီ၊ "ဆေးရာသီ"ပင်၊ ပြင်ကလည်းအခုပ်၊ ချုပ်ချုပ်ကိုယ်ပူ၊ ဝမ်းကျမှုကား၊ ထိုသူကိုဆေး၊ မတိုက်ပေးလင့်၊သွေးကင်းပြေခါ၊ ချမ်းသာလိမ့်မည်၊ တကြောင်းသည်လည်း၊ ထူးသည့်သဖြင့်၊ ဆင်းရဲမြင့်အောင်၊ မိခင့်ရွှေသား၊မီးမဖွါးသော်၊ ဆေးကားရာသီ၊ ဆီးနှင့်ပြင်က၊ လိမ်းပြီးမှလျှင်၊ တဆနွင်း၊ ဆေးရင်း ရာသီ၊ ဆီနှင့်လုံးပြီး၊ တရွေးကြီးလောက်၊ မီးဖွါးအောင်တမျိုး၊ တနည်း ထိုမှ၊ လက်ကိုယ်ရောင်မူ၊ ငမ်းခေါက်ထုသော်၊ ဆေးဖြူရာသီ၊ သုံးနပ်မှီ၍၊ ဒွန္ဒြီနှပ်ချို၊ လက်ထုပ်တို့ကို၊ သောက်မျို့မပျက်၊ သုံး ရက်တဆေး၊ တိုက်ပေးပျောက်ပြယ်၊ ကြောင်းတသွယ်ကား၊ လူငယ်လူကြီး၊ မီးယပ်ခြေတက်၊ ပါဒရက်ဖြင့်၊ မျော်ရည်ပူယို၊ မျက်ခမ်းတိုလျက်၊ ပြူညိုတိမ်ဘွဲ့၊ စွဲရောက်ခဲ့သော်၊ ဆေးဆုံ နှစ်မည်၊ နှမ်းဆီကြည်နှင့်၊ ရက်လည်အောင်လျှင်၊ လိမ်းပြီးချင် မှ၊ဆင်စွယ်မလွဲ၊ အောင်မဲပြူမြစ်၊ ထိုဆေးနှစ်ကို၊ သူရဇ်နေ့မှာ၊ တခါမကြူး၊ နဖူးမျက်စိ၊ ကွက်ဘိထိုဆေး၊ ဇီဝံတထာ၊ ခုနစ်ခါ သည်။ ။တေစာလီသ ရက်မှန်တည်း။

(မှတ်ချက်) ဤသို့ တခုစီတခုစီ အကျိုးသွား ဂုဏ်တို့ကိုရင်း၊ ပကတိပထဝီစသော ဓာတ်အစာတို့ကိုရင်း၊ ထိုသို့ ပထဝီစသော ဓာတ်တို့၏ လွန်ခြင်းယုတ်ခြင်းတို့ကြောင့် ဓာတ်ဆေးစာပေးသွင်း ပုံတို့ကိုလည်းကောင်း၊ ရှေးရှေးသော ဆရာအပေါင်း တို့သည် သက်ရင်း-အော်လဲ၊ ဆေးပုလဲစသော ဆေးဟူသောဓာတ်တို့ကို

ပေါ်စပ်ပုံ၊ ပေးပုံ၊ ယူပုံ၊ ဆပုံ အသီးသီး တို့ကိုလည်း ကောင်း၊ နည်းမှီ၍ ပြုလုပ်နိုင်ကြစေခြင်းအကျိုးငှါ စုပေါင်း၍ ပြုလိုက်ရပေ၏။ ထိုကဲ့သို့သော ဆေးအကျိုးသွား ဂုဏ်တို့ကို ကြည့်ရှုပြီးလျှင် ထိုဆေးဂုဏ်အကျိုးသွားတို့နှင့် အလားတူ မိမိဘို့မြို့ရွာနယ်ပယ်တို့၌ အလွယ်တကူ အသင့်ယူနိုင်ရနိုင်သော ဆေးမြစ်အပေါင်းတို့ကို စုပေါင်းပေါ်စပ်ပြီးလျှင် ကုသကျွေးမွေးပါက ရလိမ့်မည်ဟု ယူဆမိပါ၏။ ထို့ကြောင့် မိမိတို့လက်၌ရှိနှင့်သော ဈေးဆရာအပေါင်းတို့၏ စုဆောင်း ပေါ်စပ်ထားသော "သွေးဆေး-ငန်းဆေး" စသော ဆေးအပေါင်းတို့ကို တခုစီ တခုစီ ဆေးအကျိုးသွားဂုဏ်တို့ကို တိုက်ဆိုင် ကြည့်ရှုပါက (သွေးဆေး) ပေါ်စပ်ပုံနည်း၊ (ငန်းဆေး) ပေါ်စပ်ပုံ နည်းအပေါင်းတို့ကို မိမိ၏ မျက်ဝါးထင်ထင် တွေ့မြင်ရပေလိမ့်မည်။

နောက်ဆက်တွဲ ပြီး၏။

# ဂမုန်းညွန်း

၁။ ဂမုန်းဖြူကား နနွင်းရွက်ကဲ့သို့ အမြစ်ဖြူ၏။ တနှစ် တပါး ရွှေ့၍ပေါက်၏။ ထိုကို ဂမုန်းလည်ဟုဆို၏။ အဖြူစစ်က နေရာမမြဲရှိ၏။

၂။ ဂမုန်းနီကား ဆိပ်ဖူးရွက်ကဲ့သို့ ပြာလဲ့လဲ့နှင့် ပင်ရင်း နီအုံ။ နနွင်းတောင့်၊ နနွင်းတက်ကဲ့သို့ရှိ၏။ ထုံးမှာ ခပ်သော်နီ၏။ သို့မှစစ်သည်။ ဟင်းသပဒါးကဲ့သို့ နီမှစစ်သည်။ သဗ္ဗရာဇာ၊ အစိမ်း၊ ဖုတ်၊ တချွေ၊ ဘီလူးတို့ကို နိုင်၏။ ဂဝံထု၍ဆောင် ရှိန်းပြီး၏။

၃။ ဂမုန်းနက်ကား နနွင်းဥ နနွင်းရွက် ကဲ့သို့ နက်၏။ ကျောက်မီးသွေးကဲ့သို့ရှိ၏။ သို့မှစစ်သည်။ ကိုယ်၌လိမ်းရသော် ရှိန်းပြီး၏။ ဂငံထု၍ဆောင် ရှိန်းဆာယာ အောင်၏။ ကျား၊ မိကျောင်း၊ မြွေ၊ ကင်း၊ ခွေး၊ ဝက်တို့မှစ၍ မကိုက်စွံ၊အမှုန့်ပြု၍ ကြေးခပ်ပြာကို လင်းအောင်သုံး၍ခပ်၊ ရေနံတွင်သွန်း၊ သုဝဏ္ဏ ဓမ္မစင်စစ်ဖြစ်၏။

၄။ ဂမုန်းကတိုး၏ အဆင်းသဏ္ဌာန်ကား အရွက်လက်ဝါး ခန့် ရှည်ရှည်ဝန်းဝန်း၊ မြေနှင့် တသွာခန့်ရောက်သည်၊ ဈုတ္တိသို့ ကောင်း၏။

၅။ ဂမုန်းခတ္တာကား ဂမုန်းကတိုးရွက်ကဲ့သို့ အရွက်အနား လက်တလုံးခန့် ရေးရေးနီ၏၊ မြေနှင့်ပြာသာဒ်သာ ရောက်သည်၊ ကျောက်တွင်လည်းရောက်၏၊ ခေါင်း ကြက်ဥခန့် ရှိ၏။

၆။ ဂမုန်းခွေးလာကားအရွက်လက်မခန့်၊ မြေတွင်ပြာသာဒ် ရောက်၏၊ ဆိပ်ဖူးရွက်ကဲ့သို့ အသွင် ပြာပြာ မိမ်းစိမ်းညိုညို ရှိသည်၊ ခွေးချစ်တတ်သည် ဆို၏။

၇။ ဂမုန်းကြက်လာကား ဆိပ်ဖူး ရွက်ကဲ့သို့ ရှိသည်၊ ပြာ ချည် စိမ်းချည်ရှိ၏၊ပြာလဲ့လဲ့ဟုလည်း စာတစောင်က ဆိုသည်၊ ကြက်ချစ်တတ်သည်။

၈။ ဂမုန်း ဝက်လာကား ဝမ်းနိုင်၍ ကြောမဲ၏၊ ဝက်ချစ် တတ်၏။

၉။ ဂမုန်းနွားလာကား အကျောညို၍ ဝင်းနိုင်၏၊ ညိုမောင်း တွင် ဖြူပြုပြောက်ပါသည်၊ ဤသုံးဆယ့်လေးပါးသော ဂမုန်း တို့သည် ဆင်ဖူးရွက်နှင့်တူ၍၊ အလာကွဲသည်။

၁၀။ ဂမုန်းပြောက်ကြီးကား နနွင်းပင်နှင့်တူ၏၊ ညိုမောင်း တွင် အဖြူညွှန်းပြောက်ပါသည်။

၁၁။ ဂမုန်း ပြောက်ပေါက်ကား ဆင်ဖူးရွက်ကဲ့သို့ မြေတွင် ပြာသာဒ်ရောက်သည်၊ အရွက်တွင်ညွှန်းပြောက်ရှိလေသည်။

၁၂။ ဂမုန်းရှင်သူပေါ်ကား ဆေးဘလုံးပင်ကဲ့သို့ ငှက်ပျော ရွက်ကဲ့သို့ အဖျား တိတ်ဝန်းဝန်းရှိ၍၊ အရွက်နီ၏၊ ခေါင်းမှာ ပိန်းခေါင်း, ငှက်ပျော ခေါင်းကဲ့သို့ရှိမှ စစ်သည်။ အမှုန့်ပြု၍ ဘင်ကို ဖြူး၍ထိုး၊ နွားချေးရေမှာဆပ်မီးစွေအောင်သွန်၊ ဘင်ပြု၍၊ ဒါန်ကိုဖြူး၊ ဒါန်သော၏။

၁၃။ ရစ် ဂမုန်းကား နနွင်းပင်သဏ္ဌာန် အရွက် နီသည်၊ ပြာပြာ စိမ်းစိမ်း ညွှင်းသေးပြောက် ပါ၍၊ အရွက်ထူသည်၊ အရွက်ဖျား စိမ်းသည်၊ ရုတ္တိသဗ္ဗသို့ပြီး၏၊ ဆောင်သောအခါ စားသောက်တန်ပြန်၊ ထမင်း ဟင်းတွင် သူတထူး မကောင်း ဆေးခပ်ပေးလျှင် အမှုန့်ပြု၍သည့်၊ ရင်းထမင်းသည် နနွင်း သားကဲ့သို့ရှိမှ စားလေ၊ မသေပြီ၊ သေဆေးဟူသမျှ နိုင်၏။ ကျား-မြွေ မကိုက်ငှ။

၁၄။ ဂမုန်း လိပ်မထွာကား ဆိပ်ဖူးရွက်ကဲ့သို့ သဏ္ဌာန် တူသည်၊ ကူကွဲရှိသည်၊ အရွက်ရောင်၍ကျသည်၊ အညွန့်အပင် ရောက်သည်၊ အမြစ်ပေါ်သည်၊ ကျွန်ပြေးတတ်သည်၊ ထမင်း ဟင်းမှာ အမှုန့်ခပ်၍စားလေ၊ မပြေးပြီ၊ ရုတ္တိသို့။

၁၅။ ဂမုန်းလိပ်မှေကား ဇရစ်မပော်ရာနှင့် တူ၏၊ အပင် သေးသေး၊ အရွက်တချပ်တည်း၊ အမြစ်မှာ တလုံးတည်းရှိ၏၊ အရိုးကိုဆိပ်သော် နွဲ့ရေကဲ့သို့ထွက်၏။

၁၆။ ဂမုန်းဆိတ်လာကား ခတ္တာရွက်ကဲ့သို့ ကျော ကျော၊ အမြစ်တမာနှင့် တူ၏။

၁၇။ ဂမုန်းလိပ်လာမှာ ဆိပ်ဖူးရွက်ကဲ့သို့ အတွင်း ဝမ်းက အပြောက်ရှိ၏။ အမြစ်တွင် ပေါက်ပေါက်ရှိ၏ ဟူ၍ ကျမ်းစာ တစောင်ကဆို၏။

၁၈၊ ဂမုန်းသည်းခစင်မှာ ဇလတ္တာငုံကဲ့သို့အမြစ်လုံးလုံးနေ၏။

၁၉။ ဂမုန်းဂေါ်သဇင်မှာ တန်ပြန်ကောင်း၏။ ဆိုခဲ့ပြီးသော ဂမုန်းမျိုးတို့ကို အစဉ် မှန်အောင် စုမူ ရာဇသဗ္ဗဲ့သို့ပြီးတော့ သည်၊ ခြသေ့်၊ ကျား၊ သစ်၊ဆင်၊မြင်း၊ ကျွဲ၊နွား၊နဂါး၊ မိကျောင်း၊ ငံ၊ ဘီလူး၊ တစ္ဆေ၊ ဝနေရက္ခ၊ ဘုမ္မစ္ဆ စသော နတ်ပြိတ္တာတို့ကို နိုင်သည်။

၂၀။ ဂမုန်း ဆင်ကာလကဏ္ဍိမှာ ဆေးတလုံးရွက် ကဲ့သို့ အရွက်ရှိ၏၊ အရွက်ကျောစိမ်း၏။ ဖါးကဲ့သို့ ခေါင်းတွင် အထက် သရက်ကင်းနှင့် တူ၏၊

၂၁။ ဂမုန်း မြင်းကာလကဏ္ဍိမှာ အရိုးအရွက် အကျောနီ၏။ အရွက်တဘက်စိမ်း အထက်ကား သရက်ကင်း ကဲ့သို့ ရှိ၏။

၂၂။ ဂမုန်းလူကာလကဏ္ဍိမှာ အရွက် ကြက်သွန်ဖြူ ကဲ့သို့ ခေါင်းတွင် ဖုံကဲ့သို့ ကြက်ခြေအရာရှိ၏။ ဤဂမုန်းစုကား ရာဇ ဇာတ္တိသို့။ဒါနိလည်း ဖြူ၏။

၂၃။ ဂမုန်းမမှာ ရွှေသားသဏ္ဌာန် အလုံး ဝင်ရိုးဖျားကဲ့သို့ ရှိ၏။ ကြောင်ပန်း ရှားဖောင်းပင်တွင် ရောက်၏။

၂၄။ ဂမုန်း ကြက်တောင်ဇင်မှာ ကြက်ကဲ့သို့ အရင်း စိစိ အဖျားဖွာဖွာရှိ၏။ ရွက်စိမ်းပြာပြာစုစု ရှိ၏။ အမြစ် ခြခေါင်းကဲ့သို့ ရှိ၏။ အရွက်ဖျား ခပ်ချွန်ချွန်ရှိ၏။

၂၅။ ဂမုန်း ကြက်တောင်မှာ ကြက်တောင် သဏ္ဌာန် ရှိ၍ အရွက် ချွန်းချွန်း၊ ခေါင်းတလုံးတည်း၊ ရှစ်ရှား ငွေးသီးကဲ့သို့ ရှိ၏။

၂၆။ ဂမုန်းသင်္ဘောစင်မှာ ဆေးဘာလုံးပင်နှင့် တူ၏။ တပင်လုံး အရိုးကို ဆိပ်သော် နွားရကဲ့သို့ အမြူ-အနံ့ရှိ၏။

၂၇။ ဂမုန်းစမွာစုမှာ နွားမြက်ရင်းကဲ့သို့ အရေး သွယ်၏။ သဏ္ဌာန်တူ၏၊ အရွက် ခင်ညှ၊ အရိုးခင်ဆင်းစိမ်း၊ အမြစ်စုစု လုံးလုံးရှိ၏။

၂၈။ ဂမုန်း ကြက်ဖောင်းကား အရွက် ကြက်ဖောင်ပုံ သဏ္ဌာန် ကြက်ဖောင်စည်းကဲ့သို့ သွယ်သွယ် နီကျန်ကျန်ရှိ၏။

၂၉။ ဂမုန်းလက်ညှိုးမှာ လက်ညှိုး သဏ္ဌာန် ခေါင်းခေါင်း ရှိ၏၊ ကျောက်တွင် သင်ပင်တွင် ပေါက်၏။

၃၀။ ဂမုန်းကြက်မီးမှာ ကြက်မီးသဏ္ဌာန် သွယ်သွယ် သပ် သပ်ရှိ၏၊ အရွက်မရှိ၊ ကျောက် သစ်ပင်တွင် ပေါက်၏။

၃၁။ ဂမုန်း ကျီးခြေမှာ အပင်သေးသေး၊ ကျီးခြေသဏ္ဌာန် အခက်နှစ်ခွ၊ အပင်ဘမိုက်ဘည့်၊ အခက်ပင်ဘေးတွင် ပေါက်၏။

၃၂။ ဂမုန်းကျေးခြေမှာ ကျေးခြေသဏ္ဌာန် သွယ်သွယ်ရှိ၏၊ ကျောက်တွင်ပေါက်၏။

၃၃။ ဂမုန်းသံဆက်မှာ လက်ဆက်လည်းဆို၏၊ သံဆက်နှင့် တူ၏။ အမြစ်ထွေးထွေး သိမ်သိမ်၊ အရွက်မရှိ၊ အရွက်ပင်ကဲ့သို့ အပြုအနံ့နှစ်ပါးရှိ၏။

၃၄။ ဂမုန်းကျောက်ပုံမှာ ကြောင်လည်းဟူ၍ စတတပေါင်ကာ ဆို၏။

၃၅။ ဂမုန်း ကိုယ်ရံကြီးကား ခညာပင်နှင့် တူ၏။ အရွက် ဆပ်သွားရွက်ကဲ့သို့ ကြီးသည်။ ခေါင်းကြက်သွန်မြုခန့် ရှိ၏၊ သင်္ဘောစင်ဂမုန်း, ကျောက်ပုံ, ကျေးမီး, ကိုယ်ရံကြီး, ခညာ, ကျောက်လိပ်, မြွေ, ဆိတ်နို့, ငုံးဂမုန်းမျိုးကိုသည် ဒါန်ပြု၏။

၃၆။ ဂမုန်းရန်မိမှာ ခညာရွက်နှင့်တွင် သေးသေးရှိသည်၊ အပင်မကို အပင်ငယ်များပတ်ရံသည်၊ တခါခါလျှင် ဘာက်သာ ရှိသည်။

၃၇။ ဂမုန်း ရန်လွတ်မှာ ရန်မိုးနှင့် အတူတူတဝက်သာရှိသည်၊ တဝက်ကြွင်းသည်၊ တခါခါလည်းရှိ၏၊ ရုံလွတ်ကိုသိလိုမူ သစ်သားကို ခြံပတ်လည်စိုက်၊ တနှစ်လည်သော် ပြင်မှာပေါက်၊ သို့မှ စစ်သည်၊ ၃-လ တကြိမ်, ၇-လ တကြိမ် လည်း၍သောက်ရန်လွတ်၊ စစ်လှသည်၊ ရန်သူပိုင်းမိသော်လည်း ထောင်သောင်းမိုလ်တွင် ထွက်နိုင်သည်မှတ်လေ။

၃၈။ ဂမုန်းခတ္တာဖြူမှာ ခတ္တာပင်ကို ဆိုသည်။

၃၉။ ဂမုန်းခဍ္ဍာရွှေမှာ ခတ္တာပင်နွယ်တွင် နနွင်းသားကဲ့သို့ရှိသည်၊ နာဖြူ၏၊ စက်၏၊ ကန့်ချုပ်နှီ, စွန်လက်သဲကဲ့သို့ ဆိပ်ခြည်သရက်ကောင်းနှင့် ၇-ရက်စိမ်ပြီးလျှင် အမှုန့်ပြု၍ အရေဝင်အောင်ထိုး၊ စိမ်ရေတွင် အဖန်များစွာသွန်၊ နာသေ၏။

၄၀။ ဂမုန်းလဝန်းမှာ ခေါင်းကြွက်သွန်ဖြူ၊ အရွက်ကားဂန့်ဂေါ်ပိတောက်တို့ကဲ့သို့ ခတ္တာခတောက်ကဲ့သို့ စာတစောင်ကဆိုသည်။ အရွက်တည့်ရှိ၏။ အမြစ်မှာ အစုလုံး ရုံးရုံးရှိ၏။ အညွန့်တိုင်း အဆစ်တွင် အမြစ်ရောက်၏။ အပင်အညွန့်တိုင်းထွက်၏။ အညွန့်ထွက်တိုင်းလည်း အမြစ်ရောက်၏။

၄၁။ ဂမုန်းနီ, ရစ်ဂမုန်း, ဂမုန်းကတိုး, ဂမုန်းလိပ်မထွာ, ဂမုန်းလဝန်း, ဂမုန်းပြာသာဒ်,ဤဂမုန်းတို့သည် ပိယသိဒ္ဓိပြီး၏။

၄၂။ ဂမုန်းသဘော်,ကာလကဏ္ဍိ, လူကာလကဏ္ဍိ, မြင်းကာလကဏ္ဍိ, ဆင်ကာလကဏ္ဍိ, ဤဂမုန်းတို့သည် ရာဇသဗ္ဗဇုတ္တိသို့ပြီး၏။

၄၃။ ဂမုန်းခတ္တာရွှေမှာ မိကျောင်းသည်းခြေ, စပါးကြီးသည်းခြေ, ကြောင်လျှာမြစ်,ဤဆေးစုနှင့် ကြိတ်ပြီးလျှင် ကြေးနီတွင်ပစ်၊ ရေနံနှင့် ဆေးကိုဖျော်၍ သွန်၊ သုဝဏ္ဏဖြစ်၏။ ဂန္ဓမာလာက သို့ပြီး၏။

ဂမုန်းညွှန်းပြီး၏။

# ကျောက်ညွှန်း

၁။ ဂေါ်ဓိကျောက်သည် ဆင်ဦးတောင်တွင် ရှိ၏၊ ၎င်းကျောက်၏ အဆင်းကား သပိတ်လုံးကဲ့သို့ တဘက်အပြားဖြင့် အလုံးအလုံးရှိ၏။ ၎င်းကျောက်ကိုခွဲသော် အထဲက ရွှေရွှေဝါဝါ ပြိုးပြိုးပြောင်ပြောင် ရှိ၏။

၂။ ဂေါ်ဓိသလင်း ကျောက်သည် ဖအုန်းစိပုတ္တရာ အရှေ့မြောက် ချောင်းဦးရှိ၏။ အဆင်းကား စိမ်းစိမ်းပြာပြာရှိ၏။ လက်လက်ချင်းချင်းရှိ၏။ အမှုန့်ကြိတ်၍ သုတနှင့်စရနယ်ဝင်၏။ ခံနှင့် ခွေးခွေးချက် အခဲရ၏။ ၎င်းကို အောက်အထက်နှိုး၍သုံး သုဘ သေ၏၊ ၎င်းက တရွေးယူ၍ ဒါန်တဆယ်တွင်ပစ် ငွေခမ္မဖြစ်၏။

၃။ ဥဒေါင်းမျက်စိကျောက်သည် ကျွဲချိုတောင်တွင် ရှိ၏။ အဆင်းကား ဝင်းဝင်းစိမ်းစိမ်း အစွန်းနှင့်ရှိ၏။ ၎င်းကျောက် မှုန့်တဆယ်၊ သုတ တကျပ်၊ သံပုရာရေနှင့် စရနယ်-သုတာဝင်၏။ ယခင်ကျောက်ကိုပင်၊ အထက်အောက်နှိုး၍ထိုး၊ သုတသေ၏။ ပြာကျ၏၊ ဘင်တဆယ်မှာ တရွေးပစ်၊ သုဝဏ္ဏခမ္မဖြစ်၏။

၄။ မိးသွေးကျောက်သည် မြင်းခွါတောင်တွင်ရှိ၏။ အဆင်းကား မိးသွေးကဲ့သို့ နက်နက် ကြောကြော အရိပ်နှင့်ရှိ၏။ ၎င်းကျောက်နှင့် နာကိုအထက်အောက် နှိုး၍ထိုး။ နာသုသေ၏။ ၎င်းနာတပဲကို သွတ်ဝါတဆယ်တွင်ပစ်၊ သုဝဏ္ဏခမ္မ စစ်တည်း။

၅။ ကျောက်ရှိသည် ထင်းရူးတောင်တွင်ရှိ၏။ အဆင်းကား လုံးလုံး တဘက်ပြား အစွန်းနှင့်ရှိ၏။ ၎င်းကျောက်နှင့် ကြေးနီကို အထက်အောက် နှိုး၍ထိုး၊ သုဝဏ္ဏတည်း။

၆။ ကျောက်ကျွဲသဲသည် ဒန့်သကူး တောင့်တွင် ရှိ၏။ အဆင်းကား နီနီ ညိုညို နက်မှောင်သော အဆင်းရှိ၏။ ၎င်းကျောက်နှင့် လောဟာကို အထက်အောက် နှိုး၍ထိုး။ လောဟာကြေ၏။ တဆယ်တွင် တပဲပစ်။ သုဝဏ္ဏခမ္မစစ် ဖြစ်၏။

၇။ ကျောက် ကွမ်းသီးသည် ရေတံခွန်တောင်တွင် ရှိ၏။ ၎င်းကျောက်၏ အဆင်းကား နီနီညိုညိုရှိ၏၊ ခွဲ၍ကြည့်သော် အသားကား ပုဇွန်ဆီကဲ့သို့ ရှိ၏။နာကို အထက်အောက်နှီး၍ထိုး၊ နာကား သုဝဏ္ဏခမ္မစစ် ဖြစ်၏။

၈။ ကျောက်ဆိတ်နို့သည် နတ်ကတိုး တောင်တွင် ရှိ၏။ အဆင်းကား လက်ညှိုးကဲ့သို့ အချောင်း အချောင်းရှိ၏။ ဖွေးဖွေး ဆွတ်ဆွတ်ရှိ၏။ ခပ်ပြာကို အောက်အထက်နှီး၍ထိုး၊ ထုံးဖြစ်၏။ ၎င်း ထုံးကို သုဘာနှင့်စရုနယ်ဝင်၏။ ယခင်ကျောက်ကို အောက်အ ထက်နှီး၍ထိုး၊ ဖြန့်သုတာသေ၏။ ပြာကျ၏။ ဘင်တဆယ်တွင် တရွေးပစ်၊ သုဝဏ္ဏခမ္မစစ် ဖြစ်၏။

၉။ ပတ္တမြားဂုဏ်ကျောက်သည် စေတီလှ တောင်တွင် ရှိ၏။ ကျောက်အဆင်းကား လုံးလုံးလျားလျားရှိ၏။ ခွဲသော် အသား ကား နာဂဒွေ့ခွဲစိမ်းကဲ့သို့ရှိ၏။ ဘော်ကိုအောက်အထက် နှီး၍ထိုး၊ ဘော်သည် တုံးလုံးသေ၏။ ဘင်တဆယ်ကို တပဲပစ်၊ သုဝဏ္ဏ ခမ္မစစ် ဖြစ်၏။

၁၀။ အနုလောဟကျောက်သည် မှန်ကင်းတောင်တွင် ရှိ၏။ ကျောက်အဆင်းကား အပေါ်က ထုံးကျောက်ကဲ့သို့ ရှိ၏။ ခွဲသော် ဝါ၏။ အရစ်ရစ် အဇွိမ်နှင့် လုံးလုံးရှိ၏။ ခေါက်သေး ပါးကိုအောက်အထက်နှီး၍ထိုး၊ခတ်ပေါင်းပြာကျ၏။နာကဆယ် ကို တပဲပစ်၊ သုဝဏ္ဏခမ္မစစ် ဖြစ်၏။

၁၁။ ကျောက်ရေဆီသည် ရွှေမာလာတောင်တွင်ရှိ၏။ ၎င်း ကျောက်၏ အဆင်းကား ဖွေးဖွေးဖြူဖြူရှိ၏။ ခွဲသော် အဆင်း ကား ကြက်ဥနှစ်ကဲ့သို့ရှိ၏။ သုတသွင်း၍ စရုနယ်ဝင်၏။ ယခင် ကျောက်ကို အောက်အထက်နှီး၍ထိုး၊ သုတသေ၏။ ပြာကျ၏။ ဘင်တဆယ်တွင် တရွေးပစ် သုဝဏ္ဏခမ္မစစ် ဖြစ်၏။

၁၂။ သယံဇာတကျောက်သည် နှလုံးတောင်တွင်ရှိ၏။ ကျောက်အဆင်းကား သံကျောက်ကဲ့သို့ အဖျော့ခံနိုင်ရှိ၏။ သံကိုးအခေါက် အထက်နှိုးပြီးလျှင်၊ သံကား ဓာတ်သို့ဖြစ်၏။

၁၃။ နာဂ သလလာ ကျောက်သည် ကာကုသန် တောင်တွင် ရှိ၏။ ကျောက်အဆင်းကား နှာကဲ့သို့ အဖျော့ခံနိုင်ရှိ၏။ နှာကို အခေါက်အထက် နှိုးပြီးလျှင် ရွှင်းနှာကား ဘော်ကဲ့သို့ဖြစ်၏။

၁၄။ နာဂ ဒိဋ္ဌိုး ကျောက်သည် စကြာတောင်တွင် ရှိ၏။ ကျောက်အဆင်းကား မြွေမျှော်သော်တွေ အဖျော့ခံနိုင်ရှိ၏။ တဆယ်ကို အခေါက်အထက် နှိုးပြီးလျှင် ဘင်ကားဘော်ဖြစ်၏။

၁၅။ ကျောက်ဥမှိုင်းသည် စလုံးတောင်တွင်ရှိ၏။ ကျောက်အဆင်းကား ဥမှိုင်းဘောင်ကဲ့သို့ ဆွတ်ဆွတ်ရှိ၏။ ငွေကြာ အခေါက် အထက်နှိုးပြီးလျှင်၊ သလွှကား လက်ျာအလိုမြင်ဖြစ်၏။

၁၆။ တာလမ်ဇကျောက်သည် ချင်းတွင်း အနောက်တောင်တွင်ရှိ၏။ ကျောက်ကြီးပဲတွင် ထန်းစေ့ကဲ့သို့ အဖျော့ခံနိုင်ရှိ၏။ ကျောက်အဆင်းကား ~~မင်းသင်္ချိုင်းကြီးရှိသည်~~ ဒါနုကိုအခေါက် အထက်နှိုးပြီးလျှင်၊ ဒါနုကားအောက်ကျ၏။

ကျောက်ဥဒ်နှိုးသုံးနည်း ပြီး၏။